ကြေးမုံ The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်၊ စနေနေ့ (14-6-2014) (၇၇၇၁)

ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းကြောင့် ပြည်သူအားအနှောင့်အယှက်ဖြစ်စေခြင်းမှကာကွယ်ရန် ဥပဒေပြဋ္ဌာန်းထား

ပြည်သူ့လွှတ်တော်အစည်းအဝေး (စာမျက်နှာ-၇)

ငွေကြေးဖောင်းပွမှုတည်ငြိမ်စေရန် မူဝါဒချမှတ်ပေးရန် အဆိုတင်၊ လုပ်ငန်းအရည်အသွေးကောင်းမွန်ရေးကြီးကြပ်ဆောင်ရွက်

အမျိုးသားလွှတ်တော်အစည်းအဝေး (စာမျက်နှာ-၇)

ပညာရေးပြုပြင်ပြောင်းလဲမှု ပိုမိုတိုးတက်ကောင်းမွန်လာစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇွန် ၁၃

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ စစ်တွေတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ် ဒေါက်တာတင်မောင်ထွန်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် အဓိကကျသည့် အရည်အသွေးမူဘောင်နှင့်အညီ ပိုပိုပြင်ပြင်ကျင့်သုံးနိုင်ရေးအတွက် ဆောင်ရွက်သွားနိုင်ရန် လိုအပ်ပါကြောင်း၊ အလားတူ စီမံခန့်ခွဲမှုအပိုင်းတွင်လည်း တက္ကသိုလ်များ၏ စီမံခန့်ခွဲမှုပုံစံပြောင်းလဲရန် လိုအပ်လာပါကြောင်း၊ ယင်းသို့ ပြောင်းလဲရာတွင် မိမိတို့၏ အရည်အသွေးကို တိုးတက်လာစေရန် ဆောင်ရွက်ထားကြရန်လိုပါကြောင်း၊ ဆောင်ရွက်ရာတွင်လည်း အပြိုင်အဆိုင် တိုးတက်မှုနှုန်း မြင့်မားတိုးတက်လာစေရန် လုပ်ဆောင်သင့်ပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ပညာရေးကဏ္ဍ၏ အခြေခံအဆောက်အအုံကောင်းများ ပေါ်ပေါက်လာစေရေးအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ကြွယ်ဝလာစေရေးအတွက် အစွမ်းကုန်အားထုတ် ကြိုးပမ်းသွားကြရမည်ဖြစ်ပါကြောင်း၊ ပညာရေးကို မြှင့်တင်ပေးရန်အတွက် အခြေခံအကျဆုံး လိုအပ်ချက်မှာ မြို့နယ်အလိုက် မိမိတို့မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသည့် ကျောင်းနေအရွယ်ကလေးသူငယ်များ **စာမျက်နှာ ၈ ကော်လံ ၁ သို့ ✳**

ယနေ့

မာတိကာ

ပြည်သူများကြား ပေါင်းကူးတံတား
စာမျက်နှာ - ၂

လွတ်လပ်မှုလည်းရယူပါ၊ ကျင့်ဝတ်သိက္ခာလည်း စောင့်ထိန်းပါ
စာမျက်နှာ - ၆

ပထမမြန်မာ့ရုပ်မြင်သံကြား ကာတွန်းရုပ်ရှင် ရိုးသားတဲ့ ဖိုးသွား
စာမျက်နှာ - ၁၂

ကော့သောင်းမြို့တွင် မိုးသည်းထန်၊ လေပြင်းတိုက်လှိုင်းထန်ကာ ကမ်းပါးပြို ဖုန်းတိုင်၊ လျှပ်စစ်ဓာတ်အားပေးတိုင်များနှင့် သစ်ပင်များ ပြိုလဲ

ကော့သောင်း ဇွန် ၁၃

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့တွင် ဇွန် ၁၃ ရက် နံနက် ၃ နာရီခန့်မှစတင်ကာ မိုးသည်းထန်စွာရွာသွန်း၍ လေပြင်းများတိုက်ခတ်ရာ နံနက်လင်းအားကြီးချိန်တွင် နာရေးကူညီမှုအသင်းရုံးရှေ့ရှိ တည်းပင်မှာ ဖုန်းကြိုးများပေါ်သို့ ပြိုလဲပိကျခြင်း၊ အေးရိပ်ငြိမ်ရပ်ကွက် မြရည်ပုလဲလမ်းနှင့် အေးမြကန်သာရပ်ကွက် ဗိုလ်ချုပ်လမ်းဘေးရှိ ဓာတ်အားပေးတိုင်များလဲကျခြင်း၊ သီရိမြိုင်ရပ်ကွက် ပင်လယ်ကမ်းစပ်တွင် လှိုင်းထန်သဖြင့် ကမ်းပါးပြိုကျပြီး ကားလမ်းပေါ် ရေကျော်ခြင်း၊ ကော့သောင်းမြို့တွင်းသို့ သွယ်တန်းထားသည့် ဖိုင်ဘာကေဘယ် တယ်လီဖုန်းကြိုးလိုင်းများပေါ်သို့ အပင်များပြိုလဲပိကျခြင်း၊ ပုလုံးတုံးတုံးကျေးရွာသို့ ဆက်သွယ်ထားသည့် သစ်သားတံတားလက်ရန်းများ ပြုတ်ထွက်ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

အလားတူ ကော့သောင်းမြို့နယ် စူငယ်ဘာလိုင်းကျေးရွာအုပ်စု ကံပုံမာတန်းကျေးရွာ ပင်လယ်ကမ်းစပ်ရှိ ပင်လယ်ရေလုပ်သားများနေထိုင်သည့် နေအိမ်လေးလုံးပြိုကျခြင်း၊ ရေဆင်းသစ်သားတံတားငယ် နှစ်စင်းပြိုကျမှုတို့ဖြစ်ပွားကြောင်း ကျေးရွာမှရရှိသည့် တယ်လီဖုန်းသတင်းအရ သိရသည်။

အဆိုပါဖြစ်စဉ်များအတွင်း သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများ၊ မြို့နေပြည်သူများ၏ ပူးပေါင်းပါဝင်ကူညီပြင်ဆင်မှုကြောင့် ဓာတ်အားလိုင်းများ ခေတ္တသာပြတ်တောက်ခဲ့ရပြီး ဖုန်းလိုင်းများပြတ်တောက်ခြင်းမရှိဘဲ ပျက်စီးဆုံးရှုံးမှု အနည်းငယ်မျှဖြစ်ပေါ်ခဲ့သည်မှလွဲ၍ လူသေဆုံးမှုမရှိကြောင်း သိရသည်။

ဒေသခံတာဝန်ရှိအဖွဲ့အစည်းများက ကော့သောင်းမြို့ ပင်လယ်ကမ်းစပ်များတွင်နေထိုင်သည့် ပြည်သူများ၊ ပင်လယ်ခရီးသွားလုပ်ငန်းများ၊ ငါးဖမ်းရေယာဉ်များအား သတိထားနိုင်ရန် အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော်မှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**

ကျော်စိုး(ကော့သောင်း)

ကြေးမုံ စာတည်းရှုထောင့် ၁၄-၆-၂၀၁၄ [စနေနေ့]

ပြည်သူများကြား ပေါင်းကူးတံတား

မီဒီယာသည် သတင်းအချက်အလက်များ ဖြန့်ဝေရာတွင် အလွန်ထိရောက်သော လက်နက်ဖြစ်သည်။ ပြည်သူများအား အသိအမြင်ဗဟုသုတများ အလွယ်တကူပို့ဆောင်ပေးနိုင်သည်။ ပြည်တွင်း၌သာမက အာဆီယံဒေသတွင်းနှင့် နိုင်ငံတကာသို့ပါ အလျင်အမြန်ရောက်ရှိအောင် ဖြန့်ဝေပေးနိုင်သည်။

ယခုကျင်းပပြီးစီးခဲ့သော (၁၂)ကြိမ်မြောက် အာဆီယံပြန်ကြားရေးဝန်ကြီးများ အစည်းအဝေးတွင် "ငြိမ်းချမ်းဝေစည် အသိုက်အဝန်းဆီသို့ လူမှုတာဝန်သိသော မီဒီယာဖြင့် လှမ်းချီစို့" (Socially Responsible Media for peace and prosperous community) ဆောင်ပုဒ်နှင့်အညီ အာဆီယံအသိုက်အဝန်းနှင့် လူမှုတာဝန်သိသော မီဒီယာမြှင့်တင်ရေးအတွက် မီဒီယာအရေးပါပုံကို အလေးအနက်ထား ဆွေးနွေးနိုင်ခဲ့သည်။

သတင်းအချက်အလက်နှင့် မီဒီယာကိုမြှင့်တင်ခြင်းသည် အာဆီယံပြည်သူများ သတင်းအချက်အလက်များကို ပိုမိုလက်လှမ်းမီမည်။ ကွဲပြားသော မီဒီယာများနှင့် လူမှုရုပ်မြင်သံကြား ထုတ်လွှင့်သူများမှတစ်ဆင့် အာဆီယံပြည်သူများ ဆက်ဆံရေးကို မြှင့်တင်နိုင်မည်ဖြစ်၍ အကျိုးများလှသည်။

အာဆီယံပြည်သူများအတွက် အာဆီယံ၏ ဓလေ့ထုံးတမ်းအစဉ်အလာနှင့် တန်ဖိုးများကို မြှင့်တင်ရာတွင် မီဒီယာသည် အရေးပါသော ဆက်သွယ်ရေးလမ်းကြောင်းဖြစ်သည်။ ထို့အပြင် အာဆီယံပြည်သူများအကြား ချစ်ခင်ရင်းနှီးမှုနှင့် နားလည်မှုမြှင့်တင်ရန် ပေါင်းကူးတံတားလည်းဖြစ်သည်။ ထို့ကြောင့် အာဆီယံအတွင်း မီဒီယာအပြန်အလှန်ချိတ်ဆက်မှုသည် အာဆီယံအသိုက်အဝန်းအတွက် အရေးပါသောကဏ္ဍဖြစ်လာသည်။

လက်ရှိအချိန်တွင် မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများ၌ မကြုံဖူးသော ပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်လျက်ရှိသည်။ ပြည်သူများအသိပညာမြှင့်တင်ရေးအတွက် ထိုတိုးတက်ဖြစ်ထွန်းမှုသတင်းအချက်အလက်များကို ဖြန့်ဝေပေးကြရမည်။ ယင်းသည် အစိုးရနှင့် ပြည်သူများအကြား ပိုမိုရင်းနှီးမှုရရှိစေရန် မီဒီယာကဏ္ဍကလုပ်ဆောင်ပေးခြင်းဖြစ်သည်။ မြန်မာပြည်သူများနှင့် လိုက်လျောညီထွေရှိသော မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဖြစ်၍ အလေးထားလုပ်ဆောင်ကြခြင်းဖြစ်သည်။

လူမှုတာဝန်သိသော မီဒီယာဖော်ဆောင်ရေးတွင် မရှိမဖြစ်လိုအပ်သော မီဒီယာလွတ်လပ်မှုရရှိရေးသည် အထူးအရေးပါသလို ချောမွေ့သွက်လက်ပြီး စည်းကမ်းရှိသော မီဒီယာဖော်ဆောင်ရေး ရည်မှန်းချက်ဖြင့် မီဒီယာ ဥပဒေသစ်ပြဋ္ဌာန်းထားသည်ကိုလည်း သိရှိထားရမည်။ လက်ရှိတွင် အစိုးရအနေဖြင့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး မီဒီယာဖွံ့ဖြိုးတိုးတက်မှုနှီးနှောဖလှယ်ပွဲများ၊ အသက်မွေးဝမ်းကျောင်းပညာ သတင်းစာပညာ သင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

ထို့အပြင် မီဒီယာကျင့်ဝတ်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာပါဝင်ပတ်သက်သူများအားလုံးကို အားပေးလျက်ရှိသည်။ နိုင်ငံတော်က မီဒီယာဘက်ဆိုင်ရာပုဂ္ဂိုလ်များအတွက် ဖြည့်စွက်ပညာရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်မည်ဖြစ်သလို ပွင့်လင်းမြင်သာမှုရှိသော မီဒီယာနှင့် လူမှုတာဝန်သိမှုတို့ သဟဇာတဖြစ်ရေးအတွက်လည်း သက်ဆိုင်သူတို့က တာဝန်သိသိပူးပေါင်းပါဝင် ဆောင်ရွက်မှုလိုအပ်သည်။

ယခုကျင်းပပြီးစီးခဲ့သော အာဆီယံပြန်ကြားရေးဝန်ကြီးများအစည်းအဝေးတွင် ငြိမ်းချမ်းကြွယ်ဝသော အာဆီယံအသိုက်အဝန်းတစ်ရပ်အတွက် လူမှုတာဝန်သိသော မီဒီယာဆိုင်ရာကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ လူမှုတာဝန်သိသောမီဒီယာကို ၂၀၁၂ ခုနှစ်ကတည်းက မြန်မာနိုင်ငံတွင် ဖော်ဆောင်လျက်ရှိသည်။ စာနယ်ဇင်း လွတ်လပ်မှုသည် လူမှုတာဝန်သိသော မီဒီယာပုံစံဖြင့်သာ ဖော်ဆောင်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရရှိနေပြီဖြစ်သော လူမှုတာဝန်သိသောမီဒီယာဖြစ်ထွန်းစေရန်အတွက် ပြဋ္ဌာန်းထားသော စာနယ်ဇင်းကျင့်ဝတ်များကို မီဒီယာလောကသားအားလုံး လိုက်နာကျင့်သုံးကြရမည်ဖြစ်သည်။ လူမှုတာဝန်သိသော မီဒီယာပုံစံသည် မြန်မာနိုင်ငံအတွက်သာမက အာဆီယံအသိုက်အဝန်းကို သဟဇာတဖြစ်သည့် လူ့အဖွဲ့အစည်းဖြစ်အောင် ဆောင်ရွက်ပေးနိုင်သည့် နည်းလမ်းဖြစ်သည့်အတွက် အားလုံးပူးပေါင်း အကောင်အထည်ဖော်သွားကြရမည်ဖြစ်သည်။ ။

ရထားလမ်းပိုင်းများ ကြံ့ခိုင်ကောင်းမွန်ရေး၊ ဘူတာနယ်မြေများ ဘက်စုံဖွံ့ဖြိုးရေး၊ ခရီးသွားလုပ်ငန်းအထောက်အကူပြုရေးတို့ကို အားမြှင့်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၁၃

ခရီးသွားလုပ်ငန်းဆွဲဆောင်မှုတစ်ရပ်အဖြစ် ပုဂံ-ကျောက်ပန်းတောင်း လမ်းပိုင်းတွင်ပြေးဆွဲမည့် ရေနွေးငွေ့စက်ခေါင်း ရထားစမ်းသပ်မောင်းနှင်မှုကို ဇွန် ၁၂ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးကြည့်ရှုစစ်ဆေးပြီး တင်ဒါစိစစ်မှုများပြီးစီးချိန်တွင် ရထားအသင့်အသုံးပြုနိုင်ရန် မှာကြားသည်။

ထို့နောက် ပုဂံဘူတာနယ်မြေ ဘက်စုံဖွံ့ဖြိုးရေးနှင့် ဝင်ငွေတိုးတက်ရေးအတွက် စစ်ဆေးမှုများပြုလုပ်ကာ ပုဂံဘူတာအစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဌာနပေါင်းစုံမှ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။ ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုအစိုးရ၏ ပြည်သူဗဟိုပြု ပြောင်းလဲမှုများကို အောက်ခြေဝန်ထမ်းအဆင့်ဆင့် သိရှိနားလည်လိုက်ပါဆောင်ရွက်ရေးနှင့် အစိုးရသည် ကာလထူးခြားသော ပြုပြင်ပြောင်းလဲအောင်မြင်မှုများ၊ ဝန်ထမ်းအဆင့်ဆင့်၏ နားလည်သဘောပေါက်မှု ပူးပေါင်းဆောင်ရွက်မှုဖြင့် အောင်မြင်မှုရရှိရန် ကြိုးပမ်းဆဲ၊ ကြိုးပမ်းရဦးမည့်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကာ ဝန်ထမ်းများ၏တင်ပြမှုများကို ဖြည့်ဆည်းဆောင်ရွက်ခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ပုဂံ-ကျောက်ပန်းတောင်း-တောင်တွင်းကြီး-ပြည်-ရန်ကုန် လမ်းတစ်လျှောက် ရထားဖြင့်လိုက်ပါ၍ လမ်းတံတား၊ ဘူတာယာဒ်ဝန်း ကြံ့ခိုင်မှုအဆင့်မြှင့်တင်ဆောင်ရွက်နေမှုများကို စစ်ဆေးကြည့်ရှုသည်။

ဇွန် ၁၃ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုက်ကြီးဘူတာနှင့် ဝါးနက်ချောင်း ဘူတာအကြား၊ မိုင်တိုင်အမှတ်(၃၄/၁၉-၂၀)ကြားတွင် ရထားခုန်ခြင်း၊ လူးလွန့်လှုပ်ခါခြင်းများသက်သာစေရန်အတွက် သံလမ်းဂဟေဆက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ခရီးသည်များ အန္တရာယ်ကင်းရှင်းရေး စစ်ဆေးဆောင်ရွက်

လားရှိုး ဇွန် ၁၃

လားရှိုးမြို့ မန်ဆူအဝေးပြေးကားဝင်းတွင် ခရီးသည်တင်ထွက်ခွာမည့် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများမှ မော်တော်ယာဉ်များ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေးအတွက် မော်တော်ယာဉ်များ ခရီးစဉ်မထွက်ခွာမီ ယာဉ်၊ ယာဉ်မောင်းနှင့် သက်ဆိုင်သည့် အချက်အလက်များဖြစ်သည့် လုပ်ငန်းလိုင်စင်၊ မီးသတ်ဆေးဘူးထားရှိမှု၊ အရေးပေါ်ထွက်ပေါက် အသုံးပြု၍ရ မရ၊ အမိုးပေါ် Slide Door၊ ယာဉ်မောင်းနှစ်ဦး၊ ယာဉ်နောက်လိုက်၊ အရေးပေါ် မှန်ခွဲရန် တူ၊ ပုဆိန်၊ ရောင်ပြန်ပြားတို့ ပါ မပါ၊ တာယာကောင်း မကောင်း၊ အရက်သေစာ သောက်စားမှု ရှိ မရှိ စသည်တို့အား ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ယာဉ်ထိန်း၊ မီးသတ်၊ ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးကော်မတီများပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် မေ ၂၁ ရက်မှစတင်၍ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇော်လွင်(လားရှိုး)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇွန် ၁၃

ရန်ကုန်	ရွှေဈေး	၆၅၆၄၀၀	- ၆၅၆၉၀၀
မန္တလေး	ရွှေဈေး	၆၅၆၃၀၀	- ၆၅၆၈၀၀

စက်သုံးဆီဈေးနှုန်း

(က) ဒီဇယ်	တစ်လီတာ	၉၅၀	ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၁၁၄၀	ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၉၃၀	ကျပ်
(ဃ) ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က) အမေရိကန်	တစ်ဒေါ်လာ	= ၉၆၇. ၀၀
(ခ) ဥရောပ	တစ်ယူရို	= ၁၃၁၀. ၇
(ဂ) တရုတ်	တစ်ယွမ်	= ၁၅၅. ၅၀
(ဃ) ထိုင်း	တစ်ဘတ်	= ၂၉. ၈၀၉
(င) မလေးရှား	တစ်ရင်းဂစ်	= ၃၀၁. ၀၆
(စ) အိန္ဒိယ	တစ်ရူပီး	= ၁၆. ၃၀၈
(ဆ) ဂျပန်	တစ်ရာယန်း	= ၉၅၀. ၀၀
(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၄. ၉၈၆
(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၁၀. ၆၃
(ည) စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၄. ၃၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ပြည်တွင်းရေးရာ

အဓိက စားသုံးသီးနှံ ဆန်စပါးကို ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်မည့် ဆည်ရေသောက်စနစ်များ တည်ဆောက်ထား

နေပြည်တော် ဇွန် ၁၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်အား ယမန်နေ့ နံနက် ၉ နာရီက ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကမ္ဘာ့ဘဏ်(World Bank)အဖွဲ့မှ အဖွဲ့ခေါင်းဆောင် Mr. Paul van Ho fwegen နှင့် Senior Agricultural Economist, Sustainable Development Unit မှ Mr. Sergyi Zorya တို့ ပါဝင်သောအဖွဲ့ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဦးစားပေးလုပ်ငန်းများအတွက် ကမ္ဘာ့ဘဏ်မှ အတိုးနှုန်းသက်သာသော စီမံကိန်းဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အထောက်အကူပြုစီမံကိန်း (Agricultural Development Support Project) များကို လာရောက်ဆွေးနွေးသည်။ **(အပေါ်ယာပုံ)**

ကမ္ဘာ့ဘဏ်(World Bank)မှ မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍအတွက် ဦးစားပေးလုပ်ငန်း အစီအစဉ်အရ လိုအပ်လျက်ရှိသော လုပ်ငန်းများတွင် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်နှင့် ညီညွတ်စွာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများအတွက် ရေရှည်နှင့် လက်ငင်းအကျိုးကျေးဇူးရရှိနိုင်သော ဦးစားပေးလုပ်ငန်းနေရာများ ရွေးချယ်မှုနှင့် ဒေသတွင်းရေရှည်စားရေရိက္ခာ ဖူလုံရေးမျှော်မှန်းချက်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး ရည်မှန်းချက်များ အတွက် စိုက်ပျိုးရေးထုတ်ကုန်များကို ထိထိရောက်ရောက် တိုးတက်ထုတ်လုပ်နိုင်မည့် နယ်မြေဒေသများ ရွေးချယ်လျာထားမှု အခြေအနေများနှင့် မူလဆွေးနွေးညှိနှိုင်းထားသည့် ချေးငွေအသုံးပြုမည့် ဦးစားပေးစီမံကိန်းလုပ်ငန်းများတွင် ပြင်ဆင်ပြောင်းလဲရန် ရှိ မရှိ အခြေအနေများပေါ်တွင် သိရှိလိုသည်များကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ဘဏ်(World Bank)အနေဖြင့် မိမိတို့နိုင်ငံတော်အစိုးရ၏ လယ်ယာကဏ္ဍအပါအဝင် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် ယုံကြည်အားပေးသည့်အနေဖြင့် ယခုကဲ့သို့ ချေးငွေအကူအညီများ ပေးအပ်ရန် တက်တက်ကြွကြွ အားပေးကမ်းလှမ်း ဆွေးနွေးလာမှုများအား ဝမ်းမြောက်ကျေးဇူးတင်ရှိပါကြောင်း။

မူလက ကမ္ဘာ့ဘဏ်မှ ပညာရှင်များအဖွဲ့နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှပညာရှင်များအကြား ဦးစားပေးနယ်မြေအလိုက် ကွင်းဆင်းစိစစ်ရွေးချယ်သတ်မှတ်ထားရှိပြီး လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ညှိနှိုင်းထားရှိချက်များသည် ကုလသမဂ္ဂ၏ ထောင်စုနှစ်ရည်မှန်းချက်ဖြစ်သည့် မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုကို ၂၆ ရာခိုင်နှုန်းမှ ၁၆ ရာခိုင်နှုန်းသို့ လျှော့ချနိုင်ရေးရည်မှန်းချက်နှင့်ကိုက်ညီစွာ အခြေခံစိုက်ပျိုးထုတ်လုပ်ကြသော ကျေးလက်နေတောင်သူလယ်သမားများ၏ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးနှင် လူနေမှုဘဝနှင့် ဝင်ငွေတိုးတက်စေရေးရည်မှန်းချက်များနှင့်ကိုက်ညီစွာ ရွေးချယ်ဆောင်ရွက်ထားခြင်း ဖြစ်ပါကြောင်း။

ကုလသမဂ္ဂအဖွဲ့အစည်း၏ စားရေရိက္ခာဖူလုံရေး (Food Security) ရည်မှန်းချက်နှင့်လည်း ကိုက်ညီစွာဖြင့် မကြာမီ ထပ်မံတိုးတက်လာမည့် နိုင်ငံတော်လူဦးရေအရ စားရေရိက္ခာလိုအပ်ချက်၊ ရာသီဥတုပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာနိုင်သော စားရေရိက္ခာအခက်အခဲပြဿနာကို အထောက်အကူဖြစ်စေရေးအတွက် အဓိကစားသုံးသီးနှံ ဆန်စပါးကို ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်မည့် ဆည်ရေသောက်စနစ်များ တည်ဆောက်ထားပြီးဖြစ်သော နယ်မြေဒေသများကို ဦးစားပေး အကောင်အထည်ဖော်ရန် နှစ်ဖက်ပညာရှင်များအနေဖြင့် ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ကမ္ဘာ့ဘဏ်၏ ချေးငွေအကူအညီအားဖြင့် လယ်ယာထွက်ကုန်များကို ပိုမိုတိုးတက် ထုတ်လုပ်နိုင်ခြင်းအားဖြင့် စားရေရိက္ခာဖူလုံမှုကို ထိရောက်စွာ အကျိုးဖြစ်ထွန်းစေမည် ဖြစ်သည့်အပြင် ထိုဒေသနေ ဆင်းရဲနွမ်းပါးနေကြသော ဝင်ငွေနည်းသည့်အခြေခံတောင်သူလယ်သမားများ အတွက် ဝင်ငွေနှင့် လူနေမှုဘဝကို လက်တွေ့တိုးတက်စေနိုင်မည်ဖြစ်ပါကြောင်း။

ကမ္ဘာ့ဘဏ်၏ ချေးငွေအကူအညီဖြင့် ဆောင်ရွက်ရန် ရွေးချယ်ထားသောလုပ်ငန်းအားလုံးသည် နိုင်ငံတော်၏ နှစ်စဉ်နှင့် ကာလတို၊ ကာလရှည် လယ်ယာကဏ္ဍဆိုင်ရာ အမျိုးသားစီမံကိန်းများနှင့်လည်း ကိုက်ညီစွာ ရွေးချယ်ဆောင်ရွက်ထားခြင်းပင် ဖြစ်ပါကြောင်း။

၎င်းလုပ်ငန်းများကို ကမ္ဘာ့ဘဏ်ပညာရှင်များ၏ နိုင်ငံတကာ စံချိန်စံညွှန်းအတွေ့အကြုံများနှင့် လက်တွေ့ပူးပေါင်း အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၏ ရေရှည်အမျိုးသားရေးအကျိုးစီးပွားအား အထောက်အကူရရှိစေနိုင်မည် ဖြစ်သည့်အပြင် နိုင်ငံတစ်ဝန်း ဆက်လက်ဆောင်ရွက်ရန် လိုအပ်ချက်ရှိနေကြသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင်လည်း ပထမအဆင့် ယခုစီမံကိန်းမှ ရရှိလာမည့် အတွေ့အကြုံ၊ သင်ခန်းစာ၊ စံနမူနာကောင်းများကို အခြေခံ၍ ကမ္ဘာ့ဘဏ်အနေဖြင့် နည်းပညာနှင့် အထောက်အပံ့ အကူအညီများကို ဆက်လက်၍ တိုးတက်ကူညီဆောင်ရွက်ပေးသွားမည်ဟု မျှော်လင့်ပါကြောင်း ပြန်လည်ဆွေးနွေးသည်။

ထို့နောက် ကမ္ဘာ့ဘဏ်အဖွဲ့အနေဖြင့် ဘဏ်စုံထောင့်စုံမှ ကွင်းဆင်းလေ့လာတွေ့ရှိချက်များအပေါ် အခြေခံ ဦးစားပေး လုပ်ငန်းကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရန် ရွေးချယ်ထားသော "မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ချေးငွေ အထောက်အပံ့စီမံကိန်း" အပေါ်တွင် နိုင်ငံတကာ စည်းမျဉ်း၊ စည်းကမ်း၊ စံနှုန်းများနှင့် ကိုက်ညီစွာဖြင့်လည်းကောင်း၊ ပွင့်လင်းမြင်သာမှုရှိရန်အတွက် လည်းကောင်း၊ ငွေကြေးသုံးစွဲမှုအပေါ်တွင် လေလွင့်ဆုံးရှုံးမှုလုံးဝမရှိစေရန် စနစ်တကျ အကျိုးရှိစွာဖြင့် အထိရောက်ဆုံးသုံးစွဲပြီး အကောင်အထည်ဖော်နိုင်ရေးအတွက် နှစ်ဖက်ပညာရှင်များအကြား နီးကပ်စွာဖြင့် ဆက်လက်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့်အတူ ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်စနစ် တစ်ဆက်တစ်စပ်တည်း ဧက ၉၀၀ စိုက်ကွင်းအတွင်း နိုင်ငံတကာဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် ဈေးကွက်ခိုင်မာသည့် သင်္ဘောသီးစိုက်ခင်း၊ နာနတ်သီး စိုက်ခင်း၊ ငရုတ်ရှည်သီးနှံစိုက်ခင်း၊ စပ်မျိုးခရမ်းသီးစိုက်ခင်း၊ ကညွတ်သီးနှံစိုက်ခင်းနှင့် စင်တင်ဘူးသီးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးများသည် တောင်သူပညာပေး ငွေချည်(၈)ဝါ သီးနှံစိုက်ခင်းများသို့ လည်းကောင်း၊ တစ်ဧက တန်(၈၀)အထက် ထွက်ရှိသည့် အိန္ဒိယနည်းပညာဖြင့် တစ်ဆစ်ချင်းစီ ပျိုးထောင်စိုက်ပျိုးထားသော တောင်သူပညာပေး ကြံစိုက်ခင်းများအား လည်းကောင်း ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ နယူးဇီလန်နိုင်ငံ Net House ပိုက်ကွန်စနစ်တွင် တိုက်ရိုက်ရေဖျန်းစနစ်ဖြင့် စိုက်ပျိုးထားသော အော်ဂဲနစ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းများကိုလည်းကောင်း၊ မြန်မာနယူးဇီလန်ကုမ္ပဏီ၏ ခေတ်မီအအေးခန်းစနစ် ဓာတုကင်းလွတ် သစ်သီးဝလံအရောင်းပြခန်းအားလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြပြီး တာဝန်ရှိသူများအား မြန်မာနိုင်ငံ၏ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို နိုင်ငံတကာဈေးကွက်များသို့ ထိထိရောက်ရောက် ဈေးကွက်ရှာဖွေ တင်ပို့ရောင်းချနိုင်ရေးအတွက် တစ်ဆက်တစ်စပ်တည်း စီးပွားဖြစ်စိုက်ကွင်းများ ထူထောင်အကောင်အထည်ဖော်ရေးလုပ်ငန်းများနှင့် တောင်သူများလက်ဝယ်သို့ မျိုးကောင်းမျိုးသန့် မျိုးစေ့များနှင့် သိပ္ပံနည်းကျစိုက်နည်းစနစ်များကို လွယ်လင့်တကူ ရောက်ရှိအောင် ဖြန့်ဖြူးပေးပြီး စီးပွားဖြစ် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village, One Product) ဆောင်ပုဒ်နှင့်အညီ ကျေးရွာအလိုက် တစ်ဆက်တစ်စပ်တည်း စီးပွားဖြစ်စိုက်ကွင်းကြီးများကို ထူထောင်အကောင်အထည်ဖော်ရေး ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဆောင်ရွက်သွားရန် လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဒ္ဒမ္မသုခဓမ္မရိပ်သာ၌ ရေ၊ မီးအခက်အခဲများဖြစ်ပေါ်

နေပြည်တော် ဇွန် ၁၃

ပြောင်းလဲလာသည့် ရာသီဥတုအနေအထားကြောင့် ယခုနှစ်အတွင်း နိုင်ငံတစ်ဝန်းရှိ မြို့နယ်အတော်များများတွင် သောက်ရေ၊ သုံးရေ၊ စိုက်ပျိုးရေ အခက်အခဲများဖြစ်ပေါ်ခဲ့သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ အလှူရှင်များစုပေါင်း၍ အမျိုးမျိုးသော ရေအခက်အခဲများကို ဝိုင်းဝန်းဖြေရှင်းကူညီဆောင်ရွက်ပေးခဲ့ကြသည်ကို ကြားသိရ၍ များစွာဝမ်းမြောက်ဝမ်းသာဖြစ်၍ မုဒိတာပွား ကြည်နူးရပါသည်။

ထို့အတူ ဝါတွင်းဝါပ အချိန်အခါသမယမရွေး ဗုဒ္ဓဘာသာဝင် သူတော်ကောင်းများအား တရားရေအေးအမြိုက်ဆေး တိုက်ကျွေးပေးနေသော နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးအုပ်စု စက်ကုန်းကျေးရွာ သဒ္ဓမ္မသုခဓမ္မရိပ်သာတွင်လည်း သောက်ရေ၊ သုံးရေနှင့် လျှပ်စစ်မီးအခက်အခဲများဖြစ်ပေါ်နေကြောင်း ယင်းရိပ်သာတွင် တည်ထားသော အလိုတော်ပြည့်စေတီတော်သို့ သွားရောက်ဖူးမြော်ခိုက် ဆရာတော် ဘဒ္ဒန္တပညောဘာသ(ကမ္မဋ္ဌာနာစရိယ)၏ မိန့်ကြားချက်အရ သိရသည်။

"ရေဆိုလို့ အရင်ကတော့ တွင်းဟောင်းကရေကို စက်နဲ့စုပ်တင်ခဲ့ရလို့ အခက်အခဲမရှိခဲ့ပေမယ့် အခုတော့ တွင်းဟောင်းကလည်း အရင်လို စုပ်ရတာ အဆင်မပြေတော့ဘူးလေ၊ အရင်က လိုသလောက်စုပ်ယူလို့ရပေမယ့် အခုက နည်းနည်းပဲရတော့တယ်၊ တွင်းအသစ်တစ်ခုတူးတာလည်း ရေကြောနဲ့ မကိုက်လို့လားမသိဘူး၊ ရေမရဘူး၊ အဲဒါကြောင့် ရိပ်သာမှာ တရားလာအားထုတ်တဲ့ ယောဂီတွေအတွက် ရေအခက်အခဲဖြစ်နေရတာပေါ့၊ နောက်ပြီးတော့ လျှပ်စစ်မီးကလည်း မရဘူးလေ၊ ကိုယ်နဲ့ သိကျွမ်းတဲ့ ဒါယကာ၊ ဒါယိကာမတွေကတော့ ဆိုလာမီးတွေ လာလှူကြပါတယ်၊ ဒါပေမယ့် ရိပ်သာတစ်ခုလုံးအတွက်တော့ အဆင်မပြေနိုင်ဘူးလေ၊ အဲဒါကြောင့် ညဘက်ဆိုရင် ရိပ်သာကြီးက အမှောင်ထဲမှာ မတောက်မပဖြစ်နေရတာပေါ့"ဟု ဆရာတော်က မိန့်ကြားသည်။

သို့ဖြစ်ခြင်းကြောင့် အရိပ်တကာ့ အရိပ်ထဲတွင် အအေးမြဆုံးဖြစ်သော တရားရိပ်တွင် ခိုလှုံကြသူအပေါင်း ရေ၊ မီးအခက်အခဲများ ကင်းဝေးပြီး အေးငြိမ်းချမ်းသာရှိကြစေရန်အတွက် စေတနာရှင် အလှူရှင်များကို စောင့်မျှော်လျက်ရှိပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

(ရာမည)

မြို့တော်ဗန်ကောက်၌ လုံခြုံရေးစောင့်ကြပ်နေသော တပ်ဖွဲ့ဝင်များနှင့်အတူ ကမ္ဘာလှည့်ခရီးသည်နှစ်ဦးကို တွေ့ရစဉ်။

ထိုင်းနိုင်ငံ၌ စက်တင်ဘာလထက် နောက်မကျဘဲ ကြားဖြတ်အစိုးရအဖွဲ့ ဖွဲ့စည်းမည်ဟု ကြေညာ

ဗန်ကောက် ဇွန် ၁၃

ထိုင်းနိုင်ငံ၌ ကြားဖြတ်အစိုးရအဖွဲ့ကို စက်တင်ဘာလထက်နောက်မကျဘဲ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း တပ်မတော် အုပ်ချုပ်ရေးကောင်စီ အကြီးအကဲ ပရာယွတ်ချန်အိုချာက ဇွန် ၁၃ ရက်တွင် ကတိပြုပြောကြားသည်။

ဩဂုတ်သို့မဟုတ် စက်တင်ဘာ နောက်ဆုံးထား၍ ကြားဖြတ်အစိုးရအဖွဲ့တစ်ရပ်ကို ထူထောင်မည်ဖြစ်ကြောင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုထိန်းသိမ်းရေး အမျိုးသားကောင်စီ အကြီးအကဲ ပရာယွတ်က ဘတ်ဂျက်ငွေစာရင်းဆိုင်ရာ အစည်းအဝေးတွင် ပြောကြားသည်။

ယာယီဖွဲ့စည်းပုံအခြေခံဥပဒေကို သုံးလအတွင်းရေးဆွဲမည်ဖြစ်ကြောင်း၊ အထွေထွေ ရွေးကောက်ပွဲသစ်ကျင်းပခြင်းမရှိမီ တစ်နှစ်ထက်မနည်း အချိန်ယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရာထူးမှဖြုတ်ချခံခဲ့ရသော ဝန်ကြီးချုပ် ယင်လပ်၏ အစိုးရအဖွဲ့က အကောင်အထည်ဖော်ခဲ့သော ဆန်စပါးဝယ်ယူရေးအစီအစဉ်ကို အဆုံးသတ်တော့မည်ဖြစ်ကြောင်း ၂၀၁၅ ခုနှစ် နိုင်ငံတော်ရသုံးမှန်းခြေငွေစာရင်းဆိုင်ရာ အစည်းအဝေးတွင် ပရာယွတ်က ပြောကြားသည်။

တောင်သူ လယ်သမားများ၏ စိုက်ပျိုးထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရန်၊ မျိုးစေ့နှင့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးရန်၊ တောင်သူလယ်သမား သမဝါယမအသင်းများအား မြှင့်တင်ပေးရန် မိမိတို့လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပရာယွတ်က ပြောကြားသည်။

ယင်လပ်၏ အစိုးရအဖွဲ့သည် ကျေးလက်နေပြည်သူတို့၏ ဝင်ငွေမြင့်တက်လာစေရန် ရည်ရွယ်လျက် ၂၀၁၁ ခုနှစ်တွင် ဈေးကွက်ပေါက်ဈေးထက်ပိုမိုသော ဈေးနှုန်းဖြင့် ဆန်စပါးဝယ်ယူသည့် အစီအစဉ်ကို ချမှတ်ဆောင်ရွက်ခဲ့သည်။

တောင်သူလယ်သမားများ အမှန်တကယ်အကျိုးရှိစေမည့် အမတော်ကြေးပေးရေး အစီအစဉ်မျိုးကိုသာ လျှင် အနာဂတ်တွင် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ပရာယွတ်က ပြောကြားသည်။ **ဆင်ဟွာ။**

အက်စ် ၃၀၀ ဒုံးကျည်လက်နက်များနှင့်အတူ ရုရှားတပ်ဖွဲ့များ စစ်ရေးလေ့ကျင့်မှုစတင်

မော်စကို ဇွန် ၁၃

ရုရှားလက်နက်ကိုင်တပ်ဖွဲ့များသည် ဇွန် ၁၃ ရက်မှစ၍ စစ်ရေးလေ့ကျင့်မှုများစတင်ပြုလုပ်ကြောင်း၊ ယင်းစစ်ရေးလေ့ကျင့်မှုတွင် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်အက်စ်-၃၀၀ အမျိုးအစားများလည်းပါဝင်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။

ယင်းစစ်ရေးလေ့ကျင့်မှုကို ကာလီနင်ဂရက်မြို့အနီးတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မကြာသေးမီရက်များအတွင်းတွင် နေတိုးအဖွဲ့ကဦးဆောင်၍ ဥရောပအရှေ့ပိုင်း၌ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ခြင်းကို တုံ့ပြန်သည့်အနေဖြင့် စစ်ရေးလေ့ကျင့်ခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

ယူကရိန်းနိုင်ငံအတွင်းရှိ ရုရှားလိုလားသည့် ခွဲထွက်ရေးလှုပ်ရှားသူများအပေါ် ရုရှားနိုင်ငံက အားပေးအားမြှောက်ပြုခဲ့ခြင်းအတွက် ယခုရက်သတ္တပတ်အတွင်း နေတိုးအဖွဲ့က ဥရောပအရှေ့ပိုင်းဒေသ နိုင်ငံများနှင့် စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့သည်။

ဘော်လ်တစ်ဒေသနိုင်ငံများဖြစ်ကြသည့် အက်စ်တိုးနီးယား၊ လစ်သူယေးနီးယားနှင့်လတ်ဗီးယားနိုင်ငံများအား နေတိုး တိုက်ခိုက်ရေးတပ်ဖွဲ့များက အကာအကွယ်ပေးထားသည်။ ဇွန် ၁၂ ရက်က လတ်ဗီးယားနိုင်ငံ၏ လေပြင်ပိုင်နက်အနီး ရုရှားလေတပ်လေယာဉ်များက လေးကြိမ်တိုင် ချဉ်းကပ်ပျံသန်းမှုပြုလုပ်ခဲ့ပြီး လတ်ဗီးယားလေတပ်က ကြားဖြတ်ပျံသန်းတားမြစ်ခဲ့ရကြောင်း လတ်ဗီးယားတပ်မတော်က ပြောကြားသည်။

ဇွန် ၁၃ ရက်တွင် အက်စ် ၃၀၀ အမျိုးအစားလေကြောင်းရန် ကာကွယ်ရေးဒုံးကျည်များအား အသုံးပြု၍ စစ်ရေးလေ့ကျင့်ခဲ့ကြသည်။ ယင်းဒုံးကျည်သည် ၁၂၅ မိုင်(ကီလိုမီတာ ၂၀၀) အကွာအဝေးအထိ ပစ်လွှတ်နိုင်သော ဒုံးကျည်ဖြစ်သည်။ အနောက်အုပ်စုနှင့် ရန်မီးပွားနေသည့် ဆီးရီးယားကဲ့သို့သော နိုင်ငံများသို့ အဆိုပါဒုံးလက်နက်စနစ်များ ရောင်းချနိုင်ရန် ရုရှားကကြိုးပမ်းခြင်းဖြင့် တင်းမာမှုများ ဖြစ်ပေါ်ခဲ့သည်။ **ရိုက်တာ။**

ဘဂ္ဂဒက်မြို့တော် မြောက်ပိုင်းဒေသတွင်

အီရတ်အစိုးရတပ်နှင့် စစ်သွေးကြွများ တိုက်ပွဲပြင်းထန်

ဘဂ္ဂဒက်မြို့တော်ဘက်သို့ ဦးတည်ထွက်ခွာလာကြသော စစ်သွေးကြွများကို တွေ့ရစဉ်။

ဘဂ္ဂဒက် ဇွန် ၁၃

ဘာသာရေးစစ်ပွဲဆင်နွှဲလိုသော စစ်သွေးကြွများသည် အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်သို့ ဦးတည်ကာ ရှေ့တိုးလာနေခဲ့ကြကြောင်း၊ မြို့တော် ဘဂ္ဂဒက်နှင့် ကီလိုမီတာ ၆၀ အကွာရှိ ဘာကူဘာမြို့၌ အီရတ်အစိုးရ တပ်ဖွဲ့များနှင့် စစ်သွေးကြွများအကြား တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ကြောင်း ယနေ့ ဘီဘီစီ သတင်းတွင် ဖော်ပြသည်။

အီရတ်အစိုးရတပ်ဖွဲ့များက သောင်းကျန်းသူများကို ဘာကူဘာမြို့နှင့် ၃၅ ကီလိုမီတာအကွာရှိ မက်ကွက်နီယာမြို့ပြင်တွင် တိုက်ခိုက်နှိမ်နင်းလိုက်နိုင်ကြောင်း အီရတ်ကြည်းတပ်နှင့် ရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားသည်။

ဘာကူဘာမြို့သည် ဒိုင်ဟာပြည်နယ်၏ မြို့တော်ဖြစ်ပြီး ယင်းမြို့တွင် အာရပ်၊ ကာဒစ္စ၊ ဆွန်နီနှင့် ရှီးယိုက်ဘာသာဝင်များ ရောပြွမ်းနေထိုင်ကြသည်။ ယင်းမြို့ရှိ ပြည်သူလူထုသည် အီရတ်နိုင်ငံအား ၂၀၀၃ ခုနှစ်အတွင်း အမေရိကန်ကျူးကျော်ခဲ့ပြီးနောက်ပိုင်း အကြမ်းဖက်မှု၏ပြယုဂ်လည်းဖြစ်ခဲ့သည်။

အီရတ်စစ်သွေးကြွအုပ်စုများသည် ယခုရက်သတ္တပတ်အတွင်း ပြည်နယ်နှစ်ခု၏ မြို့တော်များအား သိမ်းယူခဲ့ရာ ဆာယာဟီဒင်ပြည်နယ်၏ မြို့တော် တီကရစ်နှင့် အီရတ်နိုင်ငံ၏ ဒုတိယအကြီးဆုံး မိုဆူးလ်တို့ ပါဝင်ခဲ့သည်။

ဘီဘီစီ။

ကမ္ဘာ့ဖလားပွဲ ဆန့်ကျင်ဆန္ဒပြပွဲများ၌ အဓိကရုဏ်းများဖြစ်ပွား

ဆာပေါ်လို ဇွန် ၁၃

ဘရာဇီးနိုင်ငံ၌ ကြာသပတေးနေ့တွင် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ စတင်ကျင်းပစဉ် ဆာပေါ်လိုမြို့၊ ရီယိုဒီဂျနေရိုးမြို့နှင့် အခြားမြို့များ၌ ဆန္ဒပြသူများနှင့် ရဲတပ်ဖွဲ့ဝင်များအကြား အဓိကရုဏ်း ဖြစ်ပွားခဲ့ကြောင်း ဘီဘီစီက ဖော်ပြသည်။

အဖွင့်ပွဲစဉ်တွင် အိမ်ရှင် ဘရာဇီးအသင်းက ခရိုအေးရှားအသင်းကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိပြီး နာရီပိုင်းအကြာ၌ ဆာပေါ်လိုမြို့၌ ဆန္ဒပြလူအုပ်ကြီးကို ရဲတပ်ဖွဲ့က မျက်ရည်ယိုဗုံးများ အသုံးပြု၍ ဖြိုခွင်းခဲ့သည်။

ရီယိုဒီဂျနေရိုးမြို့၌လည်း ရုန်းရင်းဆန်ခတ်မှုများဖြစ်ပွားခဲ့ရာ လူအချို့ ဒဏ်ရာရရှိခဲ့သည်။

၂၀၁၆ခုနှစ်တွင် ရီယိုအိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အိုလံပစ်ပွဲတော်နှင့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် ပြင်ဆင်မှုများ ပြုလုပ်ရာတွင် အစိုးရ၏ ငွေကြေးအသုံးပြုမှုအပေါ် ဆန္ဒပြသူများက ဒေါသထွက်နေကြခြင်းဖြစ်သည်။

ရီယိုဒီဂျနေရိုးမြို့ လေဆိပ်အလုပ်သမားများက ၂၄နာရီသပိတ်မှောက်ကြရာ လေဆိပ်အပြင်ရှိ လမ်းကိုပိတ်ဆို့ထားကြသည်။ သို့သော် အလုပ်သမားသမဂ္ဂ ခေါင်းဆောင်များက ဥပဒေကြောင်းအရ အချိန်စော၍ သပိတ်လှန်ခဲ့ကြသည်။

ရီယိုမြို့လယ်တွင်လည်း ကျောင်းဆရာများက ဆန္ဒပြချီတက်ခဲ့ကြရာ ယာဉ်များသွားလာရေးကို ထပ်မံအဟန့်အတားဖြစ်စေခဲ့သည်။

ဆန္ဒပြသူများက "ဖလားအလိုမရှိဟု" ကြွေးကြော်ကြပြီး လမ်းများကို ပိတ်ဆို့ရန် ကြိုးစားလာရာမှ ရဲတပ်ဖွဲ့ဝင်များက ဝင်ရောက်လာကြခြင်းဖြစ်သည်။

အဓိကရုဏ်းဖြစ်ပွားသော နေရာမှာ ဘရာဇီးနှင့် ခရိုအေးရှားကစားသော ဘောလုံးကွင်းမှ ရှစ်မိုင်ခန့်ကွာဝေးသည်။

ဘီဘီစီ။

ရီယိုဒီဂျနေရိုးမြို့၌ ကမ္ဘာ့ဖလားဘောလုံးပွဲအား ဆန့်ကျင်ဆန္ဒပြသူများကို တွေ့ရစဉ်။

စစ်သွေးကြွ ၂၉ ဦးကို ၂၄ နာရီအတွင်း အာဖဂန်တွင်ချေမှုန်းနိုင်ခဲ့

ကဘူး ဇွန် ၁၃

အာဖဂန်နစ္စတန်နိုင်ငံ၌စစ်ဘက်ဆိုင်ရာ ကျောထောက်နောက်ခံပြုရဲတပ်ဖွဲ့က လွန်ခဲ့သည့် ၂၄ နာရီကျော် ကာလအတွင်း နိုင်ငံတစ်ဝန်းတွင် စစ်သွေးကြွဆန့်ကျင်ရေးစစ်ဆင်မှုများဆင်နွှဲခဲ့ကြောင်း၊ စစ်သွေးကြွ ၂၉ ဦးကို သုတ်သင်နိုင်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ဇွန် ၁၃ ရက်တွင် ကြေညာချက်တစ်စောင် ထုတ်ပြန်သည်။

စစ်ဆင်ရေး ပြုလုပ်သည့် ပြည်နယ်များတွင် ကူနာ၊ ကန်ဒုဇ်၊ လိုဂျာ၊ ခို့စ်၊ ဟဲလ်မန်းနှင့်ဖာရတ်ပြည်နယ်များပါဝင်ကြောင်း၊ စစ်သွေးကြွ ရှစ်ဦးကျော် ဒဏ်ရာရရှိပြီး သုံးဦးကို လက်ရဖမ်းဆီးနိုင်ခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

ယင်းစစ်ဆင်ရေးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များဘက်မှ သေကျေဒဏ်ရာရမှုနှင့် ပတ်သက်၍ ဖော်ပြခြင်းမရှိချေ။ တာလီဘန်များဘက်မှလည်း ထင်မြင်ချက် တစ်စုံတစ်ရာ မပေးချေ။

ဆင်ဟွာ။

မက္ကဆီကိုပင်လယ်ကွေ့တွင် ရဟတ်ယာဉ်တစ်စင်း ပျက်ကျ

ဟူစတန် ဇွန် ၁၃

မက္ကဆီကိုပင်လယ်ကွေ့တွင် ဇွန် ၁၁ ရက်နှောင်းပိုင်းက ရဟတ်ယာဉ်တစ်စင်း ပျက်ကျနစ်မြုပ်သွားကြောင်း၊ ဘဲလ် ၂၀၆ အယ်လ် ၄ အမျိုးအစား ရဟတ်ယာဉ်ဖြစ်ကြောင်း အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။

ရဟတ်ယာဉ်နစ်မြုပ်မှုဖြစ်ပွားရာ မက္ကဆီကိုပင်လယ်ကွေ့၌ ရေငုပ်ရှာဖွေရေးအဖွဲ့တစ်ဖွဲ့က ရှာဖွေခဲ့ရာတွင် ဇွန် ၁၂ ရက်စောစောပိုင်းတွင် ရုပ်အလောင်းနှစ်လောင်းကိုတွေ့ရှိရကြောင်း၊ သို့ရာတွင် ရဟတ်ယာဉ်ပေါ် လိုက်ပါလာသူများဟုတ်၊ မဟုတ်ကိုမူ ရှင်းလင်းစွာမသိရှိရသေးကြောင်း ကမ်းခြေစောင့်တပ်ဖွဲ့က ပြောကြားသည်။ ယင်းရဟတ်ယာဉ်ကို ဝက်စ်ဝင်းဒ် ရဟတ်ယာဉ်ကုမ္ပဏီက ပိုင်ဆိုင်ကြောင်း၊ သေဆုံးသွားသူနှစ်ဦးမှာ လေယာဉ်မှူးနှင့် ခရီးသည်ဖြစ်ကြောင်း ယင်းကုမ္ပဏီကအတည်ပြုပြောကြားသည်။ **ဆင်ဟွာ။**

ဆောက်လုပ်ရေးဝန်ကြီးဌာန တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းစည်းဝေး

နေပြည်တော် ဇွန် ၁၃

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီး၏ ဦးစီးဌာနများနှင့် လုပ်ငန်းအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက်ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာန အသီးသီး၏ ဦးစီးဌာနများနှင့် လုပ်ငန်းအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် ကိုယ်စားလှယ်တို့က ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**



တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် နီပေါနိုင်ငံသို့ထွက်ခွာ

နေပြည်တော် ဇွန် ၁၃

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက် ၆ နာရီခွဲတွင် ရန်ကုန်မြို့မှ နီပေါနိုင်ငံ ခတ္တမန္ဒူမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ခရီးစဉ်အတွင်း နီပေါနိုင်ငံ သမ္မတ၊ ဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံခြင်း၊ နီပေါနိုင်ငံ ဝန်ကြီးချုပ်ဟောင်း Mr. B. P.Koirala နှစ်(၁၀၀)ပြည့်အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ခြင်းနှင့် ဗုဒ္ဓဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်သို့ သွားရောက်ရန် စီစဉ်ထားပြီး ဇွန် ၁၆ ရက်တွင် ရန်ကုန်မြို့သို့ပြန်လည် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မုံရွာမြို့နယ် ရှားပြေးအင်းရေလုပ်သားများ ဒုတိယအကြိမ် ဆန္ဒထုတ်ဖော်

မုံရွာ ဇွန် ၁၃

မုံရွာမြို့နယ် ရှားပြေးအင်းရေလုပ်သားများသည် ဇွန် ၁၃ ရက် နံနက်ပိုင်းက မုံရွာမြို့တွင်းသို့ ဒုတိယအကြိမ်အဖြစ် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၄ အရ ခွင့်ပြုချက်နှင့်အညီ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ဆန္ဒထုတ်ဖော်ခဲ့ကြသည်။

ရှားပြေးအင်းရေလုပ်သားများသည် မေ ၂၀ ရက်ကလည်း ပထမအကြိမ် ဆန္ဒထုတ်ဖော်ခဲ့ကြပြီး ရှားပြေးအင်း ကြေးတိုင်ဖျက်သိမ်းရေး၊ ရှားပြေးအင်း ရေလုပ်သားများ တိုက်ရိုက်ချမှတ်ပေးရေး၊ ရှားပြေးအင်းရေလုပ်သားများအလုပ်ရရှိရေး၊ ဒေသတွင်းဖွံ့ဖြိုးရေးနှင့် အခွင့်ထူးခံအင်းသူကြီး အလိုမရှိဟူသော ကြွေးကြော်သံများပါဝင်ပြီး တောင်းဆိုသည့် ပိုစတာကိုအသီးသီးကိုင်ဆောင်ကာ မုံရွာမြို့ပြည်သူ့အားကစားကွင်းမှစတင်ထွက်ခွာခဲ့ကြသည်။ အားကစားကွင်းမှ တောင်ဘက်သို့ ဗိုလ်ချုပ်လမ်းအတိုင်း ဗိုလ်ချုပ်ကြေးရုပ်နှင့်နာရီစင်ကို ဖြတ်သန်းကာ ကျောက္ကာလမ်းမှတစ်ဆင့် ပေ ၈၀လမ်းသို့ချိုးကွေ့ကာ ပေ ၈၀ လမ်းမှ သာစည်လမ်း၊ ထိုမှပြည်ထောင်စုလမ်း၊ ဒေါနခြံရပ်ရေစင်ကြီးလမ်းမှ တစ်ဆင့် ဗိုလ်ချုပ်လမ်းပေါ်သို့ပြန်တက်ကာ ပြည်သူ့အားကစားကွင်းအထိ လမ်းလျှောက်ဆန္ဒထုတ်ဖော်ခဲ့ကြခြင်းဖြစ်သည်။

"ရှားပြေးအင်းဝန်းကျင်က မရိုးတောအုပ်စု၊ ရှားပြေးကျေးရွာနဲ့ ခဝဲကျင်းအုပ်စုက ရေလုပ်သားမိသားစုတွေဟာ ရှားပြေးအင်းကို မှီပြီး အရင်နှစ်တွေကတည်းက ခေါမဦးချလုပ်ကိုင်စားသောက်လာကြတာပါ။ ဒီလိုလုပ်ကိုင်စားသောက်ကြရာမှာ အင်းသူကြီးများရဲ့ မတရားဖိနှိပ်စီမံခန့်ခွဲမှုအောက်မှာ မဝရေစာ စားသောက်ရင်း အင်းလုပ်သားများ နှစ်ရှည်လများဆင်းရဲခဲ့ရပါတယ်။ ကန့်သတ်ချက်အမျိုးမျိုးနဲ့ လုပ်ကိုင်ဆောင်ရွက်ရတဲ့အတွက် အင်းလုပ်သားတွေရဲ့ ဘဝလွတ်မြောက်မယ့်လမ်းမရှိခဲ့ပါဘူး။ ဒေသခံအင်းလုပ်သား ၃၀ ကျော်ရှိတဲ့အတွက် တိုးပွားလာတဲ့ မိသားစုဝင်အားလုံးအဆင်မပြေဖြစ်ပြီး ဆင်းရဲတွင်းနစ်နေကြရတဲ့အတွက် ဆန္ဒထုတ်ဖော်ကြရတာပါ" ဟု ရှားပြေးကျေးရွာနေ ဦးကျော်အေးကပြောပြသည်။

မျိုးဝင်းထွန်း(မုံရွာ)



လွတ်လပ်မှုလည်း ရယူပါ၊ ကျင့်ဝတ်သိက္ခာလည်း စောင့်ထိန်းပါ

ကမ္ဘာကျော်စာရေးဆရာကြီးများထဲတွင် အရှိန်အဝါအလွန်ကြီးသော ပြဇာတ်ရေးဆရာကြီး ဂျော့ဘားနတ်ရှော (George Bernard Shaw) (၁၈၅၆-၁၉၅၀) ကို လူတိုင်းသိကြမည်ထင်သည်။ အမှန်တရားဟုထင်လျှင် တစ်ပါးသူ နားခါးချင် ခါးသွားပါစေ။ အင်မတန်ရေးတတ်၊ ပြောတတ်လွန်းသည့် စာရေးဆရာကြီးတစ်ဦးဖြစ်သည်။ထိုကဲ့သို့ ရေးတတ်ပြောတတ်လွန်းခြင်းကြောင့်လည်း မကျေနပ်သူများက လူ့ခွစာကြီးဟုပင် နောက်ကွယ်၌ အမည်ကင်ပွန်းတပ်ကြသည်။ သူ၏ အမှန်တရားကို ချစ်မြတ်နိုးတတ်သည့်စိတ်ဓာတ်နှင့် မတရားမှု၊ မမှန်ကန်မှုများအပေါ် စောဒကတက်သည့်အကျင့်များက ကျွန်တော်တို့သူ့ကို လေးစားရသည့် အကြောင်းအရင်းပင်ဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုရလျှင် ဆန္ဒစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲမထားဘဲ အမှန်တရားကို ရဲရဲဝံ့ဝံ့ တင်ပြတတ်သည့် သူ၏ စိတ္တသတ္တိကို လေးစားမိခြင်းဖြစ်သည်။

ယနေ့ ကျွန်တော်တို့ လူ့အဖွဲ့အစည်းကို လွတ်လပ်မှု (Freedom)၊ ကြွယ်ဝချမ်းသာမှု (Prosperity) နှင့် ဖွံ့ဖြိုးတိုးတက်မှု (Development) ဆိုသည့် အခြေခံလူ့တန်ဖိုးချင်းရာများဖြင့် ကြိုးပမ်းတည်ဆောက်နေကြသည်။ ထိုကဲ့သို့သော လူ့အဖွဲ့အစည်းမျိုး အောင်မြင်စွာ တည်ဆောက်နိုင်ဖို့ဆိုလျှင် အတ္တနောမတိကင်းကင်းဖြင့် အမှန်တရားကို ရဲရဲဝံ့ဝံ့ ပြောတတ်၊ ဆိုတတ်၊ ရေးသားတတ်သော ဂျော့ဘားနတ်ရှောလိုပုဂ္ဂိုလ်မျိုးနှင့် ကျင့်ဝတ်သိက္ခာကို စောင့်ထိန်းလိုက်နာတတ်သည့် သတင်းမီဒီယာသမားကောင်းများစွာ လိုအပ်နေသည်မှာ အမှန်ပင်ဖြစ်သည်။

ယနေ့သတင်းလောက အခြေအနေ

ယနေ့အချိန်တွင် ကျွန်တော်တို့လူ့အဖွဲ့အစည်းတွင် မဟုတ်မမှန် လုပ်ကြံဖန်တီးမှုများနှင့် ပုံဖျက်ဖုံးကွယ်ထားသည့် သတင်းများက ပြည်သူများ၏ သတင်းအချက်အလက် သိရှိပိုင်ခွင့် (Right to Know) ဆိုသည့် အခြေခံအခွင့်အရေးကို အတင်းအဓမ္မ ရိုက်ချိုးဖျက်ဆီးနေသကဲ့သို့တွေ့မြင်ခံစားနေရသည်။ တကယ်တမ်းပြောရလျှင် ကျွန်တော်တို့နိုင်ငံတွင် သတင်းလွတ်လပ်ခွင့်ကို အထိုက်အလျောက် ရရှိခံစားနေရပြီဖြစ်သည်။ ဤနေရာတွင် ကျွန်တော်တို့အားလုံး သတိပြုရမည့်အချက်မှာ လွတ်လပ်ခွင့်နှင့်အတူ ဒွန်တွဲနေသည့် ကျင့်ဝတ်သိက္ခာပိုင်းပင်ဖြစ်သည်။ အထူးသဖြင့် လွတ်လပ်စွာ ရေးသားထုတ်ဝေခွင့်ဆိုသည့် စကားလုံးကိုလက်ကိုင်ပြုပြီး မဟုတ်တန်းတရားများကို ရေးသားပြောဆိုခြင်း၊ ကျင့်ဝတ်သိက္ခာစောင့်ထိန်းရမည့်အပိုင်းကို မသိကျိုးကျွံပြုခြင်း၊ ပုဂ္ဂိုလ်ရေးဂုဏ်သိက္ခာကျဆင်းစေရန် လုပ်ကြံဖော်ပြခြင်း (Character Assassination) များကို မလွဲမသွေ ရှောင်ရှားကြရန် လိုသည်။

အမှန်တိုင်းပြောရလျှင် ၂၀၁၂ ခုနှစ် စာပေစိစစ်ရေးကိုပယ်ဖျက်ပြီးသည့် အချိန်မှစ၍ သတင်းမီဒီယာများ၏ ရေးသားဖော်ပြမှုအပိုင်းတွင် များစွာလွတ်လပ်ခဲ့ကြသည်။ ဒီမိုကရေစီ နိုင်ငံတစ်နိုင်ငံ၏ ဂုဏ်ဒြပ်ဟုပင် ပြောရလောက်အောင် သတင်းမီဒီယာလွတ်လပ်ခွင့်သည် အချိန်တိုအတွင်း တိုးတက်ပြောင်းလဲလာခဲ့ပေသည်။ နိုင်ငံအတွင်း ပုဂ္ဂလိကသတင်းစာပေါင်း ၃၀ ကျော်ကို ခွင့်ပြုပေးခဲ့ပြီး ၁၁ စောင် လတ်တလောထုတ်ဝေနေဆဲဖြစ်သည်။ ဂျာနယ် ၃၆၆ စောင် ခွင့်ပြုပေးထားခဲ့ပြီး ၂၁၉ စောင် ထုတ်ဝေနေဆဲဖြစ်ပါသည်။ ထိုနည်းတူ မဂ္ဂဇင်း ၂၉၅ အုပ် ထုတ်ဝေခွင့်ပြုပေးထားခဲ့ပြီး လတ်တလော ထုတ်ဝေနေဆဲ ၁၃၂ အုပ်ဖြစ်ပါသည်။ ထိုကဲ့သို့ထုတ်ဝေမှုများပေးခဲ့သည့်အတွက်လည်း ကျွန်တော်တို့နိုင်ငံ၏ မီဒီယာညွှန်းကိန်းမှာ အချို့သော အရှေ့တောင်အာရှနိုင်ငံများထက်ပင် ပိုမိုမြင့်မားနေသည်ကို တွေ့ကြရမည်ဖြစ်သည်။ ဤသည်မှာ အရှေ့တောင်အာရှဒေသတွင် သတင်းမီဒီယာနှင့်ပတ်သက်၍ ကျွန်တော်တို့နိုင်ငံ၏ အပေါင်းလက္ခဏာဆောင်သော ပြုပြင်ပြောင်းလဲရေးတစ်ခုပင်ဖြစ်သည်။

သို့ရာတွင် အချို့သောမီဒီယာသမားများအနေဖြင့် ကျင့်ဝတ်သိက္ခာစောင့်ထိန်းလိုက်နာမှုအပိုင်း၌ အားနည်းချက် အချို့ရှိနေခဲ့သည်။ အချို့သော သတင်းစာတိုက်၊ ဂျာနယ်တိုက်ကြီးများသည် လူအများ လက်ခံကျင့်သုံးနေသည့် သတင်းစာပညာနှင့် သတင်းသမားကျင့်ဝတ်များကို သွေဖည်ကာ ဂျာနယ်တိုက်ပိုင်ရှင်၊ သတင်းစာတိုက်ပိုင်ရှင်များ၏ ဆန္ဒသဘောထား လိုလားချက်များအတိုင်း ရေးသားဖော်ပြနေသည်ကို တွေ့မြင်နေခဲ့ရသည်။ ယင်းတို့မှာ နိုင်ငံ၏ အနာဂတ်အတွက် မည်သို့မျှ မကောင်းမွန်၊ မသင့်လျော်သည့် အခြေအနေများပင်ဖြစ်ပါသည်။ ယင်းအစဉ်အလာကြီးသာ ဆက်လက်ရှင်သန်သွားမည်ဆိုပါက နောင်တွင် သတင်းမီဒီယာလောကအတွက် ရင်လေးစရာပင်ဖြစ်သည်။ ပုဂ္ဂလိက မီဒီယာကြီးများက ဖြစ်ပေါ်နေသည့် သတင်းမှန်သမျှကို မိမိတို့ လိုသလိုပုံဖော်ဖန်တီးကာ လက်ဝါးကြီးအုပ်ချယ်လှယ်မှုများ၊ နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုများ၊ အကျပ်ကိုင် ဖိအားပေးမှုများစသည့် ကျင့်ဝတ်သိက္ခာချိုးဖောက်မှုများကို လက်ရဲဇက်ရဲ ပြုလုပ်လာကြမည်ကို စိုးရိမ်ပူပန်နေမိပါသည်။

ပြည်သူ့အတွက် သတင်းစာ

ယနေ့ သတင်းမီဒီယာလောကအတွက် တင်ပြလိုသည့် စာအုပ်မှာ ဆရာမကြီး ဒေါ်ခင်မျိုးချစ်ရေးသားသည့် "သတင်းစာလောက" စာအုပ်ပင်ဖြစ်သည်။ ၎င်းစာအုပ်တွင် အမေရိကန်နိုင်ငံမစ်ဇော်ရီ (Missouri)တက္ကသိုလ်တွင် ကမ္ဘာ့ပထမဦးဆုံး သတင်းစာဆရာကျောင်းကို တည်ထောင်ခဲ့သူ မစ္စတာ ဝေါလတာဝီလျံ(၁၈၆၄-၁၉၃၅)က **"ပြည်သူ့သတင်းစာဟူသည်**

အေးကြွယ်

ပြည်သူတို့၏ ယုံကြည်လွှဲအပ်ခြင်းခံရသော ပစ္စည်းဖြစ်၏ဟူ၍လည်းကောင်း၊ သတင်းစာနှင့် မကင်းသူဟူသမျှတို့သည်လည်း တာဝန်ရှိသမျှ အစွမ်းကုန်အောင် ပြည်သူတို့၏ ယုံကြည်လွှဲအပ်ခြင်းခံရသူများ ဖြစ်သည်ဟူ၍လည်းကောင်း၊ ပြည်သူ့ဝန်ကို ထမ်းသောအလုပ်ထက် ယုတ်ညံ့သော တာဝန်ကို လက်ခံခြင်းသည်ပင်လျှင် ပြည်သူ့ယုံကြည်မှုကို သစ္စာဖောက်ရာကျသည်ဟူ၍လည်းကောင်း ကျွန်ုပ်ယုံကြည်သည်"ဟု သတင်းစာဆရာ လက်သုံးဝါဒအဖြစ် အာဘော်ထည့်သွင်းထားသည်ကို တွေ့ရှိရသည်။ ဤသည်မှာ ယနေ့သတင်းလောကတွင် ကျင်လည်လှုပ်ရှားနေကြသည့် မီဒီယာလောကသားများအတွက် သိမှတ်စရာတစ်ခုပင်ဖြစ်သည်။

ကျင့်ဝတ်သိက္ခာ

ယနေ့အချိန်တွင် မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီက သတင်းမီဒီယာသမားများစောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များကို ရေးဆွဲဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစ၍ နိုင်ငံတကာ မီဒီယာပံ့ပိုးရေးအဖွဲ့နှင့် ပူးပေါင်းကာ သတင်းမီဒီယာကျင့်ဝတ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ အင်မတန် ဝမ်းမြောက်စရာကောင်းလှပေသည်။ ယင်းသတင်းမီဒီယာကျင့်ဝတ်(မူကြမ်း)ကို အမျိုးသားအဆင့် ဘုံသဘောတူညီချက် ရရှိရန်အတွက်လည်း မြန်မာနိုင်ငံအနှံ့ရှိ စာနယ်ဇင်းသမားများ၊ သတင်းစာသမားများ၏ အကြံဉာဏ်များကို ရယူခဲ့သည်ဟုလည်း သိရသည်။

ယခုရေးဆွဲခဲ့သည့် မီဒီယာကျင့်ဝတ်လမ်းညွှန်သည် ဒီမိုကရေစီ ဗဟုဝါဒ ထင်ဟပ်ပြီး ယင်းဗဟုဝါဒရှင်သန်ရေးအတွက် မီဒီယာများ ထမ်းရွက်ရမည့် အခန်းကဏ္ဍကို မီးမောင်းထိုးပေးရန် ရည်ရွယ်သည်ဟု သိရပါသည်။ ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးနေသည့် နိုင်ငံတိုင်းရှိ မီဒီယာများအနေဖြင့် တိကျမှု၊ ဟန်ချက်ညီမှု၊ မျှတမှု၊ တစ်ပါးသူကို လေးစားမှု စသည့်တာဝန်များ အမှန်တကယ်ရှိနေရမည်ဖြစ်သကဲ့သို့ ပြည်သူလူထု၏ သတင်းသိပိုင်ခွင့်ကိုလည်း အမှန်တကယ် အာမခံချက်ပေးကြရမည်ဖြစ်သည်။

ယခုပြဋ္ဌာန်းလိုက်သည့် ကျင့်ဝတ်များသည် ယင်းတာဝန်ယူမှုများအတွက် စံချိန်စံညွှန်းများ သတ်မှတ်ပေးထားသည့်အပြင် တစ်သီးပုဂ္ဂလအခွင့်အရေးများနှင့်ပတ်သက်၍ ကာကွယ်ပေးခြင်း၊ ပြည်သူလူထု၏ သတင်းသိပိုင်ခွင့်ကို ဖြည့်ဆည်းပေးခြင်းနှင့် မီဒီယာလွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်ပေးခြင်း စသည့် နိုင်ငံတကာစံနှုန်းများနှင့်ပါ ကိုက်ညီနေကြောင်း တွေ့ရသည်။ ယင်းမီဒီယာကျင့်ဝတ်ကို သတင်းမီဒီယာသမားတိုင်းက လေးစားလိုက်နာကြပါဟု တိုက်တွန်းလိုပါသည်။

ယနေ့အချိန်တွင် နိုင်ငံတိုင်းလိုလို၌ မီဒီယာနှင့်ပတ်သက်၍ အကောင်းအဆိုး၊ အကျိုးအပြစ်အမျိုးမျိုးဖြစ်ပေါ်လျက်ရှိရာ ကျွန်တော်တို့လို ဒီမိုကရေစီကူးပြောင်းခါစ နိုင်ငံများအတွက် အင်မတန်သတိထားဆောင်ရွက်နေကြရမည့် အခြေအနေဖြစ်သည်။ ၂၀၁၄ ခုနှစ် မေလ ၂၈ ရက်နေ့တွင် အင်ဒိုနီးရှား-မြန်မာ မီဒီယာဆိုင်ရာ အပြန်အလှန်ဆွေးနွေးပွဲ(BIMD)တစ်ရပ်ကို ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် အင်ဒိုနီးရှားနိုင်ငံ စာနယ်ဇင်းကောင်စီ(Press Council of Indonesia) ကဆွေးနွေးခဲ့သည့် အကြောင်းအရာအချို့မှာ ကျွန်တော်တို့ မီဒီယာလောကအတွက် သတိပြုစရာ ဆင်ခြင်တွေးတောစရာများ ဖြစ်စေခဲ့သည်။

ယင်းဆွေးနွေးပွဲတွင် အင်ဒိုနီးရှားနိုင်ငံ စာနယ်ဇင်းကောင်စီက မိမိတို့နိုင်ငံ၌ သတင်းမီဒီယာလွတ်လပ်ခွင့်ကို အားလုံးနီးပါးရရှိနေပြီဖြစ်ကြောင်း၊ သို့သော်လည်း အခြေအမြစ်မခိုင်မာသော ဝေဖန်ချက်များ၊ မမျှတသည့် ဖော်ပြချက်များကို မကြာခဏကြုံတွေ့ခံစားနေရပါကြောင်း၊ သတင်းမီဒီယာများ၏ မဟုတ်မမှန်ပြောဆိုမှုများ၊ လုပ်ကြံလီဆယ်ချဲ့ကားပြောဆိုမှုများ၊ ဝေ့ဝိုက်ပြောဆိုမှုများကိုလည်း ခံစားနေရပါကြောင်း၊ အချို့သော အတင်းအဖျင်း သတင်းများကိုပင် သတင်းခေါင်းစဉ်တပ်ကာ ယုံကြည်မှုရှိလာစေရန် ဆောင်ရွက်နေကြသည်များလည်းရှိပါကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ ကျင့်စဉ်အနေဖြင့် ကြည့်ရှုလျှင် ကောင်းမွန်နေဆဲဖြစ်သော်လည်း ယခုလောလောဆယ်တွင် မိမိတို့အတွက် ယုတ္တိတန်၊ မတန် စဉ်းစားကြရမည်ဖြစ်ကြောင်း၊ သတင်းမီဒီယာများအနေဖြင့် Freedom of the Press ၏ အဓိပ္ပာယ်ကို စတင်စဉ်းစားကြည့်ရှုရန်လည်း လိုအပ်ပါကြောင်း၊ မိမိတို့အနေဖြင့် လွတ်လပ်မှုရှိနေခဲ့ပြီးဖြစ်သော်လည်း မည်သည့်အတွက် လွတ်လပ်ချင်ခဲ့သည်ကို မေးခွန်းထုတ်ရန်လိုအပ်ပါကြောင်း၊ မည်သည့်အတွက်လွတ်လပ်ချင်သည်ဆိုသည့် မေးခွန်းကိုဖြေရလျှင် လူမှုရေးဆိုင်ရာပြောင်းလဲမှုများကို ဖော်ဆောင်ရန်နှင့် လူမှုရေးဆိုင်ရာ လိုက်လျောညီထွေတိုးတက်ဖြစ်ပေါ်လာစေရေးအတွက် ပိုမိုပါဝင်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ သတင်းမီဒီယာများ၏ လိုအပ်ချက်အသစ်မှာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းတွင် မိမိတို့၏ အတွေးအမြင်များဖြင့် ပါဝင်ဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ ကိစ္စရပ်တော်တော်များများတွင် သတင်းစာဆရာများအနေဖြင့် မိမိတို့သိရှိနားလည်ထားသည်ထက် ပိုမို၍ ပုံကြီးချဲ့ကားရေးသား ထုတ်ဝေနေကြပါကြောင်း၊ မိမိတို့နိုင်ငံ၏ သတင်းစာဆရာများအနေဖြင့် လုပ်ရည်ကိုင်ရည် ကျွမ်းကျင်မှုထက် Freedom of the Press ဆိုသည့်အချက်သာ ဦးထိပ်ပန်ဆင်ထားပါကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၌ သတင်းစာဆရာများ၏ ကျွမ်းကျင်မှုနှင့်လုပ်ရည်ကိုင်ရည်ဆိုင်ရာ စစ်ဆေးမှုများကို စာနယ်ဇင်းကောင်စီက အတည်ပြုထောက်ခံပေးရသည့်ကိစ္စမှာလည်း ပြဿနာတစ်ရပ်ပင်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ကြသည်။

ယင်းဆွေးနွေးချက်များကို လေ့လာကြည့်ခြင်းအားဖြင့် အရှေ့တောင်အာရှနိုင်ငံများထဲတွင် သတင်းမီဒီယာလွတ်လပ်ခွင့်နှင့်ပတ်သက်၍ ရှေ့မှ ချီတက်နေသည့် အင်ဒိုနီးရှားနိုင်ငံ၏ မီဒီယာပြုပြင်ပြောင်းလဲရေးဆိုင်ရာ အတွေ့အကြုံများနှင့် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ကျွန်တော်တို့ သတင်းမီဒီယာသမားများအနေဖြင့် ကောင်းစွာဆင်ခြင်ရယူနိုင်ကြမည်ဖြစ်သည်။

အောင်မြင်သော လူ့အဖွဲ့အစည်းတစ်ခု

ယနေ့ ကျွန်တော်တို့နိုင်ငံ၏ အခြေအနေကို ပြန်ကြည့်လျှင် နှစ်ပေါင်းများစွာဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေး မိုးသက်မုန်တိုင်းများကို ဒူးပေနာပေ ခံစားရင်း ရုန်းထွက်လာခဲ့သည်ဟု ပြောကြရမည်ဖြစ်သည်။ နိုင်ငံရေးအရ လွတ်လပ်မှုများရှိလာခဲ့သည့်အတွက် နေရာတိုင်းတွင် ပြောရဲဆိုရဲ ပြောနိုင်ဆိုနိုင်သည့် အခွင့်အရေးများ ရရှိခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ သို့ရာတွင် အခြားတစ်ဖက်၌ ဒီမိုကရေစီနှင့်ကိုက်ညီသည့် အင်စတီကျူးရှင်းများသည် ရာနှုန်းပြည့်နီးပါး အဆင်သင့်မဖြစ်သေးသည်ကို ကျွန်တော်တို့ သတိပြုကြရ

နိုင်ငံရေးအရ လွတ်လပ်မှုများရှိလာခဲ့သည့်အတွက် နေရာတိုင်းတွင် ပြောရဲဆိုရဲ ပြောနိုင်ဆိုနိုင်သည့် အခွင့်အရေးများ ရရှိခဲ့သည်မှာ အမှန်ပင်ဖြစ်သည်။ သို့ရာတွင် အခြားတစ်ဖက်၌ ဒီမိုကရေစီနှင့် ကိုက်ညီသည့် အင်စတီကျူးရှင်းများသည် ရာနှုန်းပြည့်နီးပါး အဆင်သင့် မဖြစ်သေးသည်ကို ကျွန်တော်တို့ သတိပြုကြရမည်။

မည်ထင်ပါသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် Libralization များအားကောင်းလာသဖြင့် Institutionalization အပိုင်းများက အမီလိုက်နိုင်အောင် ကြိုးစားနေဆဲအခြေအနေပင်ဖြစ်သည်။

ဤသို့သော အခြေအနေတွင် သတင်းမီဒီယာသမားများအနေဖြင့် ပြည်သူများ၏ သတင်းသိပိုင်ခွင့်ကို သတ်မှတ်ပေးထားသည့် ကျင့်ဝတ်စည်းကမ်းများနှင့်အညီ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် ၁၉ ပါ အခွင့်အရေးကို ခံစားရရှိရန် ကြိုးစားဆောင်ရွက်နိုင်သလို အပိုဒ် ၂၉ ပါ ပြဋ္ဌာန်းချက်များကိုလည်း သတိပြုကြရန် အမှန်ပင်လိုအပ်ပေသည်။ အထူးသဖြင့် လူ့အခွင့်အရေးကြေညာစာတမ်း ၂၉ တွင် ဖော်ပြထားသည့် **မိမိ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် လူတိုင်းသည် အခြားသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များကို အသိမှတ်ပြု၍ လေးစားရန်ဆိုသည့်အချက်ကို လည်းကောင်း၊ အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အတွက် ဥပဒေအရသတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်းသာ ကျင့်သုံးပိုင်ခွင့်ရှိသည်ဆိုသည့် အချက်ကိုလည်းကောင်း** သတိပြုရန်လိုအပ်ပါသည်။

အချုပ်အားဖြင့်ဆိုသော် ဒီမိုကရေစီ၏အနှစ်သာရများဖြစ်သည့် မတူကွဲပြားသည့် ရှုထောင့်အမြင်အမျိုးမျိုးကို သင့်တင့်လျောက်ပတ်စွာ မျှမျှတတ ရပ်တည်ပေးခြင်း သို့မဟုတ် ဖော်ပြပေးခြင်း၊ လူနည်းစုများ၏ ရပ်တည်ချက်နှင့် အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်းတို့ကို မီဒီယာသမားတိုင်းက သတ်မှတ်ထားသည့် ကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်။ မည်သို့ပင် ဖြစ်စေ ကျွန်တော်တို့ လက်ရှိတည်ဆောက်နေသော မြန်မာ့လူ့အဖွဲ့အစည်းကြီး အောင်မြင်တိုးတက်စေရန်အတွက် အမှန်တရားကို ဓမ္မဓိဋ္ဌာန်ကျကျ ရဲရဲဝံ့ဝံ့ရေးသားပြောဆိုတတ်သည့် စိတ်ဓာတ်နှင့် ကျင့်ဝတ်သိက္ခာကို လေးစားလိုက်နာတတ်သည့် သတင်းမီဒီယာသမားကောင်းများစွာ အမှန်ပင်လိုအပ်လျက်ရှိနေပေသည်။ ။

လွှတ်တော်ရေးရာ

ပြည်သူ့လွှတ်တော်အစည်းအဝေး

ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် စီတန်းလှည့်လည်ခြင်းကြောင့် ပြည်သူအားအနှောင့်အယှက်ဖြစ်စေခြင်းမှကာကွယ်ရန် ဥပဒေပြဋ္ဌာန်းထား

နေပြည်တော် ဇွန် ၁၃

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ ပြည်သူတို့၏ ရပိုင်ခွင့်ဖြစ်သော ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ကို ကန့်သတ်ထိန်းချုပ်သူ မြို့နယ်အုပ်ချုပ်ရေးမှူး၏ အမိန့်အား ပြန်လည် ရုပ်သိမ်းပေးရန်နှင့် တာဝန်ရှိသူကို ဥပဒေအရ အရေးယူပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့် ခွင့်ပြုချက်တို့နှင့်အညီ ၎င်းအမိန့်အား ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပြီး ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါ၍ အဆိုပါ အမိန့်ထုတ်ပြန်ခဲ့သည့် ပဲခူးမြို့နယ် အုပ်ချုပ်ရေးမှူးအား ဥပဒေအရ အရေးယူဆောင်ရွက်ရန် မရှိပါကြောင်းနှင့် ရပ်ရွာ အေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးငှာ ထုတ်ပြန်ခဲ့သည့် ၎င်းအမိန့်အား ပြန်လည်ရုပ်သိမ်းရန် မရှိပါကြောင်းဖြင့် ယနေ့ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့တွင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းက ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄၊ ပုဒ်မခွဲ(ခ)၌ နိုင်ငံသားတိုင်းသည် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် လက်နက်မပါဘဲ ငြိမ်းချမ်းစွာ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့် အခွင့်အရေးများကို လွတ်လပ်စွာ သုံးစွဲဆောင်ရွက်ခွင့်ရှိသည်ဟူ၍ ပြဋ္ဌာန်းထားသည့်အလျောက် နိုင်ငံသားများက ယင်းအခွင့်အရေးများကို ဥပဒေနှင့်အညီ သုံးစွဲဆောင်ရွက်နိုင်ရန်အလို့ငှာ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေတို့ကို ပြဋ္ဌာန်းခဲ့ပြီးလည်း ဖြစ်ပါကြောင်း။

ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၀ တွင် **"ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် စပ်လျဉ်း၍ ခွင့်ပြုမိန့်တွင် သတ်မှတ်ပေးထားသည့် နေရာတွင်သာ ငြိမ်းချမ်းစွာ စုဝေးခြင်း ပြုရမည်"**ဟူ၍ လည်းကောင်း၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) တွင် **"အများပြည်သူကို အနှောင့်အယှက် အဟန့်အတား ဖြစ်စေခြင်း၊ စိတ်ပြိုငြင်စေခြင်း၊ အန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် ထိခိုက်နစ်နာစေခြင်း သော်လည်းကောင်း၊ ယင်းသို့ဖြစ်တန်ရာသည်ဟု စိုးရိမ်ထိတ်လန့်စေခြင်း သော်လည်းကောင်း ဖြစ်နိုင်သည့် အပြောအဆို သို့မဟုတ် အပြုအမူကို မပြုလုပ်ရ"**ဟူ၍ လည်းကောင်း စသည်ဖြင့် စည်းကမ်းသတ်မှတ်ချက်များကို ပြဋ္ဌာန်းထားပါကြောင်း။

သို့ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မိမိ၏ ယုံကြည်ချက်၊ ထင်မြင်ယူဆချက်၊ လိုလားချက်များနှင့် ဆန္ဒများကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေနှင့်အညီ ရယူဆောင်ရွက်နိုင်ပြီး ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ နည်းဥပဒေအရ ခွင့်ပြုပေးလျက်ရှိပါကြောင်း။

ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ၏ ရည်ရွယ်ချက်အား ယင်းဥပဒေပုဒ်မ ၃ တွင် ပြဋ္ဌာန်းထားရှိရာ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ) တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးဖြစ်သည့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ကို စနစ်တကျ သုံးစွဲ ဆောင်ရွက်ခွင့် ရရှိစေရန်နှင့် ယင်းတို့အား ဥပဒေအရ အကာအကွယ်ပေးရန် ဟူ၍လည်းကောင်း၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (ဂ) တွင် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်သူများကြောင့် အများပြည်သူအား အနှောင့်အယှက် ဖြစ်စေခြင်း၊ ဘေးအန္တရာယ် ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်းနှင့် အဟန့်အတားဖြစ်စေခြင်းတို့မှ ကာကွယ်ရန် ဟူ၍ လည်းကောင်း ပြဋ္ဌာန်းထားရှိပါကြောင်း။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း နိုင်ငံသားများ၏ မူလအခွင့်အရေးများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အခွင့်အရေးများသည် မျက်မှောက်ခေတ်၌ ဒီမိုကရေစီနည်းလမ်းကျကျ ပွင့်လင်းလာပြီ ဖြစ်ပါကြောင်း၊ သို့ဖြစ်ရာ ပွင့်လင်းမြင်သာလာသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၌ လူမှုရေး၊ ဘာသာရေး၊ မတူကွဲပြားခြားနားမှုကို အကြောင်းပြု၍ သဘောထားချင်း မတိုက်ဆိုင်သူတို့က မကျေနပ်မှုများ ရှေ့တန်းတင်လာရာမှစပြီး သွေးထိုးလှုံ့ဆော်မှုနှင့် တိုက်ခိုက်လိုမှုများကြောင့် ဘာသာရေးနှင့် လူမျိုးရေးကို အကြောင်းပြုလျက် ပဋိပက္ခများ ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ လက်ရှိအခြေအနေတွင် ဖြစ်ပွားခဲ့သော လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခများအား ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပဲခူးမြစ်၏ အရှေ့ဘက်ခြမ်းရှိ Main Road ဖြစ်သည့် ရန်ကုန်-မန္တလေး ပုံမှန်လမ်း ဝဲ/ယာတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ တိုင်းအဆင့်ဌာနဆိုင်ရာရုံးများ၊ ဆေးရုံ၊ ကျောင်း၊ ဈေးများဖြင့် လူသွားလူလာ၊ ယာဉ်အသွားအလာ ထူထပ်များပြား၍ မတော်တဆ ယာဉ်တိုက်မှုများကြောင့် အသက်အန္တရာယ် ဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် လည်းကောင်း၊ ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ အခန်း (၅)၊ စည်းကမ်း သတ်မှတ်ချက်များ၊ ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) အရ အများပြည်သူကို အနှောင့်အယှက် အဟန့်အတားဖြစ်စေခြင်း၊ စိတ်ပြိုငြင်စေခြင်း၊ အန္တရာယ်ဖြစ်စေခြင်း သို့မဟုတ် ထိခိုက်နစ်နာစေခြင်း သော်လည်းကောင်း၊ ယင်းသို့ ဖြစ်တန်ရာဟု စိုးရိမ်ထိတ်လန့်စေခြင်း သော်လည်းကောင်း၊ ဖြစ်နိုင်သည့် အပြောအဆို သို့မဟုတ် အပြုအမူကို မပြုလုပ်ရန်နှင့် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (ဂ) အရ ယာဉ်များနှင့် လမ်းသွားလမ်းလာများ၊ ပြည်သူများကို အနှောင့်အယှက်ဖြစ်စေသော တားဆီးပိတ်ဆို့ခြင်းကို မပြုလုပ်ရဟူသော စည်းကမ်းသတ်မှတ်ချက်များ အရလည်းကောင်း အဆိုပါ အမိန့်အား ထုတ်ပြန်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ကို စိစစ်တွေ့ရှိရပါကြောင်း။

သို့ဖြစ်၍ ပဲခူးမြို့နယ် အုပ်ချုပ်ရေးမှူးအနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးဖြစ်သည့် ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းတို့ကို စနစ်တကျ သုံးစွဲဆောင်ရွက်ခွင့်ရရှိစေရန်နှင့် ယင်းတို့အား ဥပဒေအရ အကာအကွယ်ပေးရန်၊ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်း အခွင့်အရေးတို့ကို သုံးစွဲဆောင်ရွက်သူများကြောင့် အများပြည်သူအား အနှောင့်အယှက်ဖြစ်စေခြင်း၊ ဘေးအန္တရာယ်ဖြစ်စေခြင်း၊ ထိခိုက်နစ်နာစေခြင်းနှင့် အဟန့်အတား ဖြစ်စေခြင်းတို့မှ ကာကွယ်ရန်၊ မိမိနယ်မြေအတွင်း တည်ငြိမ်အေးချမ်းစေရန်နှင့် ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးများ မဖြစ်ပေါ်စေရန်အလို့ငှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ နှင့်အညီ ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်နေ့မှစ၍ ပဲခူးမြို့အတွင်း အချက်အချာကျသည့် နေရာအားလုံး၊ ရပ်ကွက်အတွင်းလမ်းများတွင်ပါ ငြိမ်းချမ်းစွာ စုဝေးဟောပြောခြင်းနှင့် စီတန်းလှည့်လည်ခြင်းများ မပြုလုပ်ရန် ကန့်သတ်ပိတ်ပင်မိန့် ထုတ်ပြန်ခဲ့ကြောင်း၊ အုပ်ချုပ်ရေးမှူး အဖွဲ့အစည်းများအနေဖြင့် မိမိနယ်မြေအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် တည်ဆဲဥပဒေများနှင့်အညီ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့် ခွင့်ပြုချက်တို့အရ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ကို စိစစ်သိရှိရပါကြောင်းဖြင့် ထည့်သွင်းဖြေကြားခဲ့သည်။

မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်း၏ စက်ခလုတ်ကို အသုံးပြု၍ လျှို့ဝှက်ဆန္ဒမဲပေးရာတွင် အချက်ပြမီးစနစ်အား ပြုပြင်ပြောင်းလဲပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူး ဒေါက်တာစိုးရင်က ပြောင်မဲပေးစနစ်ဖြင့် မဲပေးလျှင် မိမိနှိပ်၍ မဲပေးသော ခလုတ်မှ မီးလင်းနေမည်ဖြစ်ပြီး လျှို့ဝှက်မဲပေးစနစ်ဖြင့် မဲပေးလျှင် မီးလုံးသုံးလုံးစလုံး လင်းနေမည်ဖြစ်၍ အချက်ပြမီးမလင်းအောင် လုပ်ဆောင်ပေး၍ မရပါကြောင်း၊ Computer (Server) တွင် Program ထည့်သွင်းထားသည့်အတိုင်း ဖော်ပြခြင်းဖြစ်၍ မည်သည့် အချက်ပြမီးမျှ မလင်းအောင် လုပ်ဆောင်၍မရပါကြောင်း။

စက်ခလုတ်ဖြင့် မဲပေးရာတွင် မှန်ကန်သော မဲရလဒ်များ ရရှိစေရန် လွှတ်တော်မကျင်းပမီ ကြိုတင်၍ Delegate များ၏ မဲခလုတ်များအား စစ်ဆေးခြင်း၊ အသံပိုင်းစစ်ဆေးခြင်း၊ ကိုယ်စားလှယ်အရေအတွက်

စာမျက်နှာ ၈ ကော်လံ ၃ သို့ ◆

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်း။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး။

အမျိုးသားလွှတ်တော်အစည်းအဝေး

ငွေကြေးဖောင်းပွမှုတည်ငြိမ်စေရန် မူဝါဒချမှတ်ပေးရန် အဆိုတင်၊ လုပ်ငန်းအရည်အသွေးကောင်းမွန်ရေးကြီးကြပ်ဆောင်ရွက်

နေပြည်တော် ဇွန် ၁၃

ကုန်ဈေးနှုန်းများနှင့် စားသုံးသူများ၏ဈေးနှုန်းအညွှန်းကို မိမိတို့နိုင်ငံတွင် တစ်လတစ်ကြိမ် ထုတ်ပြန်ပေးသင့်ပြီး ယင်းအပေါ်တွင် သုံးသပ်ဆောင်ရွက်သင့်ပါကြောင်း၊ နိုင်ငံတော်က လစာများတိုးပေးသည့်အခါ ကုန်ဈေးနှုန်းများ ချက်ချင်းတက်လာခြင်းသည်လည်း စဉ်းစားရမည့်အချက်ဖြစ်ပါကြောင်းဖြင့် ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က အဆိုတင်သွင်းရာ၌ ထည့်သွင်းတင်ပြခဲ့သည်။

ယင်းအဆိုမှာ **"ငွေကြေးဖောင်းပွမှုကိုတည်ငြိမ်စေရန်၊ မူဝါဒချမှတ်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း"**အဆိုဖြစ်ပြီး လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူကြောင်း ဆုံးဖြတ်ခဲ့သည်။

ကုန်ဈေးနှုန်းမြင့်တင်ခြင်း၊ ကုန်ဈေးနှုန်းမြင့်တက်ခြင်းသည် ငွေကြေးဖောင်းပွမှုကို ဖြစ်စေပါကြောင်း၊ မိမိတို့နိုင်ငံရှိ ပြည်သူပြည်သားများအားလုံး ကုန်ဈေးနှုန်းများမြင့်မားသည့်ဒဏ်ကို တဖြည်းဖြည်း ခံစားနေရမည်ဆိုပါက ပြောင်းလဲနေသော စီးပွားရေးစနစ်၊ နိုင်ငံရေးစနစ်များနှင့်အတူ မိမိတို့သည် ဆိုးကျိုးများသာခံစားရမည် ဖြစ်သောကြောင့် ငွေကြေးဖောင်းပွမှု တည်ငြိမ်ရန် မူဝါဒများ သေချာစွာချမှတ် ဆောင်ရွက်ရန်လိုအပ်သည့်အတွက် အဆိုတင်သွင်းရခြင်းဖြစ်ကြောင်း သိရသည်။

မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းကဏ္ဍတွင် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅) မှ ဒေါက်တာဌေးဝင်း၏ **"ကျေးလက်ဒေသဖွံ့ဖြိုးရေး ကျေးလက်လမ်းများအတွက် ကွန်ကရစ်ခင်းခြင်း၊ ကျောက်ချောခင်းခြင်း လုပ်ငန်းများအတွက် ဆောက်လုပ်ရေးလုပ်ငန်း ကုမ္ပဏီများသို့ တင်ဒါစနစ်ဖြင့် ချထားဆောင်ရွက်ရာတွင် လုပ်ငန်းအရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ်ကာလအတွင်းပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်းများပြည့်မီရေး မည်သို့ကြပ်မတ်ဆောင်ရွက်ခြင်းနှင့် ကြီးကြပ်ရေးအဖွဲ့များ မည်သို့ဖွဲ့စည်းစီမံဆောင်ရွက်ထားသည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက အိတ်ဖွင့်တင်ဒါ ခေါ်ယူခြင်း လုပ်ငန်းများအား တင်ဒါစိစစ်ရွေးချယ်ရေး အဖွဲ့ဖြင့် တင်ဒါခေါ်ယူခဲ့ပြီး သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် အဆိုပြုတင်ပြ တန်ဖိုးအနည်းဆုံးဖြစ်ခြင်း၊ သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်း၊ ကုမ္ပဏီဖွဲ့စည်းမှု အင်အား၊ ယန္တရားအင်အားနှင့် လုပ်ငန်းအတွေ့အကြုံရှိမှုတို့ အပေါ်မူတည်၍ စိစစ်ရွေးချယ်ခဲ့ပါကြောင်း။

တင်ဒါအောင်မြင်သောကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက်ရန် စာချုပ်ချုပ်ဆိုရာတွင် သတ်မှတ်ပုံစံနှင့်စံချိန်စံညွှန်းများ၊ လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်ရမည့်ကာလအတွင်း လုပ်ငန်းများ အချိန်မီမပြီးစီးပါက ဒဏ်ကြေးငွေပေးဆောင်ရန်နှင့် လုပ်ငန်းဆောင်ရွက်ပြီးစီး၍ စာချုပ်ပါ သတ်မှတ်ကာလအတွင်း ပျက်စီးမှုဖြစ်ပေါ်ပါက ကုမ္ပဏီမှတာဝန်ယူပြုပြင်ရန်တို့ကို ထည့်သွင်းချုပ်ဆိုထားပါကြောင်း။

လုပ်ငန်းဆောင်ရွက်နေစဉ်ကာလအတွင်း လုပ်ငန်းအရည်အသွေးကောင်းမွန်ရေးနှင့် လုပ်ငန်းပြီးစီးမှုများကို ကွင်းဆင်းစစ်ဆေးရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန(ရုံးချုပ်)မှ လုပ်ငန်းပြီးစီးမှုနှင့် လုပ်ငန်းအရည်အသွေး စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး ကွင်းဆင်းစစ်ဆေး ကြီးကြပ်ဆောင်ရွက်ခဲ့ပါကြောင်း၊ သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ဆောင်ရွက်ခြင်းမရှိပါက ပြန်လည်ပြင်ဆင်စေခြင်း၊ အသစ်ပြန်လည်ဆောင်ရွက်စေခြင်းတို့ဖြင့် လုပ်ငန်းအရည်အသွေးကောင်းမွန်စေရန် ကြီးကြပ်ဆောင်ရွက်စေပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်များမှ တာဝန်ရှိသူများက အနီးကပ်စစ်ဆေးကြီးကြပ်ပါကြောင်း ဖြေကြားသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးခင်မောင်အေး။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဒေါက်တာဌေးဝင်း။

✱ ရှေ့ဖုံးမှ

ကျောင်းထားရန်အတွက် အလေးဂရုပြုဆောင်ရွက်သွားကြရန်လိုပါကြောင်း။

ဆရာ ဆရာမများအနေဖြင့် မိမိတို့လုပ်ငန်းခွင်တွင် ပျော်ရွှင်ချမ်းမြေ့မှု ရရှိစေရန် လိုအပ်သည့်အတွက် အသေးစိတ်လိုအပ်ချက်များကို လိုက်နာဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ ပွင့်လင်းမြင်သာမှုနှင့် တရားမျှတသော အခွင့်အရေးကောင်းများကိုရရှိစေရန် ဆောင်ရွက်ပေးသွားကြရန် လိုအပ်ပါကြောင်း။

စစ်တွေကောလိပ်အဆင့်မှ ယခု တက္ကသိုလ်အဆင့်အထိ ဖြတ်သန်းလာခဲ့သည့် နှစ်ကာလများ၌ ပညာတတ်အရေးအတွက် မြောက်မြားစွာ မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာရှင်များ ပိုမိုများပြားလာစေရန် မွေးထုတ်ပေးသွားကြရမည်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍ မြင့်မားတိုးတက်လာစေရန်အတွက် ဆရာ၊ မိဘ၊ ကျောင်းသား သုံးဦးသုံးဖလှယ် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မိမိတို့အနေဖြင့် ယခုကဲ့သို့ ရခိုင်ပြည်နယ်အတွင်း လာရောက်ကြခြင်းမှာ ပြည်နယ်အတွင်း ပိုမိုတိုးတက်ကောင်းမွန်လာစေရေး အခွင့်အလမ်းများကို တစ်ဖက်တစ်လမ်းမှ ဖော်ဆောင်ပေးနိုင်စေရန်ရည်ရွယ်၍ လာရောက်ခြင်းဖြစ်ပါကြောင်း၊ ယင်းသို့လာရောက်ရာတွင် ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကောင်းမွန်သည့် အလားအလာကောင်းများရှိနေသည်ကို တွေ့မြင်ရပါကြောင်း၊ ရေသယံဇာတ အရင်းအမြစ်၊ စွမ်းအင်ဆိုင်ရာ အရင်းအမြစ်များကို အကျိုးရှိစွာ အသုံးပြုနိုင်စေရန်အတွက် ဒေသခံများအနေဖြင့် ပညာကောင်းမွန်စွာ တတ်မြောက်ထားကြရန် လိုအပ်ပါကြောင်း၊ တက္ကသိုလ်ပညာများကို သင်ကြားရာတွင် ဘာသာရပ်အလိုက် ချဉ်းကပ်သင်ကြားရာ၌ စိတ်ပါဝင်စားစွာ သင်ကြားလေ့ကျင့်ကြရန် လိုအပ်ပါကြောင်း။

မည်သည့်ဘာသာရပ်တွင်မဆို စိတ်ပါဝင်စားစွာဖြင့် ကြိုးစားသင်ယူကာ တတ်မြောက်အောင်မြင်ကြပြီး အကျိုးရှိရှိ ပြန်လည်အသုံးချနိုင်စေရေးအတွက် ဆောင်ရွက်သွားကြရန်လိုအပ်ပါကြောင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များတွင် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများအနေဖြင့် ပိုမိုပျော်ရွှင်ကောင်းမွန်စေမည့် အခြေအနေကောင်းများ၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ပိုမိုဖော်ဆောင်ပေးနိုင်ရေးအတွက် အစွမ်းကုန်တတ်နိုင်သမျှ ဆောင်ရွက်ပေးသွားမည်ဟု စဉ်းစားလျက်ရှိပါကြောင်း။

ပညာရေးပြုပြင်ပြောင်းလဲမှုကို ပိုမိုတိုးတက်ကောင်းမွန်လာစေရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ ရခိုင်ပြည်နယ်ကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာစေရန်မှာ ယခု စစ်တွေတက္ကသိုလ်ခန်းမအတွင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများတွင် တာဝန်ရှိနေသည်ကို မမေ့မလျော့စေလိုပါကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲရေး၊ လူမှုစီးပွားဘဝ ပြုပြင်ပြောင်းလဲရေး၊ အုပ်ချုပ်ရေးဆိုင်ရာ ပြောင်းလဲရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဆရာ ဆရာမများက မိမိတို့၏ လိုအပ်ချက်များ၊ လိုလားချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ်တွင်ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး ဒေသခံပြည်သူများနှင့် သင့်မြတ်ငြိမ်းချမ်းစွာ အတူလက်တွဲနိုင်ရေး မှာကြား

နေပြည်တော် ဇွန် ၁၃

ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသော ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးအောင်ကြည်၊ ဦးခင်ရီနှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်တို့သည် ယနေ့ ညနေ ၅ နာရီတွင် ရခိုင်ပြည်နယ် ပြည်ထောင်စု ECC ရုံး(ထွေ/အုပ်)ရုံးဟောင်း၌ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ NGOs များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ (ယာပုံ)

ထိုသို့ ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးခင်ရီတို့က ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီများကို လာရောက်ပေးအပ်ကူညီလိုကြသည့် အဖွဲ့အစည်းများအနေဖြင့် ဘက်လိုက်မှုမရှိဘဲ ကူညီမှုများပေးအပ်သွားနိုင်ရေး၊ ဒေသခံပြည်သူများနှင့် သင့်မြတ်ငြိမ်းချမ်းစွာအတူလက်တွဲဆောင်ရွက်သွားနိုင်ရေး ဆိုင်ရာများကို အလေးအနက်ထား မှာကြားသည်။

အလားတူ သက်ဆိုင်ရာ NGOs အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ၎င်းတို့အဖွဲ့အစည်းများ ရခိုင်ပြည်နယ်အတွင်း လာရောက်နေထိုင်ကြရာတွင် အဆင်ပြေလုံခြုံချောမွေ့စေရေး၊ လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရာတွင် အခက်အခဲမရှိစေရေးဆိုင်ရာများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်ချက်များအပေါ် ဖြည့်ဆည်းပေးကာ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

အလားတူ ECC အစည်းအဝေးများကို လစဉ်မပျက် ပုံမှန်ပြုလုပ်ကာ NGOs အဖွဲ့အစည်းများ၊ ဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ လုပ်ကိုင်ဆောင်ရွက်ရာတွင် လိုအပ်ချက်များကို ကူညီပေးသွားရေးဆိုင်ရာများကို မှာကြားဆောင်ရွက်ပေးခဲ့သည်။

(သတင်းစဉ်)

◆ စာမျက်နှာ ၇ မှ

တိကျမှန်ကန်မှု ဖော်ပြစေရန်အတွက် Voting Card များ ထည့်သွင်းစစ်ဆေးခြင်း အကြိမ်ကြိမ် ပြုလုပ်ကြပါကြောင်း၊ ကိုယ်စားလှယ်တော်ကြီးများသည် လွှတ်တော်အစည်းအဝေးခန်းမအတွင်းသို့ ရောက်ရှိသည်နှင့် တစ်ပြိုင်နက်တည်း မိမိ၏ Voting Card ကို မိမိ၏ Delegate တွင် မှန်ကန်စွာ ထည့်သွင်းရမည်ဖြစ်ပါကြောင်း၊ မိမိကတ်ထည့်သွင်းစဉ်တွင် Delegate ရှိ မြားပုံမီးငြိမ်းသွားရမည်ဖြစ်၍ မီးမငြိမ်းလျှင် မိမိသည် တက်ရောက်သူစာရင်းတွင် ပါဝင်မည်မဟုတ်ပါကြောင်း။

မိမိကတ်ကို ကြိုတင်ထည့်သွင်းထားမှသာလျှင် ကတ်ထိုးစဉ် Delegate ရှိ မြားပုံမီးငြိမ်း/မငြိမ်း သိရှိနိုင်ပြီး မီးမငြိမ်းပါက သက်ဆိုင်ရာ ဝန်ထမ်းကို အကြောင်းကြားစစ်ဆေးရန် ညွှန်ကြားချိန်ရရှိမည်ဖြစ်ပါကြောင်း၊ တက်ရောက်သည့် ကိုယ်စားလှယ်တော်များ၏ တက်ရောက်မှုစစ်ဆေးခြင်းကို လွှတ်တော်ဥက္ကဋ္ဌ ခန်းမအတွင်းသို့ ဝင်ရောက်လာစဉ်တွင် နောက်ဆုံးထား၍ စစ်ဆေးပါကြောင်း၊ တက်ရောက်မှုစစ်ဆေးစဉ် ကတ်ထိုးထားခြင်းမရှိဘဲ ဆန္ဒမဲပေးရန် လွှတ်တော်ဥက္ကဋ္ဌ ကြေညာချိန်မှ ကတ်ထိုးလျှင် တက်ရောက်မှုစာရင်းတွင် ပါဝင်မည်မဟုတ်သောကြောင့် ဆန္ဒမဲပေး၍ ရမည်မဟုတ်ပါကြောင်းနှင့် လွှတ်တော်ခန်းမအတွင်း ခေတ္တရပ်နားသောအချိန်တွင် ကတ်များကို ဖြုတ်ယူသွားခြင်း၊ ပြန်လည်ဝင်ရောက်ချိန်တွင် ကတ်ပြန်ထိုးရန် ပျက်ကွက်ခြင်းများကြောင့် မဲအရေအတွက် မှားယွင်းနိုင်ပါကြောင်း။

ထိုသို့ မဖြစ်ပေါ်စေရန်အတွက် ကိုယ်စားလှယ်တော်ကြီးများမှ လိုက်နာဆောင်ရွက်ရမည့် အချက်များမှာ အခမ်းအနားမစမီ ခန်းမအတွင်းသို့ ဝင်ရောက်၍ Voting Card ကို Delegate တွင် မပျက်မကွက် ထိုးပေးရန်၊ Delegate ရှိ မြားပုံမီး ငြိမ်း/မငြိမ်း စစ်ဆေးပြီး မီးမငြိမ်းပါက စစ်ဆေးပေးမည့် သက်ဆိုင်ရာဝန်ထမ်းကို အကြောင်းကြားပေးရန်နှင့် လွှတ်တော် ခေတ္တနားချိန်တွင် Voting Card ကို ဖြုတ်ယူသွားခြင်းမပြုကြရန် လိုအပ်ပါကြောင်း၊ ဆန္ဒမဲမပေးမီ ညှိကတ်များ ဖြုတ်ထားရမည်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်ဦးရေ တက်ရောက်မှုကို စစ်ဆေးရန် လွှတ်တော်မှ Voting Control ခန်းသို့ ညွှန်ကြားချက်ပေးရပါကြောင်း၊ တက်ရောက်မှုကို စစ်ဆေးပြီးမှ မဲပေးခြင်းသည် တိကျသော မဲရလဒ်ကို ရရှိစေနိုင်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ကျန်းမာရေးမြှင့်တင်မှုကော်မတီမှ ဒေါက်တာမောင်မောင်ဝင့်က **"မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေကြမ်း"** ကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာ လွှတ်တော်က လက်ခံဆွေးနွေးရန် အတည်ပြုကြောင်းနှင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် သက်ဆိုင်ရာကော်မတီသို့ လွှဲအပ်မည်ဖြစ်ကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာပြီး ယနေ့အစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် ရပ်နားလိုက်သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့ကို ဇွန် ၁၆ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ဆွီဒင်နိုင်ငံသံရုံးခွဲ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ပေးအပ်ချီးမြှင့်

ရန်ကုန် ဇွန် ၁၃

မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံသံရုံးသစ်ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်(၇)မိုင် ပြည်လမ်းရှိ နော်ဝေနိုင်ငံ၊ ဒိန်းမတ်နိုင်ငံ၊ ဖင်လန်နိုင်ငံတို့ စုပေါင်းဖွင့်လှစ်ထားသော Nordic House တွင် ဆွီဒင်နိုင်ငံ၏ အမျိုးသားနေ့ကျရောက်သည့် ဇွန် ၆ ရက်က ကျင်းပခဲ့သည်။

အဆိုပါ ဆွီဒင်နိုင်ငံသံရုံးခွဲဖွင့်ပွဲနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံဂုဏ်ထူးဆောင်ကောင်စစ်ဝန် ဒေါက်တာမြင့်ဟန်အား ဆွီဒင်နိုင်ငံ၏ ကောဆဋ္ဌမမြောက်ဘုရင် His Majesty Carl Gustaf XVI-King of SWEDEN က ဆွီဒင်နိုင်ငံ၏ အမြင့်ဆုံးဂုဏ်ထူးဆောင်လက်မှတ် "DIPLOM"နှင့် ဂုဏ်ထူးဆောင်ဘွဲ့ "The Royal Order of the Polar Star-Officer First Class"တို့ကို ဆွီဒင်နိုင်ငံဘုရင်ကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံသံအမတ်ကြီး His Excellency Mr.Klas Molin က ဂုဏ်ပြုစကားပြောကြား၍ ဘွဲ့တံဆိပ် ချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်တို့ကို မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် ပထမဆုံး လက်ခံရရှိခဲ့ခြင်းဖြစ်ပြီး ဤကဲ့သို့ ထူးကဲမြင့်မြတ်သော ဂုဏ်ထူးဆောင် လက်မှတ်နှင့် ဂုဏ်ထူးဆောင် ဘွဲ့တံဆိပ်တို့ကို ဆွီဒင်နိုင်ငံဘုရင်က မိမိအား ဂုဏ်ပြုချီးမြှင့်သည့်အတွက် ဆွီဒင်နိုင်ငံဘုရင်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဆွီဒင်နိုင်ငံ သံအမတ်ကြီးတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မိမိအနေဖြင့်လည်း ဤကဲ့သို့ ထူးကဲမြင့်မြတ်သော ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များကို မမျှော်လင့်ဘဲ လက်ခံရရှိခဲ့သည်ကို များစွာနှစ်သက်ကြည်နူး ဝမ်းမြောက်ဝမ်းသာဖြစ်ရပါကြောင်းနှင့် တစ်သက်တာအမြတ်တနိုး အမှတ်တရထားရှိမည်ဖြစ်ပါကြောင်း ဒေါက်တာမြင့်ဟန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

(ကြေးမုံ)

ရန်ကုန်တိုင်းဒေသကြီး တရားရေးမိသားစု စာအုပ်နှင့် စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်

ရန်ကုန် ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်နှင့်တိုင်းဒေသကြီးအတွင်းရှိ တရားရုံးများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာထမ်း၊ အမှုထမ်းများ၏ မူလတန်းအဆင့်ပညာသင်ကြားလျက်ရှိသော သားသမီးများအား ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် စာအုပ်နှင့်စာရေးကိရိယာပစ္စည်းများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယင်းအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေက အမှာစကားပြောကြားပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မူလတန်းအဆင့် ပညာသင်ကြားလျက်ရှိသော အရာထမ်း၊ အမှုထမ်းများ၏ သားသမီး ၉၂ ဦးအား စုစုပေါင်းငွေကျပ် ၂၅၀၀၀၀ ခန့်တန်ဖိုးရှိ ဗလာစာအုပ်နှင့် ခဲတံများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

လျှပ်စစ်ဓာတ်အား ပြတ်တောက်မည်ဖြစ်ကြောင်း သတိပေးပြောကြား

ကျောက်တန်း ဇွန် ၁၃

ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ တံတားမြို့နယ်ခွဲအုပ်ချုပ်ရေးရုံးရှိ ဝန်ထမ်းများမှ ၁၄-၆-၂၀၁၄ ရက်နှင့် ၁၅-၆-၂၀၁၄ ရက်နေ့များတွင် ဓာတ်အားလိုင်းထိန်းပြင်လုပ်ငန်းများဆောင်ရွက်ခြင်း၊ ဓာတ်အားလိုင်းနှင့် မလွတ်သော သစ်ပင်များခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်၍ ယင်းနေ့များတွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်၍ ဓာတ်အားပြတ်တောက်မည် ဖြစ်ကြောင်းကို ပြည်သူများ သိရှိနိုင်ရန် အသံချဲ့စက်ဖြင့် မြို့နယ်တွင်း လိုက်လံကြေညာကြောင်း သိရသည်။

အောင်ဆွေ(ရွှေတံတား)

❖ ကျောဖုံးမှ

ပညာရည်မြင့်မားတိုးတက်လာစေရေးအတွက် အဓိကထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက မိမိတို့ လာရောက်ကြရသည့် ရည်ရွယ်ချက်မှာ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြံဆောင်အကောင်အထည်ဖော်ပေးရန် ရောက်လာကြခြင်းဖြစ်ပါကြောင်း၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများအနေဖြင့်လည်း မိမိရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်တက်ကြွကြွ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွန်းလာသကဲ့သို့ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်လာစေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်သူလူထုဝန်ဆောင်မှုလုပ်ငန်းကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ ဒေသခံပြည်သူလူထုအတွက်သာမက ပြည်သူ့ဗဟိုပြုလုပ်ငန်းများကိုပါ ဦးစားပေးဆောင်ရွက်နေခြင်းလည်းဖြစ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်တားဆီးနိုင်စေရန်အတွက်လည်း ကမ်းရိုးတန်းဒေသရှိ မြို့ကြီးများတွင် ရေဒီယို၊ FM လွှင့်စက်များကို တိုးချဲ့တပ်ဆင်ပေးလျက်ရှိပါကြောင်း၊ ယခုအသုံးပြုနေသည့် ရုပ်သံလွှင့်စက်များကို Analogue စနစ်မှ Digital စနစ်သို့ ကူးပြောင်းကာ ထုတ်လွှင့်ပြသပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ လူထုပညာပေးရေးအတွက် ရုပ်သံထုတ်လွှင့်မှုများသာမက စာပေရေချမ်းစင်၊ စာကြည့်တိုက်များကို ဖွင့်လှစ်ပေးထားပြီးဖြစ်ပါကြောင်း၊ ပြည်သူလူထုအနေဖြင့် ဗဟုသုတများ စုံလင်စွာရရှိစေရန် Digital စာကြည့်တိုက်များ ဖြစ်ပေါ်လာစေရန်အတွက်လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အလားတူ ပြည်သူလူထု၏ လက်ဝယ်အရောက် နေ့စဉ်ထုတ်သတင်းစာများ အချိန်မီရောက်ရှိစေရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒေသခံ မြို့မိမြို့ဖ၊ ရပ်မိရပ်ဖများနှင့် မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များက မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို ပြန်လည်ဆွေးနွေးဖြေကြားပေးကြပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်း၊ ဦးအောင်ကြည်၊ ဦးခင်ရီ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် ဒေသခံများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

❍ မိတ္ထီလာမြို့မှ

ATT ကုမ္ပဏီက မိတ္ထီလာမြို့လူထု ကျန်းမာရေးနှင့်ညီညွတ်သည့် ရေသန့်စင်စက်ရုံတစ်ရုံကို မိတ္ထီလာမြို့ လင်ဇင်းရပ်ကွက် လွတ်လပ်ရေးပန်းခြံအတွင်းတွင် အလျားပေ ၂၀၀၊ အနံပေ ၁၀၀ ရှိမြေပေါ်၌ ရေသန့်စင်စက်ရုံတစ်ရုံကို ဖေဖော်ဝါရီ ၁၈ ရက်က စတင်တည်ဆောက်ခဲ့ရာ ယခုအခါ ပြီးစီးနေပြီဖြစ်၍ မိတ္ထီလာမြို့ လင်ဇင်းရပ်ပန်းခြံ ရေသန့်စင်စက်ရုံမှ ဇွဲရုံရေစင်သို့ ပေးပို့ပြီး ရတနာမာရ်အောင်ရပ်၊ အောင်ဇေယျာ၊ ဈေးအရှေ့ပြင်ရပ်၊ မြို့မ(၄)ရပ်၊ ရန်မျိုးအောင်ရပ်နှင့် သီရိမင်္ဂလာရပ်ကွက်များသို့ ရေသန့်စင်စက်ရုံမှ ဇွန် ၁၅ ရက်မှစ၍ စမ်းသပ်ပေးသွားမည် ဖြစ်သည်။ ပန်းခြံရေစက်ရုံမှပင် ထီးသုံးဆင့်အုတ်ကန်သို့ပေးပို့ပြီး ထီးသုံးဆင့်အုတ်ကန်မှတစ်ဆင့် ဝန်ဇင်းရပ်၊ ရန်မျိုးအောင်ရပ်၊ သီရိမင်္ဂလာရပ်နှင့် ဈေးအရှေ့ပြင်ရပ်တို့ကို ဖြန့်ဝေပေးသွားမည်ဖြစ်သည်။ ထိုရေသန့်စင်စက်ရုံမှ နေ့စဉ် တစ်ရက်လျှင်ရေဂါလန် ၁၁ သိန်း ဖြန့်ဝေပေးသွားမည်ဖြစ်သည်။

ရေသန့်စင်စက်ရုံမှ ထွက်သောရေသည် ကျောက်စစ်ကန်၊ သဲစစ်ကန်နှင့် ပိုးသတ်ဆေးထည့်ပြီးဖြစ်၍ ဝမ်းကိုက်ပိုး၊ ကာလဝမ်းရောဂါပိုး၊ ထုံးဓာတ်၊ သံဓာတ်များသန့်စင်ပြီး ရေနောက်ကျိမှုလုံးဝမရှိစေဘဲ အနံ့အသက်လည်းကင်းရှင်းပြီး ကျန်းမာရေးနှင့် ညီညွတ်ကာ ကြည်လင်သန့်ရှင်းသော သောက်သုံးရေသုံးစွဲရတော့မည်ဖြစ်၍ မြို့လူထုဝမ်းသာပျော်ရွှင်နေကြသည်။ ရေသန့်စင်စနစ်သုံးစွဲပါက လက်ရှိသုံးစွဲနေသော နှစ်ပေါင်း ၆၀ ကျော်က အသုံးပြုခဲ့သည့် ပိုက်ဆွေးပိုက်ပျက်များကို အသစ်အစားထိုးလဲလှယ်ပေးရန် မြို့လူထုကလိုလားနေကြသည်။

(၁၁၁)

ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်မှု အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးမည်

နေပြည်တော် ဇွန် ၁၃

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီတို့သည် ယနေ့ နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်တို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အလှည့်ကျ စီမံခန့်ခွဲရေးကော်မတီဝင်များ၊ ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကယ်ဆယ်ရေးစခန်းနယ်မြေတာဝန်ခံများ၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ စစ်တွေ မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ စစ်တွေမြို့နယ် စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များ၊ စစ်တွေမြို့ပေါ်ရှိ ရပ်ကွက်များမှ အုပ်ချုပ်ရေးမှူးများ၊ မြို့မိမြို့ဖကိုယ်စားလှယ်များနှင့် ရခိုင်ကွန်ရက်ကိုယ်စားလှယ်များတက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနများက ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံအက်ဥပဒေနှင့် သီသင့်သိထိုက်သည့် ဥပဒေ၊ မွေးရာပါနိုင်ငံသားနှင့် ဥပဒေအရ နိုင်ငံသားအခွင့်အရေးများ၊ မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ရခိုင်ပြည်နယ်အတွင်း သန်းခေါင်စာရင်းကောက်ယူမှု အခြေအနေ၊ ရခိုင်ပြည်နယ် မြေပုံမြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးလုပ်ငန်းအား စမ်းသပ်နယ်မြေသတ်မှတ်ပြီး ဇွန်လနောက်ဆုံးပတ်ကို နောက်ဆုံးထား၍ ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေနှင့် အစီအမံများ၊ ယင်းအစီအမံများအရ ကြိုတင်ပြင်ဆင်မှုအပိုင်းနှင့် လုပ်ဆောင်မှုအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံတော်အစိုးရ၏မူဝါဒနှင့်အညီ လူဝင်မှုလုပ်ငန်းအဆင်ပြေစေရေးအတွက် ဆိုက်ရောက်ဗီဇာထုတ်ပေးနိုင်ရေး ဆောင်ရွက်နေမှုများ၊ ပြည်ပရောက်မြန်မာနိုင်ငံသား ဟောင်းများအား အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်ပေးနေမှုများ၊ မကြာမီတိုးချဲ့ဆောင်ရွက်မည့် e-visa အကောင်အထည်ဖော်မည့်အခြေအနေများတွင် ရခိုင်ပြည်နယ်အတွင်း အထောက်အကူပြုပေးနိုင်မည့် အခြေအနေများ၊ မိုးပွင့်စီမံချက်အရ ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးမှုများ၊ မိုးပွင့် ၆ စီမံချက်ပြန်လည်စတင်သည့်အခြေအနေများ၊ အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးမည့် Door To Door စနစ် အကောင်အထည်ဖော်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် မြို့မိမြို့ဖများက မေးမြန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကရုဏာရှေးရှုမြန်မာမှုအစီအစဉ်၏ (၁၄)ကြိမ်မြောက် သွေးလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၁၃

မြန်မာဘရူဝါရီလီမိတက် ကရုဏာရှေးရှုမြန်မာမှု အစီအစဉ်၏ (၁၄) ကြိမ်မြောက် သွေးလှူဒါန်းပွဲကို ယနေ့ နံနက်က ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်း အမျိုးသားသွေးလှူဘဏ်၌ ပြုလုပ်ခဲ့သည်။

မြန်မာဘရူဝါရီလီမိတက်သည် လူမှုရေး၊ ပညာရေးနှင့်ကျန်းမာရေး ကဏ္ဍ သုံးခုစလုံး၌ ပါဝင်ဆောင်ရွက်နေပြီး ယခုပြုလုပ်သည့် သွေးလှူဒါန်းပွဲအစီအစဉ်သည် ကျန်းမာရေးကဏ္ဍ လူနာများအတွက် အရေးပါသည့် လှူဒါန်းမှုဖြစ်သည်သာမက လှူဒါန်းသူများကိုယ်တိုင် ကျန်းမာရေးကို ဂရုပြုစေသော လှူဒါန်းမှုဖြစ်ကြောင်း၊ သွေးလှူဒါန်းခြင်း၏ အရေးကြီးမှုကို ပိုမိုနားလည်စေရန်၊ အရေးပေါ်လူနာများအတွက် အချိန်မီသွေးလုံလောက်စွာ ရရှိနိုင်စေရန် ရည်ရွယ်၍ လှူဒါန်းရခြင်းဖြစ်ကြောင်း အဆိုပါ အခမ်းအနားမှသိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အမျိုးသားသွေးဌာန ဌာနမှူး ဒေါက်တာဒေါ်သီတာအောင်က "သွေးက သက်မဲ့ပစ္စည်းတွေလို ဈေးတက်ရင်ထုတ် ဈေးကျရင်သိမ်းလို့လည်းမရဘူး၊ ၃၅ ရက်ကျော်ရင် သုံးလို့မရတော့ဘူး။ အရေးပေါ် အသက်ကယ်ရမယ့် အချိန်မှာ သွေးရှာတာနဲ့အချိန်ကုန်သွားနိုင်တယ်။ ဆရာမတို့က သွေးထောက်ရတဲ့ဌာနဆိုတော့ ထိန်းသိမ်း စောင့်ရှောက်ရတာလည်း အလုပ်တစ်ခုပေါ့နော်။ ဒီလိုစနစ်တကျဖွဲ့စည်းထားတဲ့ အဖွဲ့မျိုးလေးတွေရှိတဲ့အခါကျတော့ ဆရာမတို့ ထောက်ရမဲ့လူကပိုပြီးတော့ စနစ်ကျတာပေါ့၊ ဘယ်သူကဘယ်အချိန်မှာ လှူမယ် အချိန်ဇယားပေးထားပြီးသား၊ အခုလို လှူဒါန်းတာကိုရော၊ ဆရာမတို့ဌာနကပေးတဲ့ အသိပညာ၊ အကြံဉာဏ်တွေကို လက်ခံပေးတာကိုရော ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

သွေးအလှူရှင် မြောက်ဒဂုံမြို့နယ်မှ ကိုဇေယျာထွန်းက "တစ်ခါတစ်လေ အရေးကြုံလို့ သွေးလိုတဲ့အခါကျရင် အရမ်းကို ဒုက္ခရောက်တယ်။ အခုလိုမျိုး ပရဟိတအဖွဲ့တွေ အများကြီးရှိတဲ့အတွက် အရမ်းကောင်းတယ်။ ကျွန်တော်ဒါပါနဲ့ဆို လေးကြိမ်ရှိသွားပါပြီ။ ဒီမှာရှိတဲ့ အဖွဲ့တွေထဲက သူငယ်ချင်းက ဖုန်းလှမ်းဆက်တာနဲ့ လာလှူဖြစ်တာပါ။ နောက်လည်း လှူဖို့ အစီအစဉ်ရှိပါတယ်" ဟု ပြောသည်။

မြန်မာဘရူဝါရီလီမိတက်၏ ကရုဏာရှေးရှုမြန်မာမှုအစီအစဉ်မှ ၂၀၀၆ ခုနှစ်မှစတင်၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် ဝန်ထမ်းများ စုပေါင်းသွေးလှူဒါန်းပွဲ ပြုလုပ်ခဲ့ရာ စုစုပေါင်း သွေးပုလင်း ၁၀၅၄၇ လှူဒါန်းပြီးကြောင်း သိရသည်။

ယနေ့ပြုလုပ်သော အခမ်းအနားတွင် သွေးလှူရှင်ပေါင်း ၅၄၇ ဦး လှူဒါန်းခဲ့ကြောင်း သိရသည်။

(သီသီမင်း)

မြန်မာ့ပုလဲလုပ်ငန်းဥပဒေကြမ်း စိစစ်

နေပြည်တော် ဇွန် ၁၃

မြန်မာ့ပုလဲလုပ်ငန်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ဥပဒေကြမ်းကော်မတီရုံး၌ ကျင်းပရာ ပြည်သူ့လွှတ်တော် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးလွှန်းသီ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အဖွဲ့ဝင်များနှင့် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်တို့က ဥပဒေကြမ်းပါ အချက် ၇ ချက်ကို တစ်ချက်ချင်း အကြံပြုဆွေးနွေးကြပြီး ပြည်သူ့လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ၁၄-၆-၂၀၁၄ ရက်နေ့တွင် ဒဂုံ(မြောက်)၊ ဒဂုံ(တောင်)၊ သယ်န်းကျွန်း၊ တောင်ဥက္ကလာပ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ဒဂုံ(ဆိပ်ကမ်း)၊ မရမ်းကုန်း၊ လှိုင်၊ စမ်းချောင်း၊ လသာ၊ သန်လျင်၊ ကျောက်တန်း၊ ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ အင်းစိန်၊ ရွှေပြည်သာ၊ မှော်ဘီ၊ တိုက်ကြီး၊ ဥက္ကံ၊ လှည်းကူး၊ ထန်းတပင်၊ အင်းတိုင်၊ အဖျောက်၊ လှိုင်သာယာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၈း၀၀ နာရီ မှ ၁၅း၀၀ နာရီအတွင်း အချိန်ပိုင်းဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၃။ ၁၅-၆-၂၀၁၄ ရက်နေ့တွင် သယ်န်းကျွန်း၊ ဒဂုံ(အရှေ့)၊ ဒဂုံ(တောင်)၊ ဒဂုံ(ဆိပ်ကမ်း)၊ တောင်ဥက္ကလာပ၊ မရမ်းကုန်း၊ ပန်းဘဲတန်း၊ သန်လျင်၊ ခရမ်း၊ သုံးခွ၊ တံတား၊ ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ အင်းစိန်၊ ရွှေပြည်သာ၊ တိုက်ကြီး၊ လှည်းကူး၊ ဒါးပိန်၊ လှိုင်သာယာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၈း၀၀ နာရီမှ ၁၅း၀၀ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ် တောင်းပန်ပါကြောင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

(ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့)

မကွေးမြို့တွင် မူလတန်းကျောင်းသား ငါးဦး ရေနစ်သေဆုံး

မကွေး ဇွန် ၁၃ - မကွေးမြို့ ရွှေညောင် (၁)ရပ်ကွက် ရာဇမုနိဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား ငါးဦး ဇွန် ၁၂ ရက် ညနေ ၅ နာရီခန့်တွင် ရွှေညောင်(၁) ရေဆိပ်အင်းထဲ၌ ရေနစ်သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါကျောင်းသားများသည် ရာဇမုနိတောင်ပေါ်ကျောင်းဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ မူလတန်းပညာကို ကျောင်းအိပ်ကျောင်းစားနေ၍ ပညာသင်ကြားနေကြသောကျောင်းသားများဖြစ်ကြပြီး ဇွန် ၁၂ ရက် ညနေ ကျောင်းဆင်းချိန်တွင်ကျောင်းအုပ်ဘုန်းကြီးမသိအောင် ကမ်းနားရေချိုးဆိပ်သို့ ထွက်သွားကြကာ ရေလက်ကြားအင်းထဲသို့ ရေဆင်းကူးကြရာမှ ချောက်(ဂျောက်)ထဲကျပြီး ငါးဦးလုံး ရေနစ်သေဆုံးသွားခဲ့ကြသည်။

ရေဆိပ်သို့ ရေချိုးလာသူများက အလောင်းများပေါ်နေသည်ကိုမြင်သဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းမောင်ထံ သွားရောက်သတင်းပို့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းမောင်က မကွေးမြို့မရဲစခန်းသို့ ဆက်လက်အကြောင်းကြားပြီး အလောင်းများကို မကွေးတိုင်းဒေသကြီးဆေးရုံသို့ ပေးပို့ခဲ့ကြောင်း သိရသည်။

(မကွေးလှမြင့်)

ပြည်တွင်းရေးရာ

USAID ၏ ကူညီပံ့ပိုးမှုဖြင့် မီဒီယာဆိုင်ရာသင်တန်းဖွင့်လှစ်

နေပြည်တော် ဇွန် ၁၃

ပြန်ကြားရေးဝန်ကြီးဌာနနှင့် အမေရိကန်သံရုံးတို့ ပူးပေါင်း၍ USAID၏ ကူညီပံ့ပိုးမှုဖြင့် ဖွင့်လှစ်သော Media Training သင်တန်းကို ယနေ့နံနက် ၉ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး စုပေါင်းခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

ရှေးဦးစွာ သင်တန်းဖွင့်ပွဲကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က ယခုသင်တန်းသို့ တက်ရောက်လာကြသူများအတွက် များစွာအကျိုးကျေးဇူးရရှိစေမည့် သင်တန်းတစ်ခုဖြစ်ပါကြောင်းနှင့် သင်တန်းပို့ချမည့်သူမှာ မီဒီယာဆက်ဆံရေး ကျွမ်းကျင်ပညာရှင်တစ်ဦးဖြစ်ပါကြောင်းဖြင့် မိတ်ဆက်ပြောကြားသည်။**(အပေါ်ဝဲပုံ)**

ထို့နောက် သင်တန်းကို အမေရိကန်ပြည်ထောင်စုမှ မီဒီယာကျွမ်းကျင်ပညာရှင် Ms. Margueite Hoxie Sullivan က သတင်းထုတ်ပြန်ချက် (Press Release) ထုတ်ပြန်ခြင်းနှင့် ပတ်သက်၍ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချခဲ့သည်။

အဆိုပါသင်တန်းသို့ ဝန်ကြီးဌာနများမှ သင်တန်းသား သင်တန်းသူ ၁၆ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကာလမှာ သုံးရက်ဖြစ်ကာ ဇွန် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကြေညာချက် (Statement) ထုတ်ပြန်ခြင်း၊ သတင်းစာရှင်းလင်းပွဲ (Press Conference) ကျင်းပခြင်း၊ နိုင်ငံတကာအစည်းအဝေးများကျင်းပခြင်း (International Meeting) ဆိုင်ရာတို့နှင့် ပတ်သက်သည့် သင်ခန်းစာများကို ဆွေးနွေးသင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တောင်ငူမြို့ ဇေယျာသီရိမိဘမဲ့အမျိုးသမီးဂေဟာ အစာအဆိပ်သင့်မှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်

၂၆-၅-၂၀၁၄ ရက်နေ့ထုတ် The Street View ဂျာနယ် (အတွဲ-၃၊ အမှတ် ၁၉) မျက်နှာဖုံးသတင်းခေါင်းစဉ် နှင့် စာမျက်နှာ (၆) တွင် စားသုံးသူ ကာကွယ်ရေးဥက္ကဋ္ဌ ဦးဗအုပ်ခိုင်နှင့် တွေ့ဆုံမေးမြန်းခြင်း သတင်းဖော်ပြချက်၌ **“ပြည်ပသွင်းကုန် ဒီးဒိုအချိုရည်အစာအဆိပ်သင့်မှုက FDA နဲ့ ကျန်းမာရေးဝန်ကြီးဌာန တာဝန်မဲ့မှုကို ဖော်ပြ”** ဆိုသည့် ခေါင်းစဉ်ဖြင့် အဆိုပါ အစာအဆိပ်သင့်မှုဖြစ်စဉ်မှာ DeeDo အချိုရည်ကြောင့်ဖြစ်ကြောင်း ဦးဗအုပ်ခိုင်၏ ပြောဆိုချက်များကို သတင်းရေးသားသူ စန္ဒီထွဏ်းနှင့် ဖြူဖြူခိုင်မှ ရေးသားဖော်ပြခဲ့ပါသည်။

ဖြစ်စဉ်အမှန်မှာ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ဇေယျာသီရိ မိဘမဲ့အမျိုးသမီးဂေဟာတွင် ၁၉-၅-၂၀၁၄ ရက်နေ့ ၌ အစာအဆိပ်သင့်မှုဖြစ်စဉ်ဖြစ်ပွားခဲ့ပါသည်။ အဆိုပါဖြစ်စဉ်တွင် အစာအဆိပ်သင့်လက္ခဏာခံစားရသူ ၆၈ ဦးရှိပြီး အသေအပျောက်မရှိပါ။ အဆိုပါ ၆၈ ဦးအနက် ၄၆ ဦးမှာ တောင်ငူဆေးရုံတွင် ပြင်ပလူနာအဖြစ် ကုသမှုခံယူပြီး ၂၂ ဦးကို အတွင်းလူနာအဖြစ် စောင့်ကြည့်ကုသမှုပေးခဲ့ပါသည်။ ထိုနေ့နံနက်က ဆန်ပြားသုပ်နှင့် DeeDo အချိုရည် (နာနတ်၊ လိုင်ချီး) တိုက်ကျွေးခဲ့ကြောင်း စိစစ်တွေ့ရှိရပြီး ကျွေးမွေးသော ဆန်ပြားသုပ်နမူနာ၊ DeeDo အချိုရည်နမူနာ၊ ဖျော်စပ်သော/ တိုက်ကျွေးသော ရေနမူနာများ၊ အစားအသောက်ကိုင်တွယ်သူများ၏ လက်/ နှာခေါင်း တို့ဖတ်နမူနာများ၊ လူနာများ၏ အန်ဖတ်၊ စအိုတို့ဖတ်နမူနာများကို ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနတွင် ဓာတ်ခွဲစစ်ဆေးခဲ့ပါသည်။

စိစစ်စစ်ဆေး တွေ့ရှိချက်အရ ဆန်ပြား(မုန့်ဟင်းခါး၊ ညှပ်ဖတ်) သုပ်နမူနာတွင် အစာအဆိပ်သင့်စေသော ဗက်တီးရီးယားပိုးနှင့် ပိုးအဆိပ်ပါဝင်ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ သောက်သုံးရေနှင့် DeeDo အချိုရည်(နာနတ်၊ လိုင်ချီး)၊ အန်ဖတ်၊ လက်/နှာခေါင်း၊ စအိုတို့ဖတ်နမူနာများမှ ဗက်တီးရီးယားပိုးနှင့် ပိုးဆိပ်များ ပေါက်ပွားမှုမရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါဖြစ်စဉ်အကြောင်းရင်းမှာ ပိုးမွှားများပေါက်ပွားနေသော ဆန်ပြား (မုန့်ဟင်းခါး၊ ညှပ်ဖတ်) သုပ် စားသုံးမှုကြောင့်ဖြစ်ပြီး သောက်သုံးရေနှင့် DeeDo အချိုရည် (နာနတ်၊ လိုင်ချီး) သောက်သုံးမှုကြောင့် မဟုတ်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ပညာရေးအတွက် ငွေလှူဒါန်း

တောင်ငူ ဇွန် ၁၃

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ ချို့တဲ့နွမ်းပါးကျောင်းသားကျောင်းသူလေးများ၏ ပညာရေးကို အထောက်အပံ့ဖြစ်စေရန်ရည်ရွယ်၍ ဇွန် ၁၃ ရက် နံနက်ပိုင်းက တောင်ငူမြို့နေ သတင်းထောက် ဦးကျော်လှနှင့်ဇနီး ဒေါ်ဒေဝကီးဒေဝီ(သမာဓိ)တို့၏ (၅၉)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ရက်မြတ်အထိမ်းအမှတ်ကုသိုလ်ဒါနအဖြစ် သမာဓိ မိသားစုမှအလှူငွေကျပ် ခြောက်သိန်းကို တောင်ငူမြို့နယ်လုံးဆိုင်ရာ ပညာရေးကွန်ရက်သို့ပေးအပ်လှူဒါန်းရာ ပညာရေးကွန်ရက် အထွေထွေအတွင်းရေးမှူး ဒေါက်တာဘဆွေနှင့် အမှုဆောင်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။**(အောက်ပုံ)**

တောင်ငူမြို့နယ်လုံးဆိုင်ရာ ပညာရေးကွန်ရက်သို့ လှူဒါန်းလိုကြသူ စေတနာရှင်များအနေဖြင့် ရုံးဖုန်း ၀၉-၅၃၅၂၀၉၂ နှင့် ၀၉-၂၅၀၈၁၀၃၆၆ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၁၂၉)

လူကုန်ကူးမှုအန္တရာယ်
ဝိုင်းဝန်း
ကူညီကာကွယ်

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လယ်ဝေးမြို့နယ်၊ သာဝတ္ထိနယ်မြေ စခန်းမှူး ရဲအုပ်တင်မောင်ဇော်[၅/ခဥန(နိုင်)၀၀၂၂၈၈]နှင့် ဒေါ်အေးအေးမြင့်[၅/ခဥန(နိုင်)၀၀၂၂၈၉]တို့၏ သား မောင်လမင်းဇော်ဇော်သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံသည့်အပြင် မိဘများခွင့်မလွှတ်နိုင်သည့်ကိစ္စများ ပြုမူဆောင်ရွက်သွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း နှင့် ၎င်း၏ဆောင်ရွက်မှုကိစ္စအဝဝအား တာဝန် ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

စုံစမ်းမေးမြန်းနိုင်ပါသည်။

ဖခင်-ဦးတင်မောင်ဇော်
[၅/ခဥန(နိုင်)၀၀၂၂၈၈]
မိခင်-ဒေါ်အေးအေးမြင့်
[၅/ခဥန(နိုင်)၀၀၂၂၈၉]

သင့်သွေးဖြင့်
အသက်ကယ်ပါ



သန့်စင်တဲ့သွေးလှူဒါန်းပေး မိခင်တို့အသက်ကယ်တင်ရေး

ဒေါက်တာဒေါ်သီတာအောင်
(အမျိုးသားသွေးဌာန၊ ရန်ကုန်)

လူနာများအား အသက်ကယ်နိုင်ရန် ထောက်ပံ့ပေးနေသည့် ကုသမှုလုပ်ငန်းများ၏ အဓိက ကျေးဇူးရှင်ဖြစ်သော စေတနာသွေးလှူရှင်များအား ၎င်းတို့၏ ပံ့ပိုးမှုများအတွက် အလေးအမြတ်ပြုကျေးဇူးတင်ကြောင်း ဖော်ပြကြသည့် အခမ်းအနားများကို ယနေ့ ဇွန်လ ၁၄ ရက်နေ့တွင် ကမ္ဘာပေါ်ရှိနိုင်ငံများစွာတို့တွင် ကျင်းပနေကြပေမည်။

ယခုနှစ် ကမ္ဘာ့သွေးလှူရှင်များနေ့တွင် ကမ္ဘာပေါ်ရှိ လူသားအားလုံးအတွက် နှိုးဆော်ပေးမည့် နှိုးဆော်ချက်ကို Safe Blood for Saving Mothers ဟု World Blood Donor Day ကျင်းပပေးသော အဖွဲ့အစည်းများမှသတ်မှတ်ခဲ့ကြ၏။

နေ့စဉ်ကမ္ဘာပေါ်တွင် မိခင် ၈၀၀ ခန့် သေဆုံးမှုဖြစ်ပွားနေပြီးမီးဖွားစဉ် သွေးများစွာဆုံးရှုံးမှုသည် အဓိကအဖြစ်များသော အကြောင်းအရင်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)မှ ထုတ်ပြန်ခဲ့၏။ ထိုကဲ့သို့မီးဖွားစဉ် သွေးဆုံးရှုံးမှုများပြားခြင်းသည် မိခင်များ၏ အသက်ဆုံးရှုံးမှုကိုသာမက ၎င်းတို့၏ဘဝတစ်လျှောက် နာတာရှည်ရောဂါခံစားရမှုကိုလည်း ဖြစ်စေနိုင်ကြောင်းဖော်ပြထားသည်။

ထို့ကြောင့်လူသားများ၏ ဘဝများကိုမွေးဖွားပေးမည့် မိခင်များအတွက် လိုအပ်ချိန်တွင် အန္တရာယ်ကင်းသောသွေးဖြင့် ထောက်ပံ့နိုင်ရန်မှာ ကမ္ဘာပေါ်ရှိကျန်းမာသော လူသားအားလုံးမှ ကူညီပေးရန်လိုအပ်ကြောင်း တိုက်တွန်းနှိုးဆော်ထားပါသည်။

သွေးသွင်းကုသမှုသည် မိခင်များ၏ မွေးဖွားမှုနှင့် သက်ဆိုင်သော အခြေအနေများအတွက် လိုအပ်ခြင်းဖြစ်ပါက အချိန်မီထောက်ပံ့နိုင်လျှင် မိခင်တစ်ဦး၏ အသက်ကို လုံးဝကယ်ဆယ်နိုင်ရုံသာမက ၎င်းမိခင်၏ ထောက်ပံ့ပေးမှုဖြင့် ရပ်တည်နေသော မိသားစုအားလုံးမှာလည်း ဘဝ၏အိပ်မက်ဆိုးများမှ လွတ်မြောက်နိုင်ပေမည်။

သို့ရာတွင် သွေးသွင်းကုသမှုဖြင့် အသက်ကယ်ခြင်းမှ ဆက်လက်ရှင်သန်လာရသော ဘဝများစွာတို့တွင် ဆိုးရွားလှသော နောက်ဆက်တွဲအဖြစ်ဆိုးများနှင့်လည်း ကြုံတွေ့ခဲ့ရပါသည်။

အထူးသဖြင့်သူတစ်ပါး၏ သွေးဖြင့်အစဉ်အမြဲအားကိုး အသက်ရှင်သန်နေရသော ရောဂါဝေဒနာရှင်များ(ဥပမာ- မွေးရာပါသွေးမတိတ်ရောဂါရှင်များ)၏ ဘဝများစွာတို့သည် HIV/AIDS အသည်းရောဂါဝေဒနာ၏ ဖိစီးနှိပ်စက်မှုကြောင့် ကူညီရာမှ ပိုမိုဒုက္ခရောက်စေသော အခြေအနေများစွာကို လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်အတွင်း ခါးသီးစွာခံစားခဲ့ရကြောင်း ၂၀၁၃ ခုနှစ် အောက်တိုဘာလထုတ် အတွဲ ၅၃၊ နံပါတ် ၁၀ Transfusion ဂျာနယ်တွင် ဆောင်းပါးရှင် နှင့်ပညာရှင်နှစ်ဦးက ဖော်ပြခဲ့သည်။ ၎င်းဆောင်းပါးတွင် အမေရိကန်နိုင်ငံ၏ မွေးရာပါ သွေးမတိတ်ရောဂါသည်များ၏ ၅၀ ရာခိုင်နှုန်း (ဆိုးရွားသောရောဂါအခြေအနေ ရှိသူများ၏ ၉၀ ရာခိုင်နှုန်း) မှာ လွန်ခဲ့သောနှစ်ပေါင်း ၃၀ ခန့်တွင် HIV/AIDS ရောဂါပိုးကူးစက်ခံရပြီးဖြစ်ကြောင်း စတင်သိရှိပြီး ထိုကဲ့သို့သွေးမှတစ်ဆင့် ရောဂါပိုးကူးစက်ခံရမှုများသည် ၎င်းခေတ်အခြေအနေ၏ ကာကွယ်နိုင်သော ရောဂါကူးစက်မှုအပေါ်တွင် ကျင့်သုံးခဲ့သော မှားယွင်းသောဆုံးဖြတ်မှု(Bad Decision)၊ အန္တရာယ်ကြီးသော မူဝါဒ(Dangerous Policies)များကြောင့် ဖြစ်ပေါ်ရသည့် ဆေးကုသမှုအခန်းကဏ္ဍ၏ (Dark Chapter) ဝမ်းနည်းဖွယ် ဖြစ်ရပ်များဖြစ်ကြောင်း ဖော်ပြထားသည်။

ထိုကဲ့သို့သိရှိချိန်တွင် မျိုးရိုးစဉ်ဆက် လေးဆက်ခန့်မှာ မည်သူမျှ သတိမမူမိလိုက်ဘဲ ရောဂါကူးစက်မှုဒဏ်ကို ခံစားရပြီးဖြစ်နေကြောင်း သိရှိခဲ့ကြသည်။

လူနာရှင်များ၏ ပေးဆပ်ခဲ့ရသော ဘဝများ၊ ပညာရှင်များ၏ တစိုက်မတ်မတ် ဝိုင်းဝန်းကြိုးပမ်းမှုများဖြင့် အနှစ် ၃၀ ကျော် ခရီးကြမ်းကို လျှောက်လှမ်းခဲ့ပြီးမှ သွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုးကူးစက်မှုသံသရာကို အောင်မြင်စွာ ဖြတ်တောက်နိုင်ခဲ့ပြီဖြစ်ကြောင်း ဖော်ပြထားသည်။

အလွန်မောပန်းဖွယ်ဖြစ်သော ခရီးရှည်ကြီး၏အဆုံးတွင် ပညာရှင်များ၏ ကြိုးပမ်းမှု၊ စည်းကမ်းဥပဒေများ၏ တင်းကျပ်စွာလိုက်နာဆောင်ရွက်စေမှုတို့ကြောင့် ၎င်းကူးစက်မှုသံသရာကို ဖြတ်တောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ယခုခေတ်တွင် သွေးမှတစ်ဆင့် ထုတ်လုပ်မည့် ကုသမှုပစ္စည်းများ ထုတ်လုပ်မှုများအတွက် သွေးမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါပိုးများကို စစ်ဆေးရန် တင်းကျပ်သောနည်းလမ်းများ ချမှတ်ဆောင်ရွက်စေ၍ နည်းပညာဆိုင်ရာ တိုးတက်မှု၏ ထောက်ပံ့မှုများဖြင့် ထောက်ပံ့နေသော်လည်း သွေးလှူရှင်များ၏ ထိန်းသိမ်းခဲ့ရသော အမူအကျင့်များနှင့် ပေးဆပ်လှူဒါန်းမှုများကိုမူ မည်သည့်သိပ္ပံပညာရှင်၊ ဥပဒေပညာရှင်များက တုပ၍ မရကြောင်း ဖော်ပြခဲ့သည်။

ရောဂါပိုးဝင်ရောက်ပြီး လေးရက်အကြာတွင် စစ်ဆေးတွေ့ရှိနိုင်သော စမ်းသပ်မှုများအပြင် ရာသီအလိုက် ပေါ်ပေါက်ပျံ့နှံ့နိုင်သော ရောဂါပိုးများ ဥပမာ သွေးလွန်တုပ်ကွေး (Chickengunya) ကို စစ်ဆေးမှုမပြုမိလျှင်ပင် သုံးစွဲခါနီး သွေးနှင့်သွေးပစ္စည်းများအား ရောဂါပိုးအားလုံးသန့်စင်ပေးသည့်နည်းပညာများ (Intercept/Inactivation) ကို ကျင့်သုံးနေကြခြင်းဖြင့် သွေးသွင်းကုသမှုခံရမည့် လူနာများအတွက် ရောဂါပိုးကူးစက်မှုလုံးဝမရှိနိုင်သည့် အခြေအနေကို ရောက်ရှိအောင် ကြိုးပမ်းပြီးဖြစ်ပေသည်။

သို့ရာတွင် လှူဒါန်းမည့်သွေးလှူရှင်များကို သေချာစွာ ဆန်းစစ်ရွေးချယ်ခြင်း(Deferral)စနစ်ကိုမူ လုံးဝစွန့်ပစ်၍ မရကြောင်း ဖော်ပြထားသည်။

သွေးလှူဒါန်းမည့်သူများအား သွေးလှူဒါန်းရန် သင့်မသင့် စစ်ဆေးမှုသည် လူနာများအတွက် ကာကွယ်မှုဖြစ်ရုံသာမက သွေးလှူရှင်ကြီးများ၏ ကျန်းမာရေးကိုလည်း စောင့်ရှောက်ပြီးဖြစ်ပေသည်။

အမျိုးသားသွေးဌာနသို့ လှူဒါန်းရန်လာရောက်သည့် သွေးအလှူရှင် ၇၆၃၀ အနက် ၁၅၃၁ ဦးမှာ လှူဒါန်းခွင့်မရရှိခဲ့ကြောင်း၊ ပထမအကြိမ် အမျိုးသမီးသွေးလှူရှင်များမှာ လှူဒါန်းမှုမရရှိခဲ့သည့်သူများတွင် အများဆုံးဖြစ်ကြောင်း ၃၉ ဒသမ ၅ ရာခိုင်နှုန်း၊ သွေးနီအားမပြည့်ခြင်းသည် ၎င်းတို့၏ အဓိကအကြောင်းရင်းဖြစ်ကြောင်း၊ အသက် ၃၀ ကျော် အမျိုးသားသွေးလှူရှင်များတွင် အဓိကလှူဒါန်းခွင့်မရသောအကြောင်းရင်းမှာ သွေးပေါင်ချိန်မြင့်ခြင်းဖြစ်ကြောင်းတို့ကို အမျိုးသားသွေးဌာန၏ ၂၀၁၄ ခုနှစ် ဇွန် ၃ ရက်တွင် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပခဲ့သော (၃၃)ကြိမ်မြောက် နိုင်ငံတကာသွေးသွင်းကုသမှု လုပ်ငန်းဆိုင်ရာ ကွန်ဖရင့်တွင် တင်ပြခဲ့သော ပိုစတာမှ ထုတ်နုတ်တင်ပြလိုက်ရပါသည်။

ထို့ကြောင့် သွေးလှူဒါန်းခြင်းသည် သူတစ်ပါး၏ အသက် ကယ်တင်ခွင့်ကိုရရှိရုံမက မိမိတို့၏ ကျန်းမာရေးကို ကြိုတင်ကာကွယ်ခွင့်ရနိုင်သော အခွင့်ကောင်းဖြစ်ကြောင်း သိပ္ပံနည်းကျ တွေ့ရှိနိုင်ပါသည်။

ထိုကဲ့သို့သော တိကျသည့် အကျိုးဆက်များကြောင့် အကြိမ်ပေါင်းများစွာလှူဒါန်းခွင့်ရသော သွေးလှူရှင်ကြီးများ၏ စေတနာ၊ သဒ္ဓါတရားနှင့် စစ်မှန်သောအားစိုက်မှုများသည် အောင်မြင်ပြီးမြောက်နေခြင်းဖြစ်ပေသည်။

သွေးလှူရှင်ကြီးများ ကျန်းမာပျော်ရွှင်စွာဖြင့် လူနာများအား ဆက်လက်ထောက်ပံ့နိုင်စေကြောင်းနှင့် လှူဒါန်းခွင့်မပြုရသေးသော သူများမှာလည်း လှူဒါန်းခွင့်ရရန်အားထုတ်ခြင်းဖြင့် လိုအပ်နေသော လူနာများနှင့် နည်းပညာ တိုးတက်မှုများအတွက် ဝိုင်းဝန်းကူညီကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

တီဘီရောဂါတိုက်ဖျက်ရေး အသိပညာပေးဟောပြော

သဲကုန်း ဇွန် ၁၃

ကျန်းမာရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်သော တီဘီရောဂါတိုက်ဖျက်ရေးစီမံချက် အသိပညာပေးဟောပြောပွဲကို ဇွန် ၈ ရက် မွန်းလွဲ ၁ နာရီက သဲကုန်းမြို့နယ် နွယ်ကောက်အုပ်စု နွယ်ကောက်ကျေးရွာ အမကကျောင်းတွင် ကျင်းပရာ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ညွန့်ညွန့်ဝေက တီဘီရောဂါအကြောင်းသိကောင်းစရာများကိုလည်းကောင်း၊ တီဘီရောဂါတိုက်ဖျက်ရေးအဖွဲ့မှ အဖွဲ့ဝင် ဦးမိုးကျော်ဌေးကတီဘီဖြစ်ပေါ်လာပုံ သမိုင်းအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြို့နယ်သူနာပြုအဆင့် (၁) ဒေါ်ကြည်ထွေးက တီဘီရောဂါနှင့် HIV ရောဂါပိုးများအကြောင်းနှင့် ဈေးကုန်းကျေးလက်ကျန်းမာရေးဦးစီးဌာနမှ ဆရာမ ဒေါ်ဖွေးဖွေးအိက သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးအကြောင်းတို့ကို ရှင်းလင်းပြောကြားကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပထမမြန်မာ့ရုပ်မြင်သံကြားကာတွန်းရုပ်ရှင် ရိုးသားတဲ့ ဖိုးသခွား

(ယမန်နေ့မှအဆက်)

ဒါနဲ့ စာရေးသူအဖို့ မန္တလေးက ဆင်းလာပြီး မဟာရန်ကုန်မြို့ပြကြီးမှာ ဆက်လက်ရှင်သန်ရပ်တည်နေထိုင်ဖို့ အရေး ဦးရှုံစား၊ ဦးဒိန်းဒေါင် စုံထောက်ကာတွန်းရုပ်ပြဇာတ်ကောင်၊ ဇာတ်လမ်းများနဲ့ အောင်မြင်ကျော်ကြားထင်ရှားနေတဲ့ နိုင်ငံကျော်ကာတွန်း ဦးအောင်ရှိန်ထံမှာ တပည့်ခံပြီး ဆရာကြီးရဲ့ နာမည်ရထင်ရှားတဲ့ ဦးစိတ်တိုနဲ့ မျောက်ညို၊ တောတွင်းသားတာဇံစတဲ့ ကာတွန်းရုပ်ပြစာအုပ်တွေအားလုံး ဆရာကြီး၏ လက်ရုံးတပည့်အနေနဲ့ ရှဲဒိုးရေးဆွဲလုပ်ကိုင်နေထိုင်လာခဲ့တာ နှစ်ပေါင်းနှစ်ဆယ်ကျော်ရှိခဲ့တဲ့အထိပါပဲ။

စာရေးသူအဖို့ ရုပ်ပြရေးဆွဲရတာဟာ စားဝတ်နေရေးအရသာ ရေးဆွဲ"ရှဲဒိုး"လုပ်လာခဲ့တာပါ။ တကယ်တမ်း ရည်မှန်းချက်ပန်းတိုင်ကိုတော့ လုံးဝအပျောက်အပျက်မခံဘဲ ဆက်လက်ကြိုးစားနေပါတယ်။ တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမယ်ဆိုတဲ့ ဆောင်ပုဒ်လေးဟာ စာရေးသူအတွက် တကယ့်အားဆေးပါပဲ။ နောက်ပြီးတော့ နန်းတော်ရှေ့ ဆရာတင်ရေးတဲ့ သီချင်းစာသားထဲကလို "ချစ်တဲ့ရည်းစား စွဲလမ်းကြရင် အမှန်ကေန်ရတတ်တယ်" ဆိုတဲ့အတိုင်း တစ်နေ့တော့ စာရေးသူရဲ့ ကာတွန်းရုပ်ရှင်ရေးဆွဲရိုက်ကူးလိုတဲ့ ကာတွန်းရုပ်ရှင်ခရေဇီဝါသနာရောဂါအား ထောက်ပံ့ကူညီဖို့အတွက် မိုးပေါ်က သိကြားမင်း (ခေါ်)မိုးနတ်မင်းကြီး တစ်ပါး မစကူညီရောက်ရှိလာခဲ့ပါတော့တယ်။

အဲဒီ မိုးနတ်မင်းကြီးကတော့ ယခု လောကနတ်ပန်းချီအနုပညာပြခန်းမှာ မန်နေဂျာလုပ်ရာက ကျန်းမာရေးအရ ခေတ္တအနားယူသွားသူ ဦးအောင်ထွန်းရဲ့ ဆက်သွယ်ပေးမှုကျေးဇူးတရားကြောင့်ပဲ ဖြစ်ပါတယ်။ "ဖြစ်ချင်တော့လဲ မြန်လိုက်ပါပေ့" ကံတရားဆန်းကြယ်ပုံများ ပြောပြပါရစေ။

ဒီလိုပါ စာရေးသူ ယောက္ခမအိမ်မှာကပ်ပြီး မနေချင်တာကြောင့် ဟိုစဉ်က စီးပွားရေးတက္ကသိုလ်ဝင်းကြီး မနီးမဝေးမှာ "ဇီးကွက်ကန်"လို့လည်းခေါ်ကြ "လှိုင်မေတ္တာ" လို့လည်းခေါ်ကြတဲ့ ရပ်ကွက်ထဲက အိမ်သစ်လေးတစ်လုံးကို အဲဒီခေတ် ကာလပေါက်စျေး ပေ(၂၀× ၂၅)ပတ်လည်

လုံးချင်းအိမ်လေးကို ကျပ်သုံးသောင်းခွဲနဲ့ အပိုင်ဝယ်ဖြစ်ခဲ့တာကြောင့် စာရေးသူရဲ့ ဆယ်တန်းသမီးနှစ်ယောက်ကို အင်္ဂလိပ်စာကျူရှင်သင်ပေးတဲ့ ဆရာကြီး ဦးအောင်ထွန်းနဲ့ အဲဒီရပ်ကွက်လေးအတွင်းမှာ မျက်နှာချင်းဆိုင် အိမ်နီးနားချင်း မိတ်ဆွေအပေါင်းအသင်းဖြစ်သွားကြရာ နိဒါန်းပဏာမစခဲ့တာပါပဲ။

အဲဒီသမီးတို့ဆရာ ဦးအောင်ထွန်းဟာ မြန်မာ့ရုပ်မြင်သံကြားနဲ့ ရေဒီယို မြန်မာ့အသံဌာနက စာရေးကြီး ဖြစ်ပါတယ်။

စာရှည်မှာစိုးလို့ လိုရင်းတိုကျဉ်းရေးရရင်တော့ မြန်မာ့ရုပ်မြင်သံကြားဌာနရဲ့ အရာရှိကြီးဖြစ်တဲ့ ကိုကြီးရုပ်မြင်ဆိုပြီး ကလောင်အမည်နဲ့ ရုပ်/သံ ဗဟုသုတအကြောင်းအရာ စာတွေရေးသားနေတဲ့ ဆရာ ဦးကိုကိုကြီးနဲ့ ဆက်သွယ်ပေးလိုက်တာကြောင့် တစ်နေ့တော့ ရုပ်မြင်သံကြားဌာနသို့ သွားရောက်တွေ့ဆုံပြီး ရုပ်မြင်သံကြားဌာနအတွက် ကာတွန်းရုပ်ရှင်အပိုင်းကလေးတွေ ရေးဆွဲရိုက်ကူးပေး

ကာတွန်းဖေစန်း

လိုတဲ့ကိစ္စ ဆွေးနွေးဖြစ်ခဲ့ပါတယ်။

ဆရာဦးကိုကိုကြီးကလည်း မန္တလေးသားပီပီ စာရေးသူရဲ့ဆန္ဒကို ကူညီပံ့ပိုးဖြည့်ဆည်းပေးပါတယ်။ ဒါပေမယ့် အစမ်းနမူနာတစ်ခုတော့ လက်တွေ့စမ်းသပ်ရိုက်ကူးကြည့်ရှုလိုကြောင်း ပွင့်လင်းစွာ ပြောပြတော့ နောက်တစ်နေ့ "မြန်မာ့ရုပ်မြင်သံကြား စတူဒီယို" (အောက်ဒိုး)ကင်မရာခန်းမထဲမှာ စာရေးသူက ကာတွန်းရေးဆွဲပြီး အရုပ်လေးတွေကို နောက်ခံဘက်ဂရောင်းပေါ်တင်ပြီး(ရုပ်မြင်သံကြား)စတင်လွှင့်ထုတ်ရိုက်ကူးမှုပြုလုပ်တဲ့ တိပ်ပြား တစ်လက်မခန့်ရှိတဲ့ ယူမက်တစ်တိပ်ခွေနဲ့ ရိုက်ကူးရတဲ့ အလွန်ကြီးမားလေးလံတဲ့ယူမက်တစ် ဗီဒီယိုရုပ်ရှင်ကင်မရာကြီးနဲ့ စတင်ရိုက်ကူးစမ်းသပ်ပြုပြီး နှစ်ဆယ့်တစ်လက်မတိုရှီဘာတီဗွီ ဖန်သားပြင်မှာ တင်ပြတဲ့အခါ စာရေးသူရေးဆွဲရိုက်ကူးထားတဲ့ ကာတွန်းရုပ်ကလေးဟာ တီဗွီရဲ့ လက်ဝဲထောင့်ဘက်က ဝင်လာပြီး လက်ယာဘက်လမ်းလျှောက်ထွက်သွားတာကို တွေ့မြင်လိုက်ကြရတဲ့ စမ်းသပ်ရိုက်ကူးရေးအဖွဲ့သားတွေအားလုံး ဝမ်းသာအူမြူးစွာ ဝိုင်းဝန်းအော်ဟစ်လိုက်ကြတဲ့အသံကျယ်ကြီးတွေကြောင့် အခြားအခန်းက ဝန်ထမ်းတွေ လန့်ထိတ်သွားကြပြီး ဘာဖြစ်တာလဲဆိုတဲ့ မေးခွန်းအကြည့်တွေနဲ့ လာရောက်ကြပြီး တီဗွီထဲက စာရေးသူရဲ့ ကာတွန်းရုပ်လေး လမ်းလျှောက်နေတာပြသလိုက်တော့မှ အားလုံး ဝမ်းသာဂုဏ်ယူစွာ ဝိုင်းဝန်းကြည့်ရှုနေကြပြန်ပါတယ်။

စာရေးသူရဲ့ စမ်းသပ်မှု အောင်မြင်ပြီးဆုံးသွားတော့ မွန်းတည့်ချိန်ရောက်နေပါပြီ။ ဒါကြောင့် သဘောမနောကောင်းလှတဲ့ ဆရာကြီး ဦးကိုကိုကြီးက "ကဲ- ကာတွန်းဆရာရဲ့ စမ်းသပ်အောင်မြင်မှုကို ဂုဏ်ပြုတဲ့အနေနဲ့ ခင်ဗျားကို နေ့လယ်စာထမင်းကျွေးမယ်"လို့ ပြုံးရွှင်စွာပြောဆိုပြီး စာရေးသူရဲ့လက်ကိုဆွဲကာ အဲဒီအချိန်က မြန်မာ့ရေဒီယိုနဲ့ ရုပ်မြင်သံကြားဌာနကြီး နောက်ဘက်မှာရှိတဲ့ သက်သာ လက်ဖက်ရည်ထမင်းဆိုင်မှာ နံနက်စာကျွေးပါတယ်။

အဲဒီနောက်ခင်ဗျားရေးဆွဲရိုက်ကူးမယ့် ဇာတ်လမ်းနဲ့ ကာတွန်းရုပ်လေးတွေ ရေးဆွဲတင်ပြပေးတော့ လိုအပ်သမျှ ရုပ်မြင်သံကြားဌာနက ပံ့ပိုးကူညီပေးမယ့်အကြောင်း ပြောဆိုအားပေးပါတယ်။ဒါကြောင့် စာရေးသူငယ်ရွယ်စဉ်ကလေးဘဝ သင်ခဲ့ရတဲ့ကျောင်းသင်ခန်းစာထဲက "ရိုးသားတဲ့ သစ်ခုတ်သမားနဲ့ မြစ်စောင့်နတ်"ဆိုတဲ့ ပုံဝတ္ထုလေးကို ကျောရိုးပြုပြီး "ရိုးသားတဲ့ ဖိုးသခွား"ဆိုတဲ့နာမည်နဲ့ မြန်မာ့ရုပ်မြင်သံကြားဌာနအတွက် ပထမဦးစွာ မြန်မာ့ရုပ်မြင်သံကြား ကာတွန်းရုပ်ရှင်အဖြစ် စာရေးသူ အောင်အောင်မြင်မြင် ရေးဆွဲရိုက်ကူး ထုတ်လွှင့်ပြသပေးခဲ့ပါတယ်။

အဲဒီခေတ်၊ အဲဒီအချိန်က သိမီကြည့်ရှုလိုက်ကြရဖူးသူတွေ ပြန်လည်သတိရကြလိမ့်မည်ထင်ပါတယ်။ အချိန်အခါ ကာလအားဖြင့် ယခုဆိုလျှင် နှစ်ပေါင်းသုံးဆယ်ခန့်ရှိမည် ထင်ပါကြောင်း ထိုကာတွန်းရုပ်ရှင် ရိုက်ကူးစဉ်က စာရေးသူသည် အသက်သုံးဆယ်ကျော်ခန့်ရှိပြီး ယခုအခါ စာရေးသူ၏ အသက်အရွယ် ခုနစ်ဆယ်ကျော်၍ တစ်နှစ်စွန်းခဲ့ပြီဖြစ်ပါ၏။ "ရိုးသားတဲ့ ဖိုးသခွား"ပထမ မြန်မာ့ရုပ်မြင်သံကြား ကာတွန်းရုပ်ရှင် ဇာတ်ကားဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းစုပေါင်းကူညီဆောင်ရွက်ရိုက်ကူးပေးကြသူ ရုပ်မြင်သံကြားဌာန ဝန်ထမ်း၊ အကြီးတန်းအင်ဂျင်နီယာများမှာ ကိုမြင့်အောင် ယခုအခါ "မြန်မာသံစဉ်" တေးသီချင်းများဖြင့် အောင်မြင်ထင်ရှားနေသူတေးသံရှင် ရာဇာဝင်းတင့်နှင့် အောက်ဒိုးကင်မရာအင်ဂျင်နီယာ ဦးပြည်သိန်း၊ ကိုမောင်မောင်သန်း၊ ကိုကျော်ထွန်း၊ ကိုမြသန်းတို့ဖြစ်ကြပြီး ထိုကာတွန်းရုပ်ရှင်ဇာတ်ကားအားတည်းဖြတ်၊ ကားဆက်၊ အသံသွင်းပေးသူမှာအင်ဂျင်နီယာ ကိုမင်းဝေါင်ကျော် ဖြစ်ပါတယ်။ ကိုမင်းဝေါင်ကျော်မှာ တစ်ခေတ်တစ်ခါက နာမည်ကြီးအဆိုတော်ကြီး ဒေါ်လီလီကြာညွန့်၏သား ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ရင်ထဲက ဆန္ဒပြောပြရရင် စီးပွားရေး၊ ကြီးပွားရေး၊ မိမိနာမည်ကျော်ကြားရေးတို့ထက် မြန်မာ့ကာတွန်းရုပ်ရှင်ဇာတ်ကားတွေ ထွက်ရှိအောင် အားလုံးညီညွတ်စွာ လက်တွဲကြိုးစားဆောင်ရွက်သွားကြစေလိုပါတယ်။

(ANIMATION-CRAZE)အားလုံး စည်းလုံးချစ်ခင် ညီညွတ်ကြပါ၊ တကယ်ဖြစ်ချင် တကယ်လုပ်ကြပါ အဟုတ် အောင်မြင်ဖြစ်ထွန်းကြရမှာ ယုံပါ၊ ။

သီဟ(၇၉)သူငယ်ချင်းများသို့ ဖိတ်ကြားလွှာ

ကျောင်းဆင်း(၂၄)နှစ်မြောက် အထိမ်းအမှတ်အဖြစ် နှစ်စဉ်တွေ့ဆုံဒါနပြုပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ဒါနပြုပွဲ	နေ့ရက်/အချိန်	နေရာ
	၂၂-၆-၂၀၁၄ ရက် ၉း၀၀ နာရီ	နိုင်ငံတော်သံဃာ့မဟာနာယကကျောင်းဆောင် (ကမ္ဘာအေး)
ဂေါက်သီးရိုက်	၂၂-၆-၂၀၁၄ ရက်	Y.C.D.C
ကစားခြင်း	၁၃း၀၀ နာရီ	ဂေါက်ကွင်း
တွေ့ဆုံညစာစားပွဲ	၂၂-၆-၂၀၁၄ ရက် ၁၈း၀၀ နာရီ	ကုန်းမြင့်သာ စားတော်ဆက်၊ (၈)မိုင်

သူငယ်ချင်းများ ဇနီးနှင့်အတူ တက်ရောက်ပါရန်နှင့် ကျဆုံး/ကွယ်လွန်သူငယ်ချင်းများ၏ ဇနီးများလည်း တက်ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်-

ခင်ငွေ ၀၉၅၀၃၄၉၃၅၊ မျိုးမြင့် ၀၉၅၁၅၆၀၁၃၊ ထွန်းညွန့် ၀၉၄၄၈၀၂၃၆၁၉၊
ကျော်ငွေ ၀၉၇၃၂၄၄၇၇၀၊ မြသန်း ၀၉၅၁၃၀၀၃၀၊
ဝင်းကိုကို ၀၉၄၉၂၁၀၄၅၁၊ ရဲမြင့်ကျော် ၀၉၅၀၁၆၅၂၂၊
အောင်ကျော်မင်း ၀၉၄၉၆၇၄၀၃၀၊ ယဉ်ကြည် ၀၉၇၃၀၆၅၇၇၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
(တင်ဒါခေါ်ယူခြင်း)

၁။ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတွင် အသုံးပြုရန်အတွက် လုပ်ငန်းသုံးပုံစံ(၁)မျိုးအား ရိုက်နှိပ်လိုပါသဖြင့် ၁၄-၆-၂၀၁၄ ရက်မှစ၍ ၂၀-၆-၂၀၁၄ ရက်အထိ ရိုက်နှိပ်မည့် လုပ်ငန်းသုံးပုံစံ၏အသေးစိတ်အချက်အလက်များနှင့် တင်ဒါစည်းကမ်းချက်များအား လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံနှင့်ဘဏ္ဍာဌာနခွဲ၊ စီမံခန့်ခွဲရေးဌာနစု(၁) ၊ ရုံးအမှတ်(၄၈)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၀-၆-၂၀၁၄ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထား၍ စျေးနှုန်းလွှာများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ မေးမြန်းစုံစမ်းလိုပါက လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ စီမံခန့်ခွဲရေးဌာနစု(၁)၊ တယ်လီဖုန်းအမှတ် (၀၆၇-၄၃၁၀၂၇)သို့ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန

မင်္ဂလာကုမ္ပဏီလီမိတက်
ရန်ကုန်မြို့နှင့် မန္တလေးမြို့ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်။ ဖုန်း - ၂၄၆၇၆၂၊ ၂၄၆၇၆၃
(ပြည်တွင်းဥ္စသာခန့်ထားရန်)
(မြန်မာကျပ်ငွေဖြင့် ညှိနှိုင်းလစာသတ်မှတ်ပေးပါမည်။)
(ဝန်ထမ်းများအတွက် အစားအသောက်နှင့်နေထိုင်ရေးအတွက်ကိုကုမ္ပဏီမှစရိတ်ငြိမ်းစီစဉ်ပေးပါမည်။)

၁။ မင်္ဂလာကုမ္ပဏီလီမိတက် ရန်ကုန်နှင့်မန္တလေးမြို့အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိသည်-

(က) မန်နေဂျာ/ဒု-မန်နေဂျာ — ကျား — (၅)ဦး
- အသက် (၃၀)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
- M.P.A, M.B.A ဘွဲ့ရရှိသူကို ဦးစားပေးမည်။
- အုပ်ချုပ်မှုလုပ်ငန်းအတွေ့အကြုံရှိသူကို ဦးစားပေးမည်။

(ခ) လ/ထမန်နေဂျာ(စီမံ/ကြီးကြပ်)(ပြသ) — ကျား/မ — (၆)ဦး
- အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်း ဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ဂ) လျှပ်စစ်/လေအေးစက်၊ ပြစက် — ကျား — (၆)ဦး
- အသက်(၄၅)နှစ်အောက်ဖြစ်ရမည်။
- A.G.T.I(M.P),(E.P),(E.C)၊ စက်မှုလက်မှုအထက်တန်းကျောင်းမှ လျှပ်စစ်/လေအေးစက်ဘာသာရပ်၊ Electrical (သို့) Mechanical ဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံရှိသူများကို ပညာအရည်အချင်းလျှော့ပေါ့ စဉ်းစားပေးမည်။

(ဃ) တန်းပြ၊ ရောင်း/သိမ်း — ကျား/မ — (၁၀)ဦး
- အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်။

(င) မုန့်ဆိုင်အရောင်း — ကျား/မ — (၆)ဦး
- အသက်(၁၈)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်။

(စ) လုံခြုံရေး/ယာဉ်ရပ်နားစခန်း — ကျား — (၁၀)ဦး
- အသက်(၂၀)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- စစ်မှုထမ်းဟောင်း (သို့) ရဲမှုထမ်းဟောင်းများဦးစားပေးမည်။

(ဆ) သန့်ရှင်းရေး ကျား/မ — (၁၀)ဦး
- အသက်(၂၅)နှစ်အောက်ဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူ (လူပျို/အပျို)ဖြစ်ရမည်။

(ဇ) ထမင်းချက် မ — (၃)ဦး
- အသက်(၂၃)နှစ်မှ (၄၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ဈ) ယာဉ်မောင်း **(Driver)** — ကျား — (၃)ဦး
- အသက်(၂၅)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအလယ်တန်းအဆင့်ရှိရမည်။
- လိုင်စင်သက်တမ်း(၃)နှစ်ရှိရမည်။
- ကားကြီး၊ ကားလေးမောင်းနိုင်ရမည်။
- ကျန်းမာရေးကောင်းမွန်ပြီးမျက်စိမှုန်မျက်မှန်တပ်သူမဖြစ်စေရ။
- အိမ်ထောင်မရှိသူ (လူပျို)ဖြစ်ရမည်။

၂။ မင်္ဂလာကုမ္ပဏီလီမိတက်တွင် ခန့်အပ်ရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်။

(က) ရုံးအတွင်းရေးမှူး **(Office Secretary)** — ကျား/မ — (၄)ဦး
- အသက်(၂၁)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။
- အင်္ဂလိပ်ဘာသာစကားအရေး၊ အဖတ် ကျွမ်းကျင်ရမည်။
- အိမ်ထောင်မရှိသူဖြစ်ရမည်။

(ခ) ကွန်ပျူတာကျွမ်းကျင်သူ — ကျား/မ — (၃)ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။

(ဂ) စာရင်းကိုင်/စာရင်းစစ် — ကျား/မ — (၆)ဦး
- အသက်(၂၁)နှစ်မှ (၄၀)နှစ်အတွင်းဖြစ်ရမည်။
- စီးပွားရေးတက္ကသိုလ်မှဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။
- CPA,DA,LCCI III တစ်ခုခုအောင်မြင်ပြီးသူ ဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(ဃ) ဟိုတယ်ဧည့်ကြို **(Receptionist)** — ကျား — (၂)ဦး
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်းဖြစ်ရမည်။
- တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။
- အင်္ဂလိပ်ဘာသာစကားရေးနိုင်၊ ပြောနိုင်ရမည်။
- ကွန်ပျူတာကျွမ်းကျင်မှုရှိရမည်။

(င) **Hotel Waiter** — ကျား — (၂)ဦး
- အသက်(၂၀)နှစ်မှ (၂၅)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(စ) **Housekeeping** — ကျား/မ — (၃)ဦး
- အသက်(၂၀)နှစ်မှ (၃၀)နှစ်အတွင်းဖြစ်ရမည်။
- အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။
- သက်ဆိုင်ရာသင်တန်းဆင်းလက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

အမှတ်စဉ်အားလုံးအတွက် ရုပ်ရည်အသင့်အတင့်ရှိပြီး ကျန်းမာရေးကောင်းသူ ဖြစ်ရမည်။ လျှောက်ထားလိုသူများသည် (၂၀ - ၆ -၂၀၁၄) ရက်နောက်ဆုံးထား၍ ပတ်စပို့ဓာတ်ပုံ(၂)ပုံ၊ အလုပ်သမားမှတ်ပုံတင်မူရင်း၊ ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ သက်ဆိုင်ရာမြို့နယ် ရဲစခန်းထောက်ခံချက်မူရင်းများနှင့်အတူ လိုအပ်သောအထောက်အထားများ တစ်ပါတည်းယူဆောင်၍ ရုံးချိန်အတွင်း မန်နေဂျာ မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ ဖုန်း-၂၄၆၇၆၂၊ ၂၄၆၇၆၃၊ သိမ်ကြီးဈေး (D) ရုံ၊ ရွှေတိဂုံဘုရားလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

(စနေနေ့နှင့်တနင်္ဂနွေနေ့များတွင်လည်း လာရောက်လျှောက်ထားနိုင်ပါသည်။) (ယခင်လျှောက်ထားပြီး သူများပြန်လျှောက်ရန်မလိုပါ။)

- မန်နေဂျာ၊ ဒု-မန်နေဂျာ၊ လျှပ်စစ်/လေအေးစက်၊ ပြစက်၊ ရောင်း/သိမ်း၊ ရုံးအတွင်းရေးမှူး၊ ဧည့်-ကြို၊ Waiter, Housekeeping, စာရင်းကိုင်၊ ကွန်ပျူတာဝန်ထမ်း လျှောက်ထားသူများအား (၂၁-၆-၂၀၁၄) ရက်(စနေနေ့) နံနက်(၁၀း၀၀)နာရီတွင်လည်းကောင်း။
- လ/ထမန်နေဂျာ၊ တန်းပြ၊ မုန့်ဆိုင်အရောင်း၊ လုံခြုံရေး၊ ကားပါကင်၊ ယာဉ်မောင်း (Driver) ထမင်းချက်၊ သန့်ရှင်းရေး ဝန်ထမ်းလျှောက်ထားသူများအား (၂၂-၆-၂၀၁၄)ရက် (တနင်္ဂနွေနေ့) နံနက် (၁၀း၀၀)နာရီတွင်လည်းကောင်း လူတွေ့စစ်ဆေးသွားမည်ဖြစ်ပါသည်။

(လူတွေ့စစ်ဆေးမည့်နေရာ-မင်္ဂလာအဆင့်မြင့်ရုပ်ရှင်ရုံ ရန်ကုန်မြို့။)

ရီးယဲလ်နောက်ခံလူ ပီပီအားခေါ်ယူရန် မန်စီးတီး ပြင်ဆင်

အင်္ဂလန်ထိပ်သီးကလပ် မန်စီးတီးအသင်းသည် လာမည့်ဘောလုံးရာသီတွင် အသင်း၏ နောက်တန်းကို အားဖြည့်ရန်အတွက် ရီးယဲလ်အသင်း၏ ပေါ်တူဂီနောက်ခံကစားသမား ပီပီအားခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။ မန်စီးတီးနည်းပြဖြစ်သူ ပယ်လီဂရီနီသည် နောက်တန်းတွင် ကွန်ပနီနှင့် တွဲဖက်ကစားရန် ပီပီအားခေါ်ယူလိုနေခြင်းဖြစ်ပြီး ၎င်းအား ပေါင် ၂၅ သန်းဖြင့် ကမ်းလှမ်းသွားမည်ဖြစ်ကြောင်း သိရသည်။ ပယ်လီဂရီနီမှာ ရီးယဲလ်အသင်းကိုကိုင်တွယ်စဉ်က ပီပီနှင့် လက်တွဲခဲ့ဖူးသူဖြစ်ပြီး ပီပီမှာ ၎င်း၏ စိတ်ကြိုက်ကစားသမားတစ်ဦးဖြစ်သည့်အတွက် ယခုကဲ့သို့ ခေါ်ယူရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

[စွမ်းထက်အောင်]

ဖာဘရီဂက်စ်အား ပေါင် သန်း ၃၀ ဖြင့် ချယ်လ်ဆီးခေါ်ယူ

လန်ဒန် ဇွန် ၁၃

ဥရောပဘောလုံးရာသီပြီးဆုံးသွားကတည်းက ဘာစီလိုနာအသင်းမှ ထွက်ခွာတော့မည်ဟု သတင်းကြီးနေသည့် အာဆင်နယ်ကွင်းလယ်ကစားသမားဟောင်း ဖာဘရီဂက်စ်ကို ပရီမီယာလိဂ်ထိပ်သီးအသင်းကြီးများဖြစ်သည့် အာဆင်နယ်၊ ချယ်လ်ဆီး၊ မန်ယူတို့က ဝယ်ယူရန်အပြိုင်အဆိုင်ကြိုးစားခဲ့ကြရာ နောက်ဆုံးတွင် ဖာဘရီဂက်စ်သည် လန်ဒန်ကလပ် ချယ်လ်ဆီးအသင်းနှင့် ပေါင်သန်း ၃၀ ဖြင့် ငါးနှစ်စာချုပ်တစ်ရပ် ချုပ်ဆိုကာ ချယ်လ်ဆီးအသင်းသားဘဝကို ခံယူသွားခဲ့ပြီဖြစ်သည်။

ဖာဘရီဂက်စ်သည် ဘာစီလိုနာအသင်း၏ လူငယ်ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၀၃ ခုနှစ်တွင် လန်ဒန်ကလပ် အာဆင်နယ်အသင်းသို့ရောက်ရှိလာပြီး နည်းပြကြီး အာစင်ဝင်းဂါး၏ လက်အောက်တွင် ခြေစွမ်းပြထင်ပေါ်ကျော်ကြားလာသည့်လူငယ်ကစားသမားတစ်ဦးဖြစ်လာကာ ၂၀၁၁ ခုနှစ်တွင် အသင်းဟောင်း ဘာစီလိုနာက အာဆင်နယ်မှ ပြန်လည်ဝယ်ယူသွားခဲ့သည်။ အာဆင်နယ်အသင်းသည် ဖာဘရီဂက်စ်ကို ဘာစီလိုနာသို့ ပြန်လည်ရောင်းချခဲ့စဉ်ကတည်းက ဘာစီလိုနာအနေဖြင့် ဖာဘရီဂက်စ်ကို ပြန်လည်ရောင်းချလိုပါက အာဆင်နယ်ကို ဦးစားပေးရောင်းချရမည့်အပြင် အခြားအသင်းထံရောင်းချခဲ့ပါက ရရှိသည့် ပြောင်းရွှေ့ကြေးအကျိုးအမြတ် တစ်စိတ်တစ်ပိုင်းကို အာဆင်နယ်အသင်းထံ ပေးအပ်ရမည်ဟု သဘောတူထားခဲ့သည်။ ဖာဘရီဂက်စ်သည် အာဆင်နယ်သို့ ပြန်လာလိုသော်လည်း အာဆင်နယ်က သူ့ကိုခေါ်ယူရန် နောက်ပိုင်းတွင် စိတ်အားထက်သန်မှု မရှိခဲ့ပေ။

"ပရီမီယာလိဂ်မှာ စွမ်းဆောင်ရမယ့်လုပ်ငန်းတာဝန်တွေ မပြီးဆုံးသေးဘူးလို့ ကျွန်တော်ခံစားရပါတယ်။ အခုပြန်လာတဲ့အချိန်က တကယ့်အချိန်ကောင်းပါပဲ" ဟု ဖာဘရီဂက်စ်ကပြောကြားသည်။

ဖာဘရီဂက်စ်သည် ချယ်လ်ဆီးအသင်း၏ နွေရာသီအပြောင်းအရွှေ့ဈေးကွက်တွင် ပထမဆုံးအတည်ပြုခေါ်ယူနိုင်သည့်ကစားသမားဖြစ်သည်။ ထို့ပြင် ချယ်လ်ဆီးအသင်းသည် အက်သလက်တီကို တိုက်စစ်မှူးဒီယေဂိုကော်စတာကိုလည်း ခေါ်ယူနိုင်မည်ဖြစ်ရာ လာမည့်ဘောလုံးရာသီတွင် ကော်စတာနှင့် ဖာဘရီဂက်စ် တို့ ချယ်လ်ဆီးအသင်း၏ တိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစားနိုင်မည်ဟု မျှော်လင့်ရသည်။

မောင်သာယာ

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်မှ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မည့် အစီအစဉ်

Match No	Date	Time	Venue	Match	Channel
53	30/6/2014	22:30	Brasilia	1E Vs 2F	MRTV
55	1/7/2014	22:30	Sao Paulo	1E Vs 2F	MRTV
57	5/7/2014	2:30	Fortaleza	W49 Vs W 50	MRTV
59	6/7/2014	2:30	Salvador	W51 Vs W52	MRTV
61	9/7/2014	2:30	Belo Horizonte	W57 Vs W58	MRTV
62	10/7/2014	2:30	Sao Paulo	W59 Vs W60	MRTV
64	14/7/2014	1:30	Rio De Janeiro	W 61Vs W 62	MRTV

ခရိုအေးရှားကို အနိုင်ယူပြီး အဖွင့်မျက်နှာပန်းလှသွားသည့် အိမ်ရှင်ဘရာဇီးအသင်း

ဘရာဇီးအသင်းဟာ အိမ်ရှင်ပရိသတ် ခြောက်သောင်းကျော်ရှေ့မှောက်မှာ ကစားရတဲ့ အုပ်စုအဖွင့်ပွဲစဉ်မှာ အမှားအယွင်းမရှိ အနိုင်သုံးမှတ်ကို ရယူနိုင်ခဲ့ပါတယ်။ စကိုလာရီဟာ အဓိက ကစားသမားတွေ အစုံအလင်ပွဲထုတ်လာခဲ့ပြီး တိုက်စစ်ပိုင်းမှာတော့ အပြောင်းအလဲမရှိ ခြေစမ်းပွဲတွေကအတိုင်းပဲ နေမာ၊ ဟော့ခ်၊ ဖရတ်ဒ်၊ အော်စကာ၊ ပေါလင်ဟို၊ ဂူစတာဗိုတို့အတွဲအဖက်နဲ့ ခင်းကျင်းခဲ့ပါတယ်။ ပွဲအစပိုင်းမှာပဲ ဘရာဇီးအသင်း ဘောလုံးပိုင်ဆိုင်မှုအသာစီးရယူပြီး ခရိုအေးရှားဘက်ကို တောက်လျှောက်ထိုးဖောက်ခဲ့ပေမယ့် ထိရောက်တဲ့ တိုက်စစ်ဆင်မှုတွေမှူးပြုလုပ်နိုင်သလို ခရိုအေးရှားရဲ့တန်ပြန်တိုက်စစ်တွေကြောင့် ဘရာဇီးခံစစ်အလုပ်ရှုပ်ခဲ့ရပါတယ်။ ခရိုအေးရှားအသင်းဟာ ဘရာဇီးကိုလုံးဝကြောက်ရွံ့နေခြင်းမရှိဘဲ ဘောလုံးရတာနဲ့ တိုက်စစ်ကိုလျှင်လျှင်မြန်မြန်ပြန်စခဲ့ပါတယ်။ အထူးသဖြင့် ဘယ်တောင်ပံက အိုလစ်ရဲ့ ထိုးဖောက်မှုတွေဟာ ဘရာဇီးနောက်တန်းကို အလုပ်ရှုပ်စေခဲ့ပြီး အဖွင့်ဂိုးကလည်း သူဖြတ်တင်ပေးလိုက်တဲ့ ဘောလုံးကို မာဆယ်လိုတားဆီးရင်း ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ပါတယ်။ ဒီနေ့ပွဲစဉ်မှာ ခရိုအေးရှားရဲ့ အဓိကတိုက်စစ်မှူး မန်ဇူကစ်ပါဝင်နိုင်ခဲ့ခြင်းမရှိလို့ ဂျီလာဗစ်ကို အထောင်ထားကစားကာ မိုဒရစ်၊ ရာကီတစ်၊ ကိုဗာဆစ်၊ အိုလစ် တို့က ဘောလုံးရရှိတာနဲ့ တန်ပြန်တိုက်စစ်ကို အလျှင်မြန်ဆုံး စတင်ခဲ့ပါတယ်။ ဘရာဇီးအသင်းရဲ့ခြေစွမ်းဟာ ဗိုလ်စွဲဖို့အတွက် လိုအပ်ချက်များစွာရှိနေခဲ့ပြီး နေမာ၊ ဟော့ခ်တို့ရဲ့ထိုးဖောက်အားတွေနဲ့သာ ခရိုအေးရှားဂိုးပေါက်ကိုခြိမ်းခြောက်နိုင်ခဲ့သလို၊ မာဆယ်လို၊ အဲလ်ဗက်တို့ရဲ့ Overlap တက်ပြီး တိုက်စစ်ကိုအလွန်အကျွံကစားခဲ့တာကြောင့် ခရိုအေးရှား တိုက်စစ်မှာ ကစားရတာ အခက်အခဲမရှိခဲ့ ပါဘူး။ ဘရာဇီး အတွက်ချေပဂိုးကိုတော့ ၂၉ မိနစ်မှာ နေမာ က ဧရိယာထိပ်ကနေ အပြင်းကန်သွင်းပြီး ရယူခဲ့ပါတယ်။ ဒုတိယပိုင်းအစမှာတော့ ခရိုအေးရှားအသင်း တိုက်စစ်ဖွင့်ကစားလာခဲ့ပြီး အခွင့်အရေးတွေလည်းရရှိခဲ့ပါတယ်။ ဒါပေမယ့် မိနစ် ၇၀ မှာ တိုက်စစ်မှူး ဖရတ်ဒ်ကို ခရိုအေးရှားနောက်ခံလူ လိုဗရန် ဆွဲလှဲခဲ့တယ်ဆိုပြီး ပင်နယ်တီသတ်မှတ်ခဲ့ပါတယ်။ ဒီပင်နယ်တီကို နေမာ ကပဲအမှားအယွင်းမရှိကန်သွင်းပြီး ဦးဆောင်ဂိုးရယူပေးခဲ့ပါတယ်။ ပွဲကစားချိန် မိနစ် ၉၀မှာတော့ အော်စကာ ခရိုအေးရှား နောက်ခံလူ နှစ်ယောက်ကြားကနေဆွဲထွက်ပြီး လှလှပပသွင်းယူပေးခဲ့လို့ ပွဲအပြီးမှာ ဘရာဇီးအသင်းက ခရိုအေးရှားအသင်းကို သုံးဂိုး တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး အိမ်ရှင်အသင်းအဖွင့်မျက်နှာပန်းလှခဲ့ပတယ်။

[ကိုရဲ]

၂၀၁၄ ကမ္ဘာ့ဖလား အုပ်စုပွဲစဉ်-၂ ရလဒ်

၁၄ - ၆- ၂၀၁၃

သတိပေးကြေညာချက်

Myanmar Paper & Stationery Mart Ltd.

ပျောက်ဆုံးခြင်း

Ecogreen Trading Co.,Ltd ၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်-1392/ 2012-13 (၉-၇-၂၀၁၂) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၈၅၃၅၈

မွေးနေ့မင်္ဂလာဆုတောင်း

ဇွန်လတွင်ကျရောက်သော ဦးဇော်လင်းအောင် (PYIMAHAR Co.,Ltd)၏ ရွှေရတုမွေးနေ့မှစ၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး ဘာသာ သာသနာအကျိုး ဆတက်တိုး ဆောင်ရွက်နိုင်ပြီး အောင်မြင်မှုပေါင်းများစွာ ထာဝရပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

ချစ်ဇနီး - Drယဉ်ယဉ်မြင့် (Z&Y Co.,Ltd)
သားသမီးများ - မောင်ဝေရန်အောင်၊ မရွှန်းလဲ့ဝေ မခိုင်ဆုဝေ

ဝန်ထမ်းအလိုရှိသည်

ညပ်/ကောက်/ဖြောင့်

ဆေးဆိုး ကျွမ်းကျင် မ(၃)ဦး
လက်သည်းပန်းချီ ကျွမ်းကျင် မ(၃)ဦး
ခေါင်းလျှော် ကျွမ်းကျင် မ(၃)ဦး

ဆက်သွယ်ရန်
ဖုန်း-၀၉-၅၀၁၁၇၄၄၊ ၀၉-၄၅၀၀၄၂၄၆၈
(နေရေး/စာရေးစီစဉ်ပေးမည်။)

မွေးနေ့မင်္ဂလာဆုတောင်း

ဇွန်လတွင်ကျရောက်သော ဦးဇော်လင်းအောင် (PYIMAHAR Co.,Ltd)၏ ရွှေရတုမွေးနေ့မှစ၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပြီး ဘာသာ သာသနာအကျိုး ဆတက်တိုးဆောင်ရွက်နိုင်ပြီး အောင်မြင်မှုပေါင်းများစွာ ထာဝရပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

Z&Y Co.,Ltd ဝန်ထမ်းများ
PYIMAHAR Co.,Ltd ဝန်ထမ်းများ

"ကျေးဇူးတင်လွှာ"

UAB

UNITED AMARA BANK

GLOBAL BANKING & FINANCE REVIEW AWARDS 2014

GLOBAL BANKING & FINANCE REVIEW AWARDS
FASTEST GROWING TRADE FINANCE BANK MYANMAR 2014

GLOBAL BANKING & FINANCE REVIEW AWARDS
FASTEST GROWING CORPORATE BANK MYANMAR 2014

GLOBAL BANKING & FINANCE REVIEW AWARDS
FASTEST GROWING PRIVATE BANK MYANMAR 2014

၂၀၁၄ ခုနှစ်အတွက် Global Banking & Finance Review မှ ဂုဏ်ပြုချီးမြှင့်သော

- FASTEST GROWING TRADE FINANCE BANK MYANMAR 2014
- FASTEST GROWING CORPORATE BANK MYANMAR 2014
- FASTEST GROWING PRIVATE BANK MYANMAR 2014

စသည့် ဆု (၃) ဆုအား ယူနိုက်တက်အမရဘဏ်မှ ဂုဏ်ယူဝမ်းမြောက်စွာ လက်ခံရရှိခဲ့ပြီးဖြစ်ပါသည်။

ယူနိုက်တက်အမရဘဏ်၏ Customer များအားလုံးနှင့် မြန်မာပြည်သူပြည်သားများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ၍ လိုအင်ဆန္ဒများ ပြည့်ဝကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

လုံခြုံစိတ်ချ ၊ အားထားယုံကြည် ၊ UAB

အောင်မင်္ဂလာအဝေးပြေး–ဆူးလေ အဲကွန်းယာဉ်လိုင်းသစ် စတင်ပြေးဆွဲ

ဗဟန်းမြို့နယ်ဘက်မှလာသော မိုးမခချောင်းသည် မိုးရွာလိုက်သည်နှင့် အနိမ့်ပိုင်း တာမွေကြီး (က+ဂ) ရပ်ကွက် ၁၅၅ လမ်းကို ဖြတ်သန်းစီးဆင်းကာ ရေနုတ်မြောင်းအတွင်း ဝင်ရောက်စေသောကြောင့် စီးဆင်းသောရေအားနှင့် ရေနုတ်မြောင်း မမျှတဘဲ တာမွေမြို့နယ် ဗလီထိပ်မီးပွိုင့်အနီး သမိန်ဗရမ်းလမ်းနှင့် ကျိုက္ကဆံလမ်းဆုံရာတို့တွင် မိုးရွာလိုက်သည်နှင့် ရေကြီးရေလျှံမှုများ အမြဲကြုံတွေ့နေရသည်ဟု ရပ်ကွက်တွင်းနေထိုင်သူများက ပြောသည်။

သတင်းနှင့် ဓာတ်ပုံ - (၅၉၇)

ရန်ကုန်၊ ဇွန် ၁၃

အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားကွင်းမှ ဆူးလေအသွားအပြန် အဲကွန်းယာဉ်လိုင်းသစ်ကို ဇွန် ၁၀ ရက် နံနက် ၇ နာရီတွင် အောင်မင်္ဂလာ အဝေးပြေးမှ ဆူးလေသို့ စတင်ပြေးဆွဲခဲ့ကြောင်း သိရသည်။

အဆိုပါခရီးစဉ်ကို စတားရက်(စ်)(STAREX) ယာဉ်အစီး ၂၀ ဖြင့် ပြေးဆွဲခြင်းဖြစ်ပြီး တစ်စီးလျှင် ခရီးသည် ၁၂ ဦး တင်ဆောင်၍ တစ်ဦးလျှင် တစ်ထောင်နှုန်းဖြင့် ပြေးဆွဲခြင်းဖြစ်ကြောင်း သိရသည်။

"အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားဝင်း ဆိုက်ရောက်နေရာမှာ ကျွန်တော်တို့ဂိတ်ရှိတယ်။ အဲဒီကနေ ခရီးသည်တွေကို သွားလာရေး အဆင်ပြေစေဖို့အတွက် ငါးမိနစ်ကနေ ခုနစ်မိနစ်ခြားစီ ယာဉ်ထွက်ပေးတယ်။ ဆူးလေမှာတော့ ဘဏ်သုံးဘက်မှာ ဂိတ်ဆုံးမယ်။ ခရီးသည်တွေကို ဆင်းချင်တဲ့နေရာမှာ ရပ်ပေးမှာဖြစ်တယ်။ အဲကွန်းအေးအေးနဲ့ သွားလို့ရတာပေါ့"ဟု ဦးအေးသောင်းက ပြောသည်။

ယာဉ်လိုင်းသစ် စတင်ပြေးဆွဲရန်အတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ စီမံချက်များရေးဆွဲတင်ပြရပြီး ယခုအခါ တရားဝင်ခွင့်ပြုချက်ရရှိပြီး ဖြစ်သောကြောင့် စင်းလုံးငှား(ဂ)လိုင်စင်ဖြင့် ပြေးဆွဲခြင်းဖြစ်ကြောင်း ၎င်းက ထပ်မံပြောသည်။

"ပြီးခဲ့တဲ့ ယာဉ်လိုင်းပြောင်းရွှေ့အစည်းအဝေးမှာ ပြေးဆွဲခွင့်ပြုလိုက်တာ။ သူက Taxi စနစ်မကျ ဘတ်စ်ကား စနစ်မကျ ကြားထဲမှာပေါ့။ ဘတ်စ်ကားဆိုရင်လဲ ပြေးဆွဲမယ့် ယာဉ်လိုင်းရဲ့ လမ်းကြောင်းရှာရတာတွေ ရှိနေအုံးမယ်။ သူကမြို့နယ်အားလုံးသွားမှာ၊ အဝေးပြေးကနေ မြောက်ဥက္ကလာ၊ တောင်ဥက္ကလာ မြို့ထဲအကုန်လုံး လိုက်ပို့ရမှာ။ Taxi ငှားရင် တစ်ယောက်စနှစ်ယောက်စ မငှားနိုင်တဲ့ သူတွေအတွက် အဆင်ပြေသွားတာပေါ့" ဟု အဆိုပါယာဉ်လိုင်းသစ်ပြေးဆွဲမှုနှင့် ပတ်သက်၍ မထသ(ဗဟို) ဥက္ကဋ္ဌဦးလှအောင်က ပြောသည်။

ယခုခရီးစဉ်အပြင် ခရီးသည်များလို အပ်ချက်ရှိလာပါက အောင်မင်္ဂလာအဝေးပြေးမှ ရန်ကုန်အရှေ့ပိုင်းခရိုင်၊ မြောက်ပိုင်းခရိုင်၊ အနောက်ပိုင်းခရိုင်များသို့လည်း ၎င်းကားအမျိုးအစား အစီး ၅၀ ခန့်ဖြင့် ထပ်မံ၍ ပြေးဆွဲပေးသွားရန် ဆောင်ရွက်လျက်ရှိနေကြောင်း အောင်မင်္ဂလာယာဉ်လိုင်းသစ် ဥက္ကဋ္ဌ ဦးအေးသောင်းက ရှင်းပြသည်။

တင်မောင်ဦး

မန္တလေးမြို့တွင် ဆိုင်ကယ် ၁၂ စီး ခိုးယူခဲ့သူ တရားခံများအား သက်သေခံဆိုင်ကယ်များနှင့်အတူ ဖမ်းဆီးရမိ

မန္တလေး၊ ဇွန် ၁၃

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲအကူတပ်ဖွဲ့ခွဲ၊ မှုခင်းအကူဌာနစုမှ ရဲအုပ် ရဲမြင့်နှင့်အဖွဲ့သည် မန္တလေးမြို့ပေါ်တွင် ဖြစ်ပွားခဲ့သော ဆိုင်ကယ်ခိုးမှုများ ဖော်ထုတ်နိုင်ရန် သတင်းစုံစမ်းနေစဉ် မေ ၂၂ ရက်က ဆိုင်ကယ်ခိုးမှုကျူးလွန်ထားကြောင်း သတင်းအရ ရဲဝင်း၊ အိုးဘိုရပ်ကွက်၊ သီဟနိုင်(ခ)တွက်ပီ အိုးဘိုဈေးအနီး အောင်မြေသာစံမြို့နယ်နေသူနှင့် ထုံးဘိုရဲဘက်စခန်းမှ ထွက်ပြေးလာသူ ဇော်မင်းသူ(ခ)လက်ပုံ၊ ညည(၁၂)သင်ပန်းကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်နေသူတို့အား သင်ပန်းကုန်းလမ်းဆုံ၌ ဖမ်းဆီးရမိပြီး စစ်ဆေးခဲ့သည်။

၎င်းတို့နှင့်အတူ ဆိုင်ကယ်ခိုးမှု ပြစ်မှုကျူးလွန်သူ ပြည့်ဖြိုးမောင်(ခ)ပြူးကျယ်၊ ကျွန်းလုံးဦးသျှောင်ရပ်ကွက် ချမ်းမြသာစည်မြို့နယ်၊ ကျော်ဇေယျာထွန်း(ခ)ဖိုးဇေ ရေချမ်းအိုးတောင်ရွာ၊ ပြင်ဦးလွင်မြို့နယ်နှင့် အောင်မိုးဦး၊ ရေချမ်းအိုးတောင်ရွာ ပြင်ဦးလွင်မြို့နယ်နေသူတို့အား မေ ၂၄ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။

ရဲဝင်း၊ သီဟနိုင်(ခ) တွက်ပီတို့အား စစ်ဆေးရာ မေ ၁၂ ရက် ည ၁၁ နာရီက ချမ်းအေးသာစံမြို့နယ်၊ လမ်း (၆၀) ၃၁ လမ်းနှင့် ၃၂ လမ်းကြား ရတနာတိုင်းပြည် အိမ်ရာဝင်းအတွင်းမှ VANBO 125 ခဲရောင်ဆိုင်ကယ်အား ခိုးယူ၍ ပြည်ကြီးတံခွန်မြို့နယ် စက်မှု(၂)ရှိ မသိမ့်သက်စိုးထံ ကျပ် ၃၀၀၀၀ ဖြင့် ပေါင်နှံထားကြောင်းစစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံ ဆိုင်ကယ်အား သိမ်းဆည်းပြီး အမှတ်(၃)နယ်မြေရဲစခန်းက (ပ)၂၆၇/၂၀၁၄ပြစ်မှုပုဒ်မ ၃၇၉/၅၄ အရ အမှုဖွင့်အရေးယူထားသည်။

ဇော်မင်းသူ(ခ)လက်ပုံ၊ ကျော်ဇေယျာထွန်း(ခ)ဖိုးဇေနှင့် အောင်မိုးဦးတို့သည် မေ ၂၀ ရက် ည ၁၂ နာရီခန့်က ချမ်းအေးသာစံမြို့နယ် လမ်း(၃၀) ၆၅ လမ်းနှင့် ၆၆ လမ်းကြားရှိ တိုက်တန်းအတွင်းမှ SUPER ANBO CZI နီနက်ဆိုင်ကယ်တစ်စီးအား ခိုးယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံဆိုင်ကယ်အား သိမ်းဆည်းပြီး အမှတ်(၃)နယ်မြေရဲစခန်းက (ပ)၂၇၀/၂၀၁၄ပြစ်မှုပုဒ်မ ၃၇၉/၅၄ အရအမှုဖွင့်အရေးယူထားသည်။ သီဟနိုင် (ခ)တွက်ပီသည် လွန်ခဲ့သည့်နှစ်ပတ်ခန့်က အောင်မြေသာစံမြို့နယ် ၁၉ လမ်းဘုန်းကြီးကျောင်းအတွင်းမှ FOLLOW ME အမျိုးအစား စီဇက်အိုင် ဆိုင်ကယ်တစ်စီးအား ခိုးယူခဲ့ပြီး ကျပ် ၁၅၀၀၀၀ ဖြင့် ရောင်းချထားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံဆိုင် ကယ်အား သိမ်းဆည်းပြီး အမှတ်(၁)နယ်မြေရဲစခန်းက (ပ)၁၁၀/၂၀၁၄ ပြစ်မှုပုဒ်မ ၃၈၀/၅၄ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အောင်မိုးဦး၊ ပြည့်ဖြိုးမောင်၊ ကျော်ဇေယျာထွန်းတို့သုံးဦးအား စစ်မေးရာ ၂၀၁၄ ခုနှစ် မေလဆန်းက ချမ်းမြသာစည်မြို့နယ် ချမ်း/တောင်ရပ်ကွက် တိုက်တန်းရှေ့မှ ROVEN 125 CZI ဆိုင်ကယ်တစ်စီးအားလည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် တရားရုံးအနီး တိုက်ခန်းရှေ့တွင်ရပ်ထားသော YINXIANG 125 CZI အမျိုးအစားဆိုင်ကယ်တစ်စီးအား ခိုးယူပြီး ကျော်ဇေယျာထွန်းထံ ပေါင်နှံပေးရန်အပ်ထားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံဆိုင်ကယ်အား သိမ်းဆည်းပြီး အမှတ်(၁၁)နယ်မြေရဲစခန်းက(ပ)၃၈၄/၂၀၁၄ပြစ်မှု ပုဒ်မ၃၇၉(မဆ)ဖြင့် အမှုဖွင့်အရေးယူထားသည်။

ပြည့်ဖြိုးမောင်အား စစ်ဆေးရာ ၂၀၁၄ ဧပြီလအတွင်းက ချမ်းမြသာစည်မြို့နယ် ၅၈ လမ်းတာဝါတိုင်အနီး ဂိမ်းဆိုင်ရှေ့မှ YINBO 125 ရုပ်ဆိုး အနက်ရောင်ဆိုင်ကယ်အား ခိုးယူပြီး ကျော်ဇေယျာထွန်းထံ ပေါင်နှံရန် ပေးအပ်ထားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့်သိမ်း ဆည်းပြီး အောင်ပင်လယ်နယ်မြေရဲစခန်းက (ပ)၁၁၀/၂၀၁၄ ပြစ်မှုပုဒ်မ ၃၇၉/၅၄ အရ အမှုဖွင့် အရေးယူထားသည်။

ပြည့်ဖြိုးမောင်၊ ကျော်ဇေယျာထွန်း၊ အောင်မိုးဦးတို့ သုံးဦးအား စစ်မေးရာ ၂၀၁၄ ခုနှစ် မေလလယ်ခန့်က မဟာအောင်မြေမြို့နယ် ၃၅ လမ်း၊ ၈၇ လမ်းနှင့် ၈၈ လမ်းကြား ဘီယာဆိုင်ရှေ့တွင်ရပ်ထားသော NEW ANBO 125 ရုပ်ဆိုးဆိုင်ကယ်အား ခိုးယူပြီး မွန်အားချွန်ထံ ကျပ် ၂၀၀၀၀ ဖြင့် ပေါင်ထားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံဆိုင်ကယ်အား သိမ်းဆည်းပြီး အမှတ်(၇)နယ်မြေရဲစခန်းက (ပ)၄၀၉/၂၀၁၄ ပြစ်မှုပုဒ်မ ၃၇၉/၅၄ အရ အရေးယူထားသည်။ ပြည့်ဖြိုးမောင်နှင့် ဇော်မင်းသူတို့နှစ်ဦးသည်လည်း မေလနောက်ဆုံးပတ်က ပြည်ကြီးတံခွန်မြို့နယ် ကျွဲဆည်ကန်ကားကြီးကွင်းအနီး တောင်ဘက်တိုက်တန်းအောက်မှ KENBO 125 ရုပ်ဆိုးဆိုင်ကယ်အား ခိုးယူပြီး ဒေါ်ခင်မျိုးသီထံ ကျပ် ၁၅၀၀၀၀ ဖြင့် ပေါင်ထားကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် သက်သေခံဆိုင်ကယ်အား သိမ်းဆည်းပြီး ပြည်ကြီးတံခွန်မြို့မရဲစခန်းက (ပ)၃၀၃/၂၀၁၄ ပြစ်မှုပုဒ်မ ၃၇၉/၅၄ အရ အမှုဖွင့် အရေးယူထားသည်။

ရဲဝင်းပါခြောက်ဦးအား ဆိုင်ကယ် ၁၂ စီးနှင့်အတူ ဖမ်းဆီးရမိပြီး ထွက်ပြေးတိမ်းရှောင်နေသူ နေလင်းအောင်၊ ဘောကြီး ပြည်ကြီးတံခွန်မြို့နယ်နေသူတို့အား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

ဗြိတိသျှကောင်စီမှကျင်းပမည့်(၁၅) ကြိမ်မြောက် အင်္ဂလိပ်ဘာသာသင်ကြားရေး နှီးနှောဖလှယ်ပွဲတွင် ဦးဆောင် ဆွေးနွေးမည့် မြန်မာပညာရှင်များအား ဖိတ်ခေါ်

ရန်ကုန်၊ ဇွန် ၁၃

နှစ်စဉ် ကျင်းပမြဲဖြစ်သော ဗြိတိသျှကောင်စီ (မြန်မာ)၏ အင်္ဂလိပ်ဘာသာသင်ကြားရေး နှီးနှောဖလှယ်ပွဲကို ၂၀၁၄ ခုနှစ် စက်တင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်များတွင် ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ အဆိုပါပွဲတွင် ပါဝင်မည့် workshop များတွင် ဦးဆောင်ဆွေးနွေးလိုသော မြန်မာနိုင်ငံသား ဆရာ၊ ဆရာမများအား ဖိတ်ခေါ်ထားကြောင်း သိရသည်။

နှီးနှောဖလှယ်ပွဲ၏ ယခုနှစ် အဓိကအကြောင်းအရာ (Theme) မှာ Engage: Making Teaching and Learning More Engaging for All. ဖြစ်ပြီး ယခုနှစ် ပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ ပြောင်းလဲတိုးတက်လာသော အခြေအနေများအရ အင်္ဂလိပ်ဘာသာကို သုံးစွဲမှု ပိုမိုကျယ်ပြန့်လာနေပြီဖြစ်ရာ အင်္ဂလိပ်ဘာသာသင်ကြားမှုနှင့် သင်ယူမှုတွင် လူအားလုံး စိတ်ဝင်တစားပါဝင်နိုင်ရန် စွဲဆောင်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးသွားကြရန် ဖြစ်သည်။

ယခုကဲ့သို့ ထူးခြားလေးနက်သည့် အင်္ဂလိပ်ဘာသာသင်ကြားရေး နှီးနှောဖလှယ်ပွဲကို ဗြိတိသျှကောင်စီမှ (၁၅)နှစ်မြောက်အထိ နှစ်စဉ် ဦးစီးကျင်းပပေးနိုင်သည်ကို ဂုဏ်ယူဝမ်းမြောက်မိကြောင်းနှင့် ယခုနှစ်တွင်လည်း အခြားနှစ်များနည်းတူ ပြည်တွင်းရှိ အင်္ဂလိပ်ဘာသာသင်ကြားနေသော ဆရာ၊ ဆရာမများကို ပိုမိုထိရောက်သည့် နည်းလမ်းများဖြင့် ပံ့ပိုးသင်ကြားနိုင်မည်ဟု ယုံကြည်ကြောင်း ဗြိတိသျှကောင်စီ၏ မြန်မာနိုင်ငံ ညွှန်ကြားရေးမှူး Kevin Mackenzie က ပြောကြားသည်။

အင်္ဂလိပ်ဘာသာစကားကို ယခုအခါ ကျယ်ကျယ်ပြန့်ပြန့် ပြောဆိုအသုံးပြုလာသည်နှင့် တစ်ပြိုင်နက် အင်္ဂလိပ်ဘာသာသင်ကြားသူ ဆရာ၊ ဆရာမများ၏ အရည်အချင်းများသည်လည်း ပိုမိုဆန်းသစ်ထိရောက်ရန် လိုအပ်လာကြောင်း၊ သင်ကြားသင်ယူမှုတွင် သင်ယူသူများ ပိုမိုစိတ်ပါဝင်စားစွာ ပါဝင်လာနိုင်ရန်အတွက် ယခုနှီးနှောဖလှယ်ပွဲတွင် နိုင်ငံတကာအတွေ့အကြုံရှိ ဝါရင့်အင်္ဂလိပ်ဘာသာသင်ကြားပြသနေသော ပညာရှင်များမှ ဦးဆောင်ဆွေးနွေးသွားမည်ဖြစ်သည့်အတွက် ဆရာ၊ ဆရာမများ တက်ရောက်သင့်ကြောင်း ဗြိတိသျှကောင်စီ (မြန်မာ) မှ ပညာရေးဌာနညွှန်ကြားရေးမှူး Susana Galvan ကလည်း တိုက်တွန်းပြောကြားခဲ့သည်။

အဆိုပါနှီးနှောဖလှယ်ပွဲတွင် အလုပ်ရုံဆွေးနွေးပွဲပေါင်း ၅၀ ခန့် ပါဝင်မည်ဖြစ်ပြီး နှီးနှောဖလှယ်ပွဲ၏ အဓိကအကြောင်းအရာကို နိုင်ငံခြားပညာရှင်တစ်ဦးက အဖွင့်သဘော ဦးဆောင်ဆွေးနွေးခြင်းဖြင့် စတင်မည်ဖြစ်ကာ ဆက်လက်၍ မြန်မာနှင့် နိုင်ငံတကာပညာရှင်များမှ parallel workshop များကို နှစ်ရက်ကြာ ပြုလုပ်သွားမည်ဖြစ်သည်။

အဆိုပါ နှီးနှောဖလှယ်ပွဲတွင် အလုပ်ရုံ ဆွေးနွေးပွဲများကို ဦးဆောင်ဆွေးနွေးမည့် မြန်မာနိုင်ငံသား အင်္ဂလိပ်ဘာသာသင်ကြားရေးပညာရှင်များကို ဖိတ်ခေါ်လျက်ရှိရာ ဗြိတိသျှကောင်စီမှ အင်္ဂလိပ်စာဖွံ့ဖြိုးတိုးတက်မှု တာဝန်ခံ ဒေါက်တာ ခိုင်ဖြူထွန်းမှ အဆိုပါဖိတ်ခေါ်လွှာများကို www.myanmar-network.net နှင့် http://www.britishcouncil.org.mm/call-for-workshop-proposals wdk မှ download ရယူနိုင်ပြီး ဖြည့်ပြီးသော ဖိတ်ခေါ်လွှာများကို yangon2014 @mm.britishcouncil.org သို့ အီးမေးဖြင့် ၂၀၁၄ ဇူလိုင် ၁၁ ရက် မတိုင်မီ ပြန်လည်ပေးပို့ရန်ဖြစ်ကြောင်း ပြောကြားသည်။ ဦးဆောင်ဆွေးနွေးရန် ရွေးချယ်ခြင်းခံရသူများကို ဗြိတိသျှကောင်စီ မှ ၂၀၁၄ ဇူလိုင် ၁၈ ရက် မတိုင်မီတွင် ပြန်လည်အကြောင်းကြားပေးမည်ဖြစ်သည်။

ယခုသတင်းထုတ်ပြန်ချက်သည် workshop များတွင် ဦးဆောင် ဆွေးနွေးလိုသူများအတွက်သာဖြစ်ပြီး တက်ရောက်လိုသူများအတွက်ကိုမူ ထပ်မံ၍ သတင်းထုတ်ပြန်ပေးမည် ဖြစ်သည်။ အလုပ်ရုံဆွေးနွေးပွဲများနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းလိုသည်များကို ဦးဝေလင်းကျော်၊ ပညာရေးဌာန၊ ဗြိတိသျှကောင်စီ အီးမေးလ် enquiries@mm.britishcouncil.org သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။ ဖုန်းဖြင့်ဆက်သွယ်လိုပါက ၂၅၄၆၅၈၊ ၂၅၆၂၉၀ နှင့် ၂၅၆၂၉၁ တို့သို့ ဆက်သွယ်နိုင်သည်။

နွေစပါးစိုက်ပျိုးရေး ရေလုံလောက်စွာရ၍ စိုက်ကေလျာထားချက်ပြည့်မီ

ဆိပ်ဖြူ၊ ဇွန် ၁၃

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသဝမ်းစာဖူလုံရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ နိုင်ငံတစ်ဝန်းတွင် ဆည်တာတမံများ တည်ဆောက်ခြင်းနှင့် မြစ်ရေတင် စိုက်ပျိုးရေးစနစ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ် မြင်ကဝကျေးရွာအုပ်စုရှိ အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်မှ မြစ်ရေတင်စနစ်ဖြင့် နှစ်ဦးမိုးစပါး၊ နွေစပါးများ စိုက်ပျိုးလျက်ရှိရာ ယခုနှစ်နွေရာသီတွင် နွေစပါးစိုက်ဧက ၂၇၅ ဧက လျာထားခဲ့ပြီး လျှပ်စစ်မြစ်ရေတင်မှ စိုက်ပျိုးရေရရှိ၍ လျာထားစိုက်ဧက ပြည့်မီစွာစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အောက်ဆိပ်လျှပ်စစ်မြစ်ရေတင်မှ တောင်သူများသည် ပုလဲသွယ်၊ ဆင်းသုခ၊ ရွှေပြည်ဧွး စသည့် အထွက်နှုန်းကောင်းမျိုးစပါးများကို စိုက်ပျိုးထားရှိပြီး တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဝန်ထမ်းများနှင့် ရေအရင်းအမြစ်ဝန်ထမ်းများမှ လက်တွေ့သရုပ်ပြဟောပြောပွဲများ၊ သိပ္ပံနည်းကျစိုက်ပျိုးစနစ် ၁၄ ချက်ဖြင့် စိုက်ပျိုးရေး အသိပညာပေး ဟောပြော၍ ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။ ရေကိုအကျိုးရှိစွာ သုံးစွဲနိုင်ရေး၊ ရေအလုံအလောက် ရရှိစေရေးနှင့် ရေသောက်ဧရိယာ ပြည့်နိုင်ရန် ရေမြောင်းများရေစီး ရေလာ ကောင်းမွန်စေရန်တောင်သူများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

စိုးလင်းနိုင်(ပြန်/ဆက်)

စဉ့်ကူးမြို့နယ် ငွေတောင်ကျေးရွာအနီး ပေါက်ကွဲစေနိုင်သည့် ဆက်စပ်ပစ္စည်းခဲယမ်းများ သိမ်းဆည်းရမိ

စဉ့်ကူး၊ ဇွန် ၁၃

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ငွေတောင်ကျေးရွာအနီး မန္တလေး-မိုးကုတ်ကားလမ်း လမ်းအသုံးပြုခကောက်ခံသည့် ဂိတ်တွင် ဇွန် ၁၀ ရက် ည ၁၁ နာရီခန့်က လက်ပံလှရဲစခန်းမှ ဒုရဲအုပ်ဇော်မင်းဌေးနှင့်အဖွဲ့သည် သက်သေများနှင့်အတူ ပိတ်ဆို့ရှာဖွေစစ်ဆေးဆောင်ရွက်နေစဉ် မိုးကုတ်ဘက်မှ မန္တလေးဘက်သို့ မြင့်အေး ၃၇ နှစ် ယာဉ်မောင်း အောင်ရတနာရပ်ကွက် ချောင်းကြီးကျေးရွာ၊ သပိတ်ကျင်းမြို့နယ်နေသူ မောင်းနှင်ပြီး တစ်ရပ်တည်းနေ သန်းဇော် ၄၀ နှစ် ရွှေလုပ်ငန်းလုပ်ကိုင်သူ လိုက်ပါလာသည့် လိုက်ထရပ်အဖြူရောင်ယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးခဲ့သည်။

ယာဉ်နောက်ခန်းတွင် ပေါက်ကွဲစေနိုင်သည့် ဆက်စပ်ပစ္စည်း ခဲယမ်းတစ်အိတ် အလေးချိန် ၁၄ ပိဿာခန့် တွေ့ရှိသဖြင့် သက်သေများရှေ့ စစ်မေးရာ ရမည်းသင်းသို့ သယ်ယူပြီး ရွှေလုပ်ငန်းတွင် အသုံးပြုရန်အတွက် သယ်ဆောင်လာခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

၎င်းပစ္စည်းများနှင့် ပတ်သက်၍ မြင့်အေးနှင့် သန်းဇော်တို့အား လက်ပံလှရဲစခန်းက (ပ) ၁၁၈/၂၀ ၁၄ ပြစ်မှုပုဒ်မ ၂၈၆ ဖြင့် အမှုဖွင့် ဖမ်းဆီး စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ်တွင် ဘိန်းအစားထိုးသီးနှံ စပါးမျိုးစေ့များအား ဘိန်းစိုက်တောင်သူများထံသို့ ပေးအပ်

မိုးနဲ၊ ဇွန် ၁၃

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုးနဲမြို့နယ်၌ ဘိန်းအစားထိုးသီးနှံ စပါးမျိုးစေ့များအား တောင်သူများထံသို့ ပေးအပ်သည့်အခမ်းအနားကို မိုးနဲမြို့ ကမ္ဘောဇခန်းမတွင် ဇွန် ၁၀ ရက် နံနက် ၉ နာရီက ကျင်းပရာ အခမ်းအနားသို့မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်၊ မိုးနဲမြို့နယ်မဲဆန္ဒနယ် အမှတ်(၂) ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ကြီး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ တောင်သူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ဧက ၁၃၀ အတွက် ဘိန်းအစားထိုးသီးနှံ ပုလဲသွယ်စပ်မျိုးစပါး ကီလို ၁၀၄၀ ကီလို အား ယခင်ဘိန်းစိုက်ပျိုးသည့် တောင်သူများထံသို့ တာဝန်ရှိသူများက အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ဘိန်းစိုက်တောင်သူများ၏ စားနပ်ရိက္ခာ ဖူလုံမှုရှိစေရေး၊ ဘိန်းစိုက်ပျိုးမှု စွန့်လွှတ်သည့်တောင်သူများ ဝင်ငွေမျှတမှုရှိစေရန်၊ ဘိန်းစိုက်တောင်သူများအား စံပြစိုက်ကွက်များ ပြုလုပ်စမ်းသပ်စိုက်ပျိုးပေးနိုင်ရေး၊ စိုက်ပျိုးပြီးရရှိလာသော သီးနှံများအား ဈေးကွက်ရရှိအောင် ဆောင်ရွက်ပေးခြင်း၊ တောင်သူများ၏ နေထိုင်သွားလာမှု၊ ဆက်သွယ်ရေးများ ကောင်းမွန်တိုးတက်စေရန် ရည်ရွယ်၍ ဘိန်းအစားထိုးသီးနှံများ ပေးအပ်ရခြင်းဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်က ၎င်းအခမ်းအနားတွင် ပြောကြားခဲ့သည်။

မြို့နယ် (ပြန်/ဆက်)

ASIA GREAT LAND CO.,LTD

တင်ဒါခေါ်ယူခြင်း

Myanmar ICT Development Corp., Ltd.

(MICT Park)

သာစည်–မိတ္ထီလာ ခရီးသည်ယာဉ်လိုင်းများ ခရီးသည်ထက် ကုန်စည်ပို့ဆောင်မှုကိုသာ အားကိုးနေရ

သာစည်၊ ဇွန် ၁၃

မန္တလေးတိုင်းဒေသကြီး သာစည်မြို့မှ မိတ္ထီလာမြို့သို့ သွားလာမှုလွယ်ကူစေရန် သာစည်-မိတ္ထီလာ လိုင်းပေါင်းစုံ မော်တော်ယာဉ်အသင်းနှင့် ရွှေနဂါး မော်တော်ယာဉ်လိုင်းမှ ၁၅ မိနစ်လျှင် တစ်စီးနှုန်းဖြင့် အလှည့်ကျ ပြေးဆွဲလျက်ရှိသော်လည်း သာစည်မြို့မှ မိတ္ထီလာမြို့သို့ သွားလာရာတွင် မော်တော်ဆိုင်ကယ်များဖြင့်သာ သွားလာသူများပြားသဖြင့် သာစည်-မိတ္ထီလာ မော်တော်ယာဉ်လိုင်းများ ခရီးသည်ထက် ကုန်စည်ပို့ဆောင်မှုကိုသာ အားကိုးနေရကြောင်း သိရသည်။

"သာစည်-မိတ္ထီလာ လိုင်းပေါင်းစုံ မော်တော်ယာဉ်အသင်းနဲ့ ရွှေနဂါးမော်တော်ယာဉ်လိုင်းမှာ ပြေးဆွဲနေတဲ့ မော်တော်ယာဉ်အစီး ၄၀ ခန့်ရှိပြီး ၁၅ မိနစ်မှာတစ်စီး အလှည့်ကျပြေးဆွဲပေးပါတယ်။ သာစည်ကနေ မိတ္ထီလာကို ၁၄ မိုင်ရှိတဲ့အတွက် ခရီးသည်တစ်ဦးကို ငွေကျပ် ၅၀၀ နှုန်းနဲ့ ပြေးဆွဲပေးပေမယ့် မော်တော်ဆိုင်ကယ်တွေကို လူတိုင်းနီးပါးစီးလာနိုင်တော့ သာစည်-မိတ္ထီလာကို မော်တော်ဆိုင်ကယ်နဲ့ပဲ သွားကြတာများပါတယ်။ မော်တော်ယာဉ်လိုင်းများအနေနဲ့ မိတ္ထီလာမြို့ကို သာစည်မြို့ကနေ ဒေသထွက်ကုန်များရောင်းဝယ်တာတို့၊ မိတ္ထီလာမြို့မဈေးကြီးကနေ ငါးခြောက်နဲ့ လူသုံးကုန်ပစ္စည်းတွေ ဝယ်ယူတာတို့ အဲ့ဒီလို ကုန်ပစ္စည်းတွေ သယ်ယူပို့ဆောင်မှုကိုသာ အဓိကထားအားကိုးပြီး ပြေးဆွဲနေရပါတယ်။ မိတ္ထီလာကနေ သာစည်ကို အပြန်ပြေးဆွဲတဲ့အခါမှသာ ခရီးသည်များရရှိလေ့ရှိပါတယ်" ဟု သာစည်-မိတ္ထီလာ ခရီးသည်ယာဉ်လိုင်းလုပ်သားတစ်ဦးကဂင်းတို့ ကြုံတွေ့နေရသည့် အခက်အခဲနှင့် ပတ်သက်၍ ပြောသည်။

မျိုးမင်း(သာစည်)

ဝန်ထမ်းအိမ်ရာတွင် ဆက်လက်နေထိုင်ခွင့်ရရန် ပင်စင်နီး သက်ကြီးဝန်ထမ်းများ၏ သားသမီးများ အချိန်မီအလုပ်ရရန်လိုအပ်

ဖျာပုံ၊ ဇွန် ၁၃

ဝန်ထမ်းအိမ်ရာတွင် ဆက်လက်နေထိုင်ခွင့်ရရှိရေးအတွက် ပင်စင်နီးသက်ကြီး ဝန်ထမ်းများ၏ သားသမီးများ ၎င်းဌာနတွင် အချိန်မီအလုပ်ရရန် လိုအပ်ကြောင်း ပင်စင်နီးသက်ကြီးဝန်ထမ်းတစ်ဦးကပြောသည်။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်၊ ဖျာပုံမြို့ရှိ ဌာနဆိုင်ရာများတွင် တာဝန် ထမ်းဆောင်လျက်ရှိသော ပင်စင်နီး အောက်ခြေ သက်ကြီးဝန်ထမ်းများသည် မိမိတို့အနေနှင့် မကြာမီ ပင်စင်ရရှိရန် နှစ်ပိုင်းလပိုင်း အနည်းငယ်သာလိုတော့သည့်အတွက် အလုပ်ခွင်မှ အနားယူကြတော့မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ အနားယူကြရပါက မိသားစု၏ စားဝတ်နေရေးကိစ္စများ ခက်ခဲလာတော့မည်ဖြစ်ကြောင်း၊ အထူးသဖြင့်နေရေး အဓိကဖြစ်ကြောင်း၊ သို့အတွက် မိမိတို့၏သားသမီးများအား ၎င်းတို့၏ ပညာအရည်အချင်းအလိုက်၊ ကြိုးစား၊ ကျွမ်းကျင်မှုအလိုက်၊ သင့်တော်ဆီလျော်မှု အလိုက်၊ လက်ဆင့်ကမ်းအမွေဆက်ခံပိုင်ခွင့် ကျင့်ဝတ်ထုံးတမ်းများအလိုက်၊ မိမိတို့ လုပ်ကိုင်နေသော မိခင်ရုံးဌာနများတွင် နေ့စားသော်လည်းကောင်း၊ အမြဲတမ်းသော်လည်းကောင်း ဝန်ထမ်းတစ်နေရာရာလုပ်ခွင့်ပေးစေလိုကြောင်း၊ သို့မှသာ မိသားစု၏ အနာဂတ်စားဝတ်နေရေးမှာ အတိုင်းအတာတစ်ခုအထိ စိတ်အေးကြရမည်ဖြစ်ကြောင်း ဌာနဆိုင်ရာ ပင်စင်နီး သက်ကြီးအောက်ခြေ ဝန်ထမ်းတစ်ဦးက ၎င်း၏ ရင်တွင်းခံစားချက်များကို ပြောပြခဲ့သည်။

ဖျာပုံခရိုင်၊ ဖျာပုံမြို့တွင် ဆောက်လုပ်ရေး၊ ဆည်မြောင်း၊ စည်ပင်၊ စစ်တပ်နှင့် ရဲတပ်ဖွဲ့ စသည့်ဌာနနှင့် အဖွဲ့အစည်းများတွင် တာဝန်ထမ်းဆောင်သည့် ဝန်ထမ်းများ ဝန်ထမ်းအိမ်ရာဝန်းများဖြင့် နေထိုင်ရန် တာဝန်ထမ်းဆောင်ရသည့် အစဉ်အလာများရှိကြောင်း သိရသည်။

သပြေထွန်း

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ်တွင် သဘာဝမှိုများပေါက်အားကောင်း၍ ဒေသခံများ ဝင်ငွေရရှိ

ထီးလင်း၊ ဇွန် ၁၃

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ်တွင် သဘာဝမှိုများ ပေါက်အားကောင်း၍ မှိုရှာသူဒေသခံများ ဝင်ငွေရရှိနေကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး ထီးလင်းမြို့နယ်၏ ရာသီဥတုမှာ ပူအိုက်စွတ်စိုပြီး တောတောင်ရေမြေမှာ မြေနီကျောက်စရစ် အမျိုးအစားနှင့် သဲမြေများ၊ ရွှံ့စေးမြေများဖြစ်သောကြောင့် တောတောင်အတွင်း မိုးဦးရာသီတွင် သဘာဝအလျောက် မှိုမျိုးစုံ ပေါက်သည်။ မှိုဖြူ(ခေါ်) တောင်ပို့မှို၊ ငှက်စွေ့မှို၊ ကျင်းမှို၊ မှိုသတွတ်(ခေါ်) အင်ဥမှိုတို့မှာ လူကြိုက်များပြီး ဈေးကောင်းရသည်။

"အင်ဥမှိုကို ဓား၊ တူးရွင်းတို့နဲ့ ယက်ပြီးရှာရတယ်၊ မိုးရွာလိုက်၊ နေပူလိုက် ရာသီဥတုမျိုးမှာ အပေါက်များတယ်၊ အင်ဥမှိုတစ်ပြည်ကို ကျပ်လေးထောင်ရောင်းဈေးရှိတယ်"ဟု မှိုရှာဖွေရောင်းချသူ အမျိုးသမီးတစ်ဦးက ပြောသည်။

တောင်ပို့မှိုနှင့် ငှက်စွေ့မှိုတို့မှာ အရိပ်ကောင်းသည့် သစ်ကြီး၊ ဝါးကြီးတော နေရာများတွင် ပေါက်ရောက်သည်။ ကျင်းမှိုမှာ သစ်ယာ၊ အင်ကြင်း၊ အင်ပင်များ ပေါက်ရာ ဒေသတွင် ပေါက်ရောက်၍ အစုလိုက်ပေါက်ရောက်တတ်သဖြင့် ကျင်းမှိုဟုခေါ်ဆိုခြင်းဖြစ်သည်ဟု ဆိုသည်။ မှိုခြေတိုမှာ မွေးကြိုင်သောအနံ့ရှိ၍ မြေနီတော၊ လျှိုမြောင်၊ ချောက်ကမ်းပါးတို့တွင် ပေါက်ရောက်လေ့ရှိသည်။ အင်ဥမှိုမှာ တောမီးလောင်ပြီး တောရှိ အင်ဖက်၊ မြေဆွေးများရှိရာ နေရာများတွင် ပေါက်ရောက်လေ့ရှိကာ မိုးဦးကျရာသီတွင် ပေါက်ရောက်လေ့ရှိသဖြင့် ဇွန်လ ဒုတိယပတ်တွင် စတင်ပေါက်ရောက်ကြောင်း သိရသည်။

(၄၆၅)

ခန္တီးခရိုင်၊ ရွှေပြည်နှစ်ကျေးရွာ၊ မံစိမ်းချောင်းကူး ရွှေပြည်သာကြိုးတံတား ဖွင့်ပွဲ ကျင်းပ

မုံရွာ၊ ဇွန် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ် ရွှေတွင်းကျေးရွာအုပ်စု၊ ရွှေပြည်နှစ်ကျေးရွာ မံစိမ်းချောင်းကူး ရွှေပြည်သာကြိုးတံတားဖွင့်ပွဲကို ဇွန် ၁၀ ရက် နံနက် ၉ နာရီခွဲက အဆိုပါမှခ်ဦးရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါကြိုးတံတားမှာ ကိုယ်ထူကိုယ်ထ တည်ဆောက်ပြီး တံတားမှာ အရှည် ပေ ၅၀၀၊ အကျယ် ၁၅ ပေ၊ တာဝါအမြင့် ၅၀ ပေရှိပြီး ၊ ခံနိုင်ဝန်မှာ ခြောက်တန်ဖြစ်သည်။ စုစုပေါင်း ကုန်ကျငွေကျပ် ၃၆၅၀ သိန်းဖြစ်ကြောင်း သိရသည်။

တံတားဖွင့်ပွဲ အခမ်းအနားတွင် သစ်တော၊ သတ္တုတွင်းအင်ဝန်ကြီးက အ. မ. က ကျောင်းအတွက် အလှူငွေ ၅၀၀၀၀ ကျပ်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဆွေမှ ကျမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အား အလှူငွေ ၅၀၀၀၀ ကျပ်၊ ခန္တီးခရိုင် အုပ်ချုပ်ရေးမှူး ဦးတိုးလွင်မှ အ. မ. က ကျောင်းအတွက် အလှူငွေ ၅၀၀၀၀ ကျပ်နှင့် သတ္တုတွင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်က ကျောင်းအတွက် အလှူငွေ ၅၀၀၀၀ ကျပ်၊ စာရေးခုံ ၁၀ ခုံနှင့် ပင်ချယ်ဒေသဖွံ့ဖြိုးရေးအဖွဲ့တို့က ကျောင်းဆောင်သစ် ဆောက်လုပ်ရာတွင် မျက်နှာကြက်ဆေးသုပ်ရန်နှင့် ရေကန်များဆောက်လုပ်ရန်အတွက် အလှူငွေများပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူခဲ့ကြကြောင်းသိရသည်။

၎င်းတံတားဖွင့်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဆွေ၊ ခန္တီးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးလွင်၊ သတ္တုတွင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင်နှင့် ဒေသဖွံ့ဖြိုးရေးအဖွဲ့ ဦးကျော်မိုးတို့က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ကဗ္ဗည်းကျောက်စာတိုင်အား စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သစ်တောသတ္တုတွင်းအင်ဝန်ကြီး ဦးသန်းထိုက်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ ထို့နောက် ရွှေပြည်သူကြိုးတံတားအား တက်ရောက်လာကြသော ဧည့်သည်တော်ကြီးများက လှည့်လည်ကြည့်ရှုခဲ့ကြသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

နွားထိုးကြီးမြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းရန် လမ်းမြေသားညှိခြင်း လုပ်ငန်းများ ဆောင်ရွက်

နွားထိုးကြီး၊ ဇွန် ၁၃

နွားထိုးကြီးမြို့ ၊ အမှတ်(၂)ရပ်ကွက်တွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် လမ်းမြေသားများ မညီမညွတ်ဖြစ်နေသော မြေသားများအား ညှိခြင်းလုပ်ငန်းကို ဇွန် ၁၀ ရက်က ဆောင်ရွက်ခဲ့သည်။

ယင်းလမ်းမပေါ်၌ ယာဉ်အန္တရာယ်ကင်းစေရေး၊ လမ်းအားကျယ်ကျယ်ပြန့်ပြန့် သွားလာနိုင်ရေးတို့အတွက် လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ယခင်လမ်းမှာ ကျဉ်းမြောင်းသည့်အတွက် ကားများ အဝင်အထွက်ခက်ခဲပြီး ယခုမြေသားညှိခြင်း လုပ်ဆောင်ရခြင်းကြောင့် ကားအဝင်အထွက်မှာ ကျယ်ပြန့်ခြင်းကြောင့် ဈေးသွားဆိုင်ကယ်များနှင့် ကားများ ကျယ်ပြန့်စွာ သွားလာနိုင်မည်ဖြစ်သည်။

စည်ပင်သာယာရေးကော်မတီအဖွဲ့အနေဖြင့် ရပ်ကွက် ရေပေးဝေရေးလုပ်ငန်းများတွင် ယခင်ကနှစ်လက်မပိုက်ဖြင့်ပေးသော ရေတိုင်ကို သုံးလက်မပိုက်ဖြင့် ပြောင်းလဲတပ်ဆင်ပေးသောကြောင့် အမှတ်(၂)ရပ်ကွက်ရေတိုင်များမှ သောက်သုံးရေ အလုံအလောက်ရရှိတော့မည်ဟု စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်တစ်ဦးက ပြောသည်။

သန်းအောင်ဇော်(နွားထိုးကြီး)





အရှိန်လွန်မောင်းနှင်လာသော ကား ဆိုင်ကယ်ကို ဝင်တိုက်၍ တစ်ဦးသေ

မန္တလေး၊ ဇွန် ၁၃

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ် မြို့သစ်ရပ်ကွက် ၆၂ လမ်းအတွင်း ဇွန် ၉ ရက် ည ၁၀ နာရီခန့်က မြောက်မှတောင်သို့ ခန့်ညာလှိုင် ၂၀ နှစ် စိုက်/မွေးလုပ်ငန်းယာတော်ရပ်ကွက် ပြည်ကြီးတံခွန်မြို့နယ်နေသူ မောင်းနှင်သည့် Extra Cap ခဲရောင်ယာဉ်သည် ၎င်းရှေ့ရှိ မမာလာဝင်း(၃၈)နှစ်၊ မြို့သစ်(၄) ရပ်ကွက် ချမ်းမြသာစည်မြို့နယ်နေသူ စီးနင်း၍ သမီးမဖြိုးရတနာ ၁၂ နှစ်၊ နောက်မှထိုင်၍ လိုက်ပါလာသည့် ဂျာလင်းစူပါကတ် ဆိုင်ကယ်အား နောက်မှ အရှိန်လွန် တိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် မဖြိုးရတနာနှင့် ဆိုင်ကယ်မှာ ကားနှင့်ချိတ်ပါသွား၍ မမာလာဝင်းမှာ လမ်းဘေးသို့ လွင့်စင် ကျန်ရစ်နေခဲ့ပြီး ယာဉ်မှာ မောင်းနှင်ထွက်ပြေးသွားခဲ့ရာ သူနာပြုတက္ကသိုလ်ရှေ့အရောက် ၎င်းရှေ့ရှိ 1H/---Royal Sloon ခဲရောင်ယာဉ်၏ ရှေ့ ဝဲဘက်ဘေးအား ဝင်ရောက်တိုက်မိပြီး Extra Cap ယာဉ်မှာ ၆၂ လမ်း၊ ပိတောက်လမ်းနှင့် သဇင်လမ်းကြား တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိတိမ်းမှောက်၍ ယာဉ်ရှေ့ပိုင်းပျက်စီးခဲ့သည်။

ယာဉ်တိုက်မှုကြောင့် မဖြိုးရတနာ၏ ယာချိုစောင်းပေါက်ပြဲ၊ နှာခေါင်းသွေးထွက်၊ ယာခြေဖဝါးစုတ်ပြဲ ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံး၍ မမာလာဝင်း၏ ယာဒူးပွန်းပဲ့၊ ဝဲလက်နှင့် ခြေထောက်နာကျင်ဒဏ်ရာများ ရရှိ၍ မန္တလေးဆေးရုံကြီးသို့ တင်ပို့ကုသရ၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ ခန့်ညာလှိုင်အား အမှတ်(၁၁)နယ်မြေရဲစခန်းက ယာဉ်(ပ)၁၅/၂၀၁၄ပြစ်မှုပုဒ်မ ၃၀၄ က/၃၃၈ အရ အမှုဖွင့် ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

မောင်ပြည်သူ(မန္တလေး)

ယာဉ်ပေါ်၌ မေ့ကျန်ပစ္စည်းအား ရိုးသားစွာ ပြန်လည်အပ်နှံသည့် ယာဉ်အဖွဲ့အား ဂုဏ်ပြု

ရန်ကုန်၊ ဇွန် ၁၃

ဗန္ဓုလသယ်ယူပို့ဆောင်ရေး၊ ကုမ္ပဏီလီမိတက်၏ ရွှေမန်းသူ အဝေးပြေးခရီးသည်ပို့ဆောင်ရေး လုပ်ငန်းမှ ယာဉ်ပေါ်၌ မေ့ကျန်ပစ္စည်းအား ရိုးသားစွာပြန်လည်အပ်နှံသည့် ယာဉ်အဖွဲ့အား ဂုဏ်ပြုပွဲနှင့် ဆွေးနွေးပွဲအခမ်းအနားကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပါရမီလမ်းရှိ ရွှေမန်းသူ အဝေးပြေးခရီးသည်ပို့ဆောင်ရေး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။ ဆွေးနွေးပွဲတွင် ဦးဌေးဝင်း(ယာဉ်ကြီးကြပ်)က 'ခရီးသွားဝန်ဆောင်မှုနှင့် ခရီးသွားအာမခံလုပ်ငန်း' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးကျော်သူရ (ကွန်ပျူတာအငယ်တန်း) က "ဘယ်လိုဘယ်စခန်း နေပြည်တော်အမြန်လမ်း' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးကျော်တင့်(အငယ်တန်းစာရေး)က 'ကိုယ်စီတာဝန်များကို လေးစားလိုက်နာပါ' ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ရွှေမန်းသူ အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်း ၂၀၁၄ ဆွေးနွေးပွဲတွင် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်နေစဉ်။

ထို့နောက် ဝန်ထမ်းများ၏ ဆွေးနွေးမှုများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး ပါဝင်ဆွေးနွေးသူ သုံးဦးအားလည်းကောင်း၊ အမြတ်အများဆုံးရှာဖွေပေးနိုင်သည့် ယာဉ်အဖွဲ့သုံးဦးအားလည်းကောင်း၊ လမ်းရှာငွေအများဆုံးပေးသွင်းသည့် ယာဉ်ကြီးကြပ်သူ သုံးဦးအားလည်းကောင်း ယာဉ်ပေါ်ကျန် ရွှေ၊ ငွေနှင့် အဖိုးတန်ပစ္စည်းများအား ရိုးသားစွာပြန်လည်အပ်နှံသည့် ယာဉ်အဖွဲ့အားလည်းကောင်း၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော ဝန်ထမ်းမိသားစုမှ ကျောင်းသားကျောင်းသူများအားလည်းကောင်း ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများအား ပေးအပ်ခဲ့ကြောင်း သိရသည်။

ကိုတင်မောင်ဦး(အလုံ)

ခင်ဦးမြို့နယ်၌ မိုးစပါးချေးငွေထုတ်ချေး

ခင်ဦး၊ ဇွန် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၌ ဇွန် ၁၀ ရက်မှ စတင်၍ ၂၀၁၄ ခုနှစ် မိုးစပါးချေးငွေများကို လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးလျက်ရှိရာ ကျေးရွာအုပ်စု ၆၃ အုပ်စုအတွက် ချေးငွေကျပ် ၈၈၉၁၃ ဒသမ ၄ သိန်း ထုတ်ချေးရန် လျာထားကြောင်း သိရသည်။ အဆိုပါ ချေးငွေထုတ်ချေးရာတွင် မိုးသီးနှံနှင့် ဆောင်းသီးနှံ အစောဆုံး ချေးငွေပြေကြေသောကျေးရွာ အုပ်စုများကို ဦးစားပေး ထုတ်ချေးပေးမည်ဖြစ်ပြီး ယခုအချိန်ထိ ကျေးရွာအုပ်စု လေးအုပ်စု၊ အစုအဖွဲ့ ၉၃ ဖွဲ့၊ လူဦးရေ ၈၄၅ ဦး၊ စပါးဧက ၄၆၂၉ ဧကအတွက် ချေးငွေကျပ် ၄၆၂၉၀၀၀၀၀ ကို ထုတ်ချေးထားပြီဖြစ်ကြောင်း လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဒေါ်ယဉ်နွဲ့က ပြောသည်။

စိုးဝေအောင်

အခြေခံတိုင်းရင်းဆေးဝါးသင်တန်းပို့ချ

ပဲခူး၊ ဇွန် ၁၃

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ကြီးမှူးကျင်းပသော အခြေခံတိုင်းရင်းဆေးဝါးသင်တန်းကို ဇွန် ၁၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့ရာ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ကျေးရွာအုပ်စု ၂၉ အုပ်စုမှ မိခင်နှင့်ကလေးအသင်းဝင် ၅၀ တို့အား တိုင်းရင်းဆေးမှူး ဦးအုန်းကျော်နှင့် လက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်ငြိမ်းငြိမ်းစိုးတို့က သင်တန်းပို့ချခဲ့ကြသည်။

မြို့နယ်(ပြန်/ဆက်)

လယ်ယာမြေစီမံခန့်ခွဲမှု လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

မြင်းခြံ၊ ဇွန် ၁၃

မြင်းခြံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရပ်ကွက်/ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ်(၂/၂၀၁၄)ကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

သင်တန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်က လယ်ယာမြေအသုံးချမှုနှင့် ပတ်သက်၍ စနစ်တကျပိုမို ကျွမ်းကျင်စွာဆောင်ရွက်နိုင်စေရန် သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ လယ်ယာမြေကိစ္စများ ပေါ်ပေါက်လာပါက လယ်ယာမြေနည်းဥပဒေများကို အသုံးပြုပြီး မှန်မှန်ကန်ကန် ပြေလည်စွာ ဖြေရှင်းတတ်စေရန် စသည်တို့ကို ပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးထွန်းသိန်းအောင်၊ အတွင်းရေးမှူး ဦးဇော်ဇော်လင်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဝန်ထမ်းများ စုစုပေါင်း ၉၁ ဦးတက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ နှစ်ရက်ကြာမြင့်မည် ဖြစ်ကြောင်း သိရသည်။

ဇော်မင်းနိုင်(မြင်းခြံ)







မိုးသည်းထန်မှုကြောင့် ယာဉ်ကြောကြပ်

ရန်ကုန်၊ ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီးတွင် ဇွန် ၁၁ ရက် ညနေပိုင်းမှ စတင်၍ အဆက်မပြတ် မိုးရွာသွန်းခဲ့သောကြောင့် ဇွန် ၁၂ ရက်တွင် ရေလျှံမှုများနှင့် ယာဉ်ကြောကြပ်တည်းမှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့တွင်းရှိ နေရာအတော်များများတွင် ရေလျှံမှုများဖြစ်ပေါ်နေပြီး သမိုင်းလမ်းဆုံတွင် ပလက်ဖောင်းကိုကျော်ကာ ရေလျှံမှုများဖြစ်ပေါ်နေရာ ယာဉ်ကြီးယာဉ်ငယ်များ မောင်းနှင်၍မရဘဲ အချိန်ကြာမြင့်စွာ ယာဉ်ကြောပိတ်ဆို့ခဲ့သည်။

"ရန်ကင်းဘက်က ဆင်းလာတဲ့ရေတွေနဲ့ တောင်ဥက္ကလာဘက်က ဆင်းလာတဲ့ရေတွေနဲ့ပြည့်နေတော့ တချို့ကားတွေက သွားလို့မရတော့ဘူး။ ကျွန်တော်တို့တပ်ဖွဲ့ဝင် ကိုးယောက်နဲ့ ပါရမီလမ်းဆုံကနေ ရတနာလမ်းဆုံထိ ယာဉ်ကြောကို ရှင်းပေးနေတယ်။ ရေကတက်လာတော့ ကင်းတဲမှာရှိတဲ့ တပ်ဖွဲ့ဝင်တွေက တောင်ကုန်းပေါ်မှာ တက်နေရတယ်။ အခုတော့ ရေက နည်းနည်းပြန်ကျသွားပြီ"ဟု ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ရေကြီးရေလျှံမှုများကြောင့် အချို့ခရီးသည်တင်ယာဉ်များမှာ ရေလွတ်နိုင်မည့်လမ်းကြောင်းများ ရှာဖွေမောင်းနှင်ခဲ့ရကြောင်း သိရသည်။ ထို့ပြင် အငှားယာဉ် Taxi ယာဉ်ငယ်များအနေဖြင့် ရေလျှံနေသည့် မြို့နယ်များသို့ ငှားရမ်းပါက လိုက်လံပို့ဆောင်ပေးနိုင်ခြင်းမရှိဘဲ ရေလွတ်ရာမြို့နယ်များသို့သာ လိုက်ပါနိုင်ကြောင်း Taxi ယာဉ်မောင်းများထံမှ သိရသည်။

"ရေက မနက်ကတည်းက တက်နေတာ မိုးကလည်းမတိတ်နိုင်တော့ဘူး။ ရေလွတ်တဲ့နေရာကနေ ပတ်မောင်းနေရတာနဲ့တင် ဂတ်စ်ကကုန်တော့မယ်။ ဒါတောင် တချို့ခရီးသည်တွေက နားမလည်ဘူး။ လမ်းကြောင်းတိုင်းမမောင်းလို့ဆိုပြီး တိုင်မယ်ပဲပြောနေတယ်။ ဒီနေ့မနက်ကတော့ တော်တော်ကိုအဆင်မပြေဘူး'ဟု ၄၉ ယာဉ်လိုင်းမှ ယာဉ်နောက်လိုက်တစ်ဦးကပြောသည်။

ဇွန် ၁၁ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းတွင် မိုးရေချိန် ၂ ဒသမ ၃၂ လက်မ၊ မှော်ဘီ (စိုက်ပျိုးရေး) တွင် မိုးရေချိန် ၁ ဒသမ ၉၇ လက်မ ရွာသွန်းခဲ့ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေကြောင်း မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

တင်မောင်ဦး

အ.ထ.က တနင်္သာရီ၌ ကျောင်းသား၊ ကျောင်းသူဟောင်းများစုပေါင်း၍ ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

တနင်္သာရီ၊ ဇွန် ၁၃

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက တာဝန်ထမ်းဆောင်ခဲ့ဖူးသော ဆရာကြီး၊ ဆရာမကြီးများ အနန္တဂိုဏ်းဝင် ဆရာသမားတို့၏ ဂုဏ်ကျေးဇူးကို မမေ့မလျော့ဘဲ သိတတ်ကြစေရန်၊ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား တတ်အားသရွေ့ ထောက်ပံ့ကန်တော့ရန်နှင့် ကွဲကွာနေသည့် ဆရာကြီး၊ ဆရာမကြီးနှင့် ကျောင်းနေဖက်သူငယ်ချင်းများ ပြန်လည်ဆုံစည်းရင်းနှီးမှုရှိစေရန် ရည်ရွယ်လျက် တနင်္သာရီမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပထမအကြိမ် အာစရိယပူဇော်ပွဲကို လာမည့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

တနင်္သာရီမြို့ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားနေကြသော မျိုးဆက်သစ်များ၏ မြင်ကွင်း။

အ. ထ. က တနင်္သာရီတွင် တစ်နေ့တစ်မနက်ပဲဖြစ်ဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ကန်တော့ခံ အခမ်းအနားသို့ တက်ရောက်နိုင်ရန်အတွက် ဆက်သွယ်စေလိုကြောင်း ထို့အတူ အ. ထ. က တနင်္သာရီ အမိကျောင်းတော်ကြီး၌ ပညာနို့ရည်အတူတူ သောက်၍ ပညာဆည်းပူး သင်ကြားခဲ့ဖူးသည့် ကျောင်းသား/သူဟောင်းများကိုလည်း အတူတကွ ပါဝင်ဆင်နွှဲကြပါရန်၊ ဆုံစည်းရင်းနှီးမှုရှိစေရန်နှင့် တတ်အားသရွေ့ အလှူငွေများ၊ လုပ်အားဒါနများ ပါဝင်နိုင်ကြရန်အတွက် ဦးဟုတ်ရှိန် (အကျိုးတော်ဆောင်) ၀၉ ၂၅၀၂၄၇၇၆၆၊ ဦးထင်ပေါ် (အကျိုးတော်ဆောင်) ၀၉ ၄၉၈၇ ၈၆၁၁၊ ဦးရဲထွန်းလွင်(မြို့နယ်ဖွံ့ဖြိုးတိုး-ဥက္ကဋ္ဌ) ၀၉ ၄၂၂၂၁၁၇၆၁၊ ဦးဟိန်းဇော် (ကျောင်းသားဟောင်း) ၀၉ ၄၂၂၂၁၁၇၅၁၊ ဒေါ်စပယ် (မြို့နယ်ထွေ/ဦး) ၀၉ ၄၉၈၉၈၁၈၂၊ ဦးအောင်သိန်းဌေး (ကျောင်းသားဟောင်း) ၀၉ ၈၇၆ ၂၁၉၂၊ ဦးဖုန်းညွန့်နွယ် (ကော့သောင်းမြို့) ၀၉ ၂၅၀၆၁၉၂၀၃ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ထိန်ဝင်း(ပြန်/ဆက်)

ကြည့်မြင်တိုင်မြို့နယ် အလတ်ချောင်းရပ်ကွက်ရှိ ကိုယ်ထူကိုယ်ထဈေး စည်ကား

အလတ်ချောင်းရပ်ကွက်ရှိ ကိုယ်ထူကိုယ်ထဈေးတွင် ငါးပုစွန်များရောင်းချနေပုံ။

ရန်ကုန်၊ ဇွန် ၁၃

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အလတ်ချောင်းရပ်ကွက်တွင် ကိုယ်ထူကိုယ်ထဈေးရှိပြီး ၎င်းဈေးမှာ စည်ကားလျက်ရှိကြောင်း သိရသည်။

ထိုဈေးမှ အဝတ်အထည်၊ အသား၊ ငါး၊ အသီးအနှံမျိုးစုံရရှိကြောင်း၊ ထမင်းဆိုင်များ၊ လက်ဖက်ဆိုင်များနှင့် စည်ကားလျက်ရှိကြောင်း၊ အလတ်ချောင်း ကိုယ်ထူကိုယ်ထဈေးကို ရပ်ကွက်သူ၊ ရပ်ကွက်သားများ မှီခိုအားထားကြရကြောင်း၊ လူသုံးကုန်ပစ္စည်းများလည်း အစုံရရှိကြောင်း၊ ဈေးနှုန်းမှန်၍ နံနက်၊ နေ့လည်၊ ညနေခင်းအထိ အလတ်ချောင်း ကိုယ်ထူကိုယ်ထဈေးရောင်းသူ၊ ဝယ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါ အလတ်ချောင်းရပ်ကွက်သည် ကြည့်မြင်တိုင်မြို့နယ်တွင် ပါဝင်ပြီး ရန်ကုန်မြို့ ဗားကရာလမ်း၊ ဗားကရာရေဆိပ်၊ ဗားကရာလှေဆိပ်မှ ဆင်း၍ စက်လှေဖြင့် လှိုင်မြစ်တစ်ဖက်ကမ်းတွင်ရှိကြောင်း သိရသည်။

ခင်သန်းဦး(ဖန်ခါးမြေ)

ဇနီးအား ကိုယ်ထိလက်ရောက်စော်ကားသူအား ထိုးကြိတ်ခဲ့သူ အရေးယူခံရ

ရန်ကုန်၊ ဇွန် ၁၃

ဇွန် ၉ ရက် ညနေ ၄ နာရီခွဲက နန္ဒကျော်သည် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မင်္ဂလာဈေးတွင် အမျိုးသမီးတစ်ဦးအား မူးယစ်ပြီး ကိုယ်ထိလက်ရောက်စော်ကားရန်ပြုခဲ့ကြောင်း၊ ထိုသို့ရန်ပြုသည်ကို အမျိုးသမီး၏ ခင်ပွန်းဖြစ်သူက မကျေနပ်သဖြင့် နန္ဒကျော်အား ရင်ဘတ်ဆောင့်တွန်းကာ ထိုးကြိတ်ခဲ့သောကြောင့် နန္ဒကျော်တွင် နှာခေါင်းသွေးထွက်၊ အပေါ်နှုတ်ခမ်းဖူးရောင်၊ ဝဲဒူးပွန်းဒဏ်ရာ များရရှိသဖြင့် ရန်ကုန်ဆေးရုံကြီးတွင် ပြင်ပလူနာအဖြစ် ကုသကာ ည ၁၀ နာရီတွင် နေအိမ်သို့ပြန်လာခဲ့ကြောင်း သိရသည်။

နေအိမ်သို့ရောက်ရှိပြီး ပက်လက်ကုလားထိုင်ပေါ်တွင် အိပ်ပျော်နေ၍ လှုပ်နှိုးရာ မရသဖြင့် ဇွန် ၁၀ ရက် နံနက် ၃ နာရီတွင် ရန်ကုန်ဆေးရုံကြီးသို့ ထပ်မံတင်ပို့ခဲ့ကြောင်း ဆေးရုံအရောက်တွင် နန္ဒကျော်မှာ သေဆုံးနေသည်ကို သိရှိရသဖြင့် အရေးယူပေးရန် နန္ဒကျော်၏ အစ်မဖြစ်သူက တိုင်ကြားခဲ့သည်။

မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက (ပ)၃၆၉/၁၄ ပြစ်မှုပုဒ်-၃၀၂ အရ အမှုဖွင့်ကာ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်နေသူ အမျိုးသမီး၏ခင်ပွန်းကို အရေးယူထားကြောင်း သိရသည်။

(၃၁)

Ph : 01-5177224, 5014676

မြောင်မြို့နယ် ကျေးရွာတချို့မှ ဒေသခံများ ဧရာဝတီမြစ်ကို စက်လှေ(ကူးတို့)ဖြင့် ကူးရာတွင် အန္တရာယ်ရှိ

မိတ္ထီလာ၊ ဇွန် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင် မြောင်မြို့နယ်အတွင်းရှိ ညောင်ကားယား၊ ရွာပုလဲ၊ သရက်တော၊ ခေါင်းကွဲ၊ ဘူးကိုင်း စသည့် ကျေးရွာတချို့မှ ဒေသခံများသည် ဧရာဝတီမြစ်ကို စက်လှေ(ကူးတို့)ဖြင့်ကူးဖြတ်ကာ တစ်ဖက်ကမ်း ကျေးရွာများနှင့် မြင်းခြံမြို့သို့ နေ့စဉ်ကူးသန်းသွားလာနေကြောင်း သိရသည်။

"ညောင်ကားယားက ဧရာဝတီမြစ်ဘေးက ရွာဖြစ်ပြီး စက်လှေ(ကူးတို့)ဆိပ်ကမ်းရှိတဲ့ နေရာဖြစ်ပါတယ်။ ညောင်ကားယားနဲ့ အနီးတစ်ဝိုက်ကျေးရွာများဖြစ်တဲ့ ရွာပုလဲ၊ သရက်တော၊ ခေါင်းကွဲ၊ ဘူးကိုင်းအပြင် ကျေးရွာတော်တော်များများက ဒီဧရာဝတီဖြစ်ကို စက်လှေနဲ့ ဖြတ်သန်းပြီးတော့ တစ်ဖက် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ဘက်က ရန္တပို၊ တောပု၊ တလုပ်၊ အနိမ့် စတဲ့ ကျေးရွာတွေနဲ့ မြင်းခြံမြို့ပေါ်ကို လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စတွေဆောင်ရွက်ဖို့ နေ့စဉ်သွားလာနေကြတာပါ။ စက်လှေပေါ်မှာ လူ၊ နွား၊ ဆိုင်ကယ်အပြင် ကုန်စည်ဝန်စလယ်တွေ တင်ပါတယ်။ ဘေးအန္တရာယ်ကင်းအောင်တော့ လှေနဲ့ ဝန်နိုင်သမျှသာ တင်ဆောင်မောင်းနှင်ပါတယ်"ဟု ဒေသခံ စက်လှေ(ကူးတို့) လုပ်သားတစ်ဦးက ပြောသည်။

ညောင်ကားယား စက်လှေ(ကူးတို့)ဆိပ်ကမ်းမှ မြစ်ကူးရန် စက်လှေပေါ်သို့ ခရီးသည်များတက်နေစဉ်။

ညောင်ကားယား ကူးတို့ဆိပ်သည် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင်တည်ရှိပြီး အရှေ့ဘက်ကမ်း ရန္တပိုကူးတို့ဆိပ်သို့ လူတစ်ဦး အသွားအပြန် ကျပ် ၄၀၀၊ ဆိုင်ကယ်တစ်စီး လူနှစ်ဦး အသွားအပြန် ကျပ် ၁၀၀၀ စသည်ဖြင့် ကူးတို့ခ ပေးရပြီး ဧရာဝတီမြစ်အား ဖြတ်သန်း ပြေးဆွဲသည့် ကူးတို့(စက်လှေ)များပေါ်တွင် ခရီးသည်များအတွက် အရေးပေါ် အသက်ကယ်အင်္ကျီများ ဆောင်ထားခြင်းမရှိကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

သပိတ်ကျင်းတွင် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဟောပြောပွဲနှင့် သစ်ပင်စိုက်ပွဲတော်ကျင်းပ

သပိတ်ကျင်း၊ ဇွန် ၁၃

၂၀၁၄ ခုနှစ်၊ ဇွန် ၅ ရက်တွင်ကျရောက်သည့် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အဖြစ် ဇွန် ၅ ရက် နံနက် ၈ နာရီက မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့၊ ကမ္ဘာအေးမြို့ ကွက်သစ်တွင် ဟောပြောပွဲနှင့် သစ်ပင်စိုက်ပွဲတော် ကျင်းပခဲ့သည်။

"သဘာဝပတ်ဝန်းကျင် ပျက်စီးဆုံးရှုံးစေတာဟာ သစ်တောသစ်ပင်ကိုထိန်းသိမ်းမှုမရှိလို့ ရာသီဥတုတွေ ဆိုးရွားစွာဖြစ်ပေါ်နေတာပါ။သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအား အလေးထားဆောင်ရွက်ရာတွင် သစ်တောသစ်ပင်များ မိမိပတ်ဝန်းကျင်တွင် တစ်နှစ်ထက်တစ်နှစ် ရှင်သန်ကြီးထွား တိုးပွားအောင် စိုက်ပျိုးပြုစုပျိုးထောင်ခြင်း၊ ဓာတုပစ္စည်းနှင့် စွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်း၊ တောမီးရှို့ခြင်း၊ သစ်ပင်ခုတ်ခြင်းတို့အား လျှော့ချပြီး လူထုလုပ်ရှားမှုအသွင်ဖြင့် လှုပ်ရှားမှသာ ပတ်ဝန်းကျင်ကို ထိန်းသိမ်းရာရောက်မယ်"ဟု မြို့နယ်သစ်တောဦးစီးအရာရှိ ဦးခင်မောင်ဌေးကရှင်းပြသည်။

ဟောပြောပွဲ အပြီးတွင် တက်ရောက်လာသူများမှ ရတနာတန်းဝင်ကျွန်းပင် ၁၀၀၊ ပိတောက်ပင် ၁၀၀၊ အရိပ်ရမဲဇလီပင် ၁၅၀ ပင်၊ ရေတမာပင် ၁၅၀၊ ယူကလစ်ပင် ၁၁၀၊ စိန်ပန်းကြီးအပင် ၅၀၊ ပန်းအလှစက္ကူပန်းပင် ၅၀၊နွယ်သာကီပင် ၅၀ စုစုပေါင်း အပင် ၇၀၀ အား သပိတ်ကျင်းမြို့၊ မြို့ကွက်သစ်ရှိ ဌာနဆိုင်ရာရုံးများ၊ လမ်းဘေးဝဲယာများတွင် တပျော်တပါး စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁၀/တောင်ရပ်ကွက်၊ အမှတ်(၁၁၉၉/က)၊ ခိုင်ရွှေဝါလမ်းမကြီးနေ (ဦးတင်မောင်-ဒေါ်မြတင်)တို့၏သား၊ ဦးမြင့်သန်း-ဒေါ်နီနီတို့၏ သားသမက်၊ ဒေါ်အေးစန္ဒာမိုး၏ခင်ပွန်း၊ မသော်မော်မိုးဦး၏ဖခင်၊ ဦးဝင်းလှိုင်-ဒေါ်မြင့်မြင့်သန်း၊ ဦးပြုံးချို-ဒေါ်အေးစိန်၊ ဦးထွန်းလှ-ဒေါ်ကျင်မြိုင်၊ ဦးဇော်မျိုးဝင်း-ဒေါ်သန်းသန်းနိုင်တို့၏ ညီ/မောင်၊ ဦးစိုးမြင့်၏အစ်ကိုသည် ၁၃-၆-၂၀၁၄ရက် နံနက် ၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၆-၂၀၁၄ရက် မွန်းလွဲ ၁၂း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ရခိုင်ပြည်နယ်အတွက် အိမ်ရာများ ဆောက်လုပ်ပေးသွားရန် အစီအစဉ်ရှိ

ဒေသဖွံ့ဖြိုးတိုးတက်ရေးအပြင် ဒေသခံပြည်သူများ၏ ပညာရည်မြင့်မားတိုးတက်လာစေရေး အဓိကထားဆောင်ရွက်ပေးသွားမည်

နေပြည်တော် ဇွန် ၁၃

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်တို့သည် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက မိမိတို့အနေဖြင့်ဒေသခံပြည်သူလူထုနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ပြည်သူလူထု၏ လိုအပ်ချက်၊ လိုလားချက်များကို နားထောင်၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးနိုင်စေရန် လာရောက်ရခြင်းဖြစ်ပါကြောင်း၊ ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် မဖြစ်မနေ လိုအပ်သည့် လျှပ်စစ်မီးရရှိရေးကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ရာ များမကြာမီကာလတွင် ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ အလားတူ အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ပေါ်ထွန်းလာစေရန်အတွက်လည်း မိမိတို့အနေဖြင့် အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အတူ နယ်မြေဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ နေထိုင်ရေးကိစ္စများ အဆင်ပြေစေရန်အတွက်လည်း အိမ်ရာများဆောက်လုပ်ပေးသွားရန် အစီအစဉ်များ ရှိနေပါကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ပေါ်လာမှု၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအပြင် ဒေသခံပြည်သူများ၏ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်တို့ စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များမှ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲကျင်းပစဉ်။ (သတင်းစဉ်)

ယနေ့ **မာတိကာ**

သန့်စင်တဲ့သွေး လှူဒါန်းပေး မိခင်တို့အသက် ကယ်တင်ရေး

စာမျက်နှာ - ၁၁

မြန်မာ့ရုပ်မြင်သံကြားမှ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မည့် အစီအစဉ်

စာမျက်နှာ - ၁၃

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အထူးထုတ်ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အထူးထုတ်လေးမျက်နှာ ပါရှိပါသည်။

ဆာဖာရီဥယျာဉ်(နေပြည်တော်)တွင် မွေးမြူထားသော အာဖရိက ညှူးသမင်များက ညှူးသမင်သုံးကောင် ပေါက်ဖွား

နေပြည်တော် ဇွန် ၁၃

ကမ္ဘာပေါ်ရှိ လူသားအပါအဝင် သက်ရှိများသည် အချင်းချင်း မှီခိုရပ်တည်လျက် ရှင်သန်နေထိုင်လာခဲ့ကြသည်။ ထိုသို့ ဆက်စပ်နေထိုင်သော ဂေဟစနစ်ကောင်းမွန်စေရန် ဇီဝမျိုးစုံမျိုးကွဲများ တည်မြဲစေရန်လည်း လိုအပ်လှပါသည်။ ထို့ကြောင့် ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်၍ သဘာဝထိန်းသိမ်းရေးနယ်မြေများ တည်ထောင်ထားရှိလျက်ရှိပါသည်။ ပြည်သူလူထုအတွင်း ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်စေရေး အသိပညာများပွားများလာစေရန် ရည်ရွယ်၍လည်း တိရစ္ဆာန်ဥယျာဉ်များ တည်ထောင်ထားရှိကာ ဆောင်ရွက်လျက်ရှိသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် ပြည်သူလူထုအတွင်း ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်လိုစိတ် ပွားများလာစေရန်နှင့် အပန်းဖြေ စိတ်ကြည်နူးစေရန် ရည်ရွယ်၍ တိရစ္ဆာန်ဥယျာဉ်များနှင့် ဆာဖာရီဥယျာဉ်(နေပြည်တော်)တို့ကို တည်ထောင်ထားရှိလျက်ရှိပြီး ပြည်တွင်း၌ တွေ့ရှိရသော မျိုးစိတ်များသာမက ပြည်ပဒေသများတွင် နေထိုင်ကျက်စားသော မျိုးစိတ်များကိုပါ ပါဝင်ပြသထားလျက်ရှိသည်။

ဆာဖာရီဥယျာဉ် (နေပြည်တော်)တွင် ပြသထားသော အာဖရိက ညှူးသမင် ၁၁ ကောင်အနက် ဇွန် ၄ ရက်တွင် ညှူးသမင်မတစ်ကောင်က သားပေါက်ငယ် တစ်ကောင်ကိုလည်းကောင်း၊ ဇွန် ၆ ရက်တွင် ညှူးသမင် အမနှစ်ကောင်က သားပေါက်ငယ် တစ်ကောင်စီကို လည်းကောင်း ပေါက်ပွားခဲ့ရာ မိခင်နှင့်အတူ သားပေါက်ငယ်များပါ ကျန်းမာလျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

(ကြေးမုံ)

မိတ္ထီလာမြို့လူထုအတွက် ရေသန့်စင်စနစ်ဖြင့် ဇွန် ၁၅ ရက်တွင် ရေဖြန့်ဝေပေးမည်

မိတ္ထီလာ ဇွန် ၁၃

မိတ္ထီလာမြို့တွင် ရှေးမြန်မာမင်း ၁၇ ဆက်တို့ ဆယ်ဖို့ပြုပြင်ခဲ့သော သမိုင်းဝင်ကန်တော်ကြီးရှိသည်။ ထိုကန်တော်ကြီးမှာ တောင်ကန်နှင့် မြောက်ကန်ဟူ၍ ကန်နှစ်ကန်ပေါင်းစပ်နေသော ကန်တော်ကြီးဖြစ်သည်။ ထိုကန်တော်မှာ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေးနှင့် မြို့လူထုအတွက် သောက်သုံးရေဖြန့်ဝေနေသော ကန်တော်ကြီးဖြစ်သည်။

မိတ္ထီလာမြို့တွင် ရပ်ကွက်ကြီး ၁၄ ရပ်ကွက်ရှိသည်။ မိတ္ထီလာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်များရှိ မြို့လူထုအား ရေစက်ရုံခြောက်ရုံဖြင့် သောက်သုံးရေဖြန့်ဝေပေးနေသည်။ မိတ္ထီလာမြို့ပေါ်ရပ်ကွက်များသို့ ရေတိုင် ၄၈၀၀ကျော်ဖြင့် သောက်သုံးရေဖြန့်ဝေပေးနေသည်။ ရေမီတာခမှာ တစ်ယူနစ် (ဂါလန် ၂၂၀)အားကို ကျပ် ၁၅၀ နှုန်းဖြင့် မြို့ပေါ်ရပ်ကွက်များသို့ ရေဖြန့်ဝေပေးနေသည်။

မိတ္ထီလာကန်ရေ၏ အရည်အသွေးမှာ PH ၈ ဒသမ ၇၂ ဖြစ်ပြီး ကယ်လ်စီယမ်ကာဗွန်နိုက် ၅၈၂ မီလီဂရမ်လီတာရှိသည်။ သံဓာတ် သုည ဒသမ ၅၄ မီလီဂရမ်လီတာပါဝင်သည်။ EC ၉၆၆ မိုက်ခရိုပါဝင်ပြီး လုံးဝသောက်သုံးရန် မသင့်သောရေဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲများက မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိတ္ထီလာကန် ရေသန့်စေရန်အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ထောက်ပံ့ငွေ ၉၂၃ သန်း အကုန်အကျခံ၍ မြို့လူထုအား ရေသန့်စင်စနစ်ဖြင့် ဖြန့်ဝေပေးရန်စီစဉ်ခဲ့သည်။

မိတ္ထီလာမြို့လူထုအား ကျန်းမာရေးနှင့်ညီညွတ်သည့် ရေသန့်စနစ်ဖြင့် ဖြန့်ဝေပေးရန် ကုမ္ပဏီများသို့ တင်ဒါစနစ်ဖြင့်ခေါ်ယူခဲ့သဖြင့် ကုမ္ပဏီလေးခုက တင်ဒါဝင်ပြိုင်ကြရာ ရေသန့်ရှင်းမှုပညာရှင် ဒေါက်တာထွန်းသန်းထွန်း၏ (AUTHENTIC WATER AND WASTEWATER CO.,LTD.) ATT ကုမ္ပဏီက တင်ဒါလေလံရရှိသွားခဲ့သည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍

ရှာပုံ
ဝေါ်ဆန်းမွှေး
Ks-34000

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးစိန်လွင် (3 W Shop) (MD/ Thet Hnin Thin Zar Co.,Ltd) +ဒေါ်တင်တင်မြင့်(ခ) မီးမီး (New ပွင့်ဖူးပါတိတ်)တို့၏ သမီးကြီး မသဥ္ဇာလွင် ခုံအမှတ်-ဆဆရ-၄၀၉ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းသည် (၂၀၁၃-၁၄) ပညာသင်နှစ်တွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲကို (၆ဘာသာ)ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့်အတွက် မိသားစုနှင့်အတူ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဦးလေး ဦးသန်းဌေး+ဒေါ်မြမြခင်း
မိသားစု
(New ပွင့်ဖူးပါတိတ်)

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးစိန်လွင် (3 W Shop) (MD/ Thet Hnin Thin Zar Co.,Ltd) +ဒေါ်တင်တင်မြင့်(ခ) မီးမီး (New ပွင့်ဖူးပါတိတ်)တို့၏ သမီးကြီး မသဥ္ဇာလွင် ခုံအမှတ်-ဆဆရ-၄၀၉ ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းသည် (၂၀၁၃-၁၄) ပညာသင်နှစ်တွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲကို (၆ဘာသာ)ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့်အတွက် မိသားစုနှင့်အတူ အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဦးမြင့်ထွန်း+ဒေါ်မြင့်မြင့်အေး
ရွှေပုလဲရေသန့်ရေခဲနှင့်ရေခဲစက်၊
မန္တလေး

Summit International Learning Centre

Ph:01-538398, 0973150347, 0945006612
www.silceducation.com

1. International Standard Curriculum - Pre School

Myanmar/Chinese/Piano Class

Mon - Fri (8:30am - 3:00 pm)

2. Young Learners Course from the British Council (Weekend Classes)

British Council

3. Special Programme

TODDLERS
Age:1-2 yrs

Earlier?? | Mon - Fri 8:00 am - 3:00 pm | Later

အမည်ပြောင်း ဦးမြင့်ဦး-ဒေါ်မူမူဇော်၏သမီးများဖြစ်ကြသော မမီမီသက်နိုင်ဦး[၅/မရန(နိုင်)၂၄၅၉၇၉] ဒုတိယနှစ်(အင်္ဂလိပ်)အား မနေခြည်ငြိမ်းသန့်ဟုလည်းကောင်း၊ အထက(၁)၊ သတ္တမတန်း(B)မရွှေနဒီသက်နိုင်ဦးအား မနေခြည်ရွှန်းလဲ့ ဟုလည်းကောင်း ယနေ့မှစ၍ ပြောင်းလဲခေါ်ပါရန်။

Coca Suki Restaurant

ပခင်များနေ့ အထူးအစီအစဉ်အဖြစ်

One for One free

Reservation

Address :

STRONG SOURCE Construction Co., Ltd.

ဆောက်လုပ်ပြီးအသင့်နေ ကွန်ဒိုတိုက်ခန်းများ (BCC) ရရှိ)

- (25' x 80') (2000 Sqft)
- (၈)
- (၁)

ငွေပေးချေမှုစနစ်

(၆) (၂၄)

မြေကွက်ပိုင်ရှင်များ အကျိုးတူပူးပေါင်းဆောင်ရွက်လိုပါက ဆက်သွယ်နိုင်ပါသည်
ကွန်ဒိုမီနီယမ်ဆောက်လုပ်ရန် သင့်လျော်ကျယ်ဝန်းသော မြေကွက်များအား ဝယ်ယူလိုပါသည်

ဆက်သွယ်ရန်

ပြည့်ချစ်ခြင်းဇော် (a) MICHELLE
Secondary-1(B) ILBC

၁၄-၆-၂၀၁၄ ရက်တွင် ကျရောက်သော တစ်ဦးတည်းသောသမီးလေး **ချစ်ခြင်း**၏ (၁၃)နှစ်မြောက် မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ဖြင့် ဖေဖေ၊ မေမေ၊ မောင်မောင်လေးတို့နှင့်အတူ ပျော်ရွှင်ချမ်းမြေ့စွာ လျှောက်လှမ်းနိုင်ပါစေ။

ဖေဖေ - ဦးဇော်ဝင်းဦး(ဆရာဇော်)
မေမေ - ဒေါ်ဝင်းပပ
မောင်မောင်လေး- ရဲရင့်သတ္တိ(a) BRYAN
Primary-III (F)ILBC

ရွှေပါရမီသွေးလှူဒါန်းပွဲ

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိကနှင့် တပည့်ဒါယကာ၊ ဒါယိကာမများ၏ (၂၈)ကြိမ်မြောက် ဒါနဥပပါရမီ စုပေါင်းသွေးလှူဒါန်းပွဲကို ဇွန်လ ၂၂ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အမျိုးသားသွေးဌာန၌ နံနက်၈နာရီမှ မွန်းလွဲ ၂နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ မည်သူမဆို ဆရာတော်နှင့်အတူ လာရောက်လှူဒါန်းနိုင်ပါသည်။

သွေးလှူဒါန်းသူများ အဆင်ပြေစေရန် ၁၉-၆-၂၀၁၄ရက်မှစတင်၍ ဖုန်း ၀၁-၃၇၂၇၅၃သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

မွေးနေ့ဆုတောင်း

ချစ်ဇနီး **ဆုလေး**၏ ၁၄-၆-၂၀၁၄ရက်မွေးနေ့မှသည် နောင်နှစ်ပေါင်း တစ်ရာတိုင်အောင် မိသားစုနှင့်အတူ ဘဝခရီးလမ်းကို ကောင်းမွန်စွာ ဖြတ်သန်းနိုင်ပါစေလို့ မောင်ဆုတောင်းပေးပါတယ်။ ဤမွေးနေ့မှစ၍ **ဆုလေး** ဖြစ်ချင်တဲ့အရာတိုင်းကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ပြီး သာသနာအကျိုး၊ အများအကျိုး သယ်ပိုးနိုင်ပြီး ဆန္ဒနှင့်ဘဝ တစ်ထပ်တည်း ကျပါစေကြောင်း ဆုတောင်းပေးအပ်ပါသည်။

ချစ်ခင်ပွန်း
ဗိုလ်ကြီး ညီညီကျော်လတ်

တစ်ဦးတည်းသောချစ်သမီး သဒ္ဒါအိမ်စည်အတွက် ဂုဏ်ပြုဆုတောင်းလွှာ

အနန္တော၊ အနန္တငါးပါး၏ မေတ္တာတန်ခိုးစွမ်းအားနှင့် သမီး (၂)နှစ်အရွယ်မှစ၍ ၂၀၁၃-၁၄ တက္ကသိုလ်ဝင်စာမေးပွဲကို ENG/MATHS/ PHYS/BIO (၄)ဘာသာဂုဏ်ထူးဖြင့် ကောင်းထက်ကျော်ကိုယ်ပိုင် အထက်တန်းကျောင်းမှ အောင်မြင်ခဲ့သည့် ယခုအချိန်ထိ မေမေနှင့် သမီး နှစ်ယောက်တည်း လူ့ဘဝတွင်တွေ့ကြုံရသည့် အခက်အခဲမျိုးစုံကို ကြံ့ကြံ့ခံကာ အရိုးသားဆုံး ရင်ဆိုင်ကျော်ဖြတ်ခဲ့ပြီး နောင်ရှေ့ဆက်မည့်သမီးရဲ့ အနာဂတ်ဘဝခရီးကိုလည်း လမ်းမမှားဘဲ အမြင့်မြတ်ဆုံးတည်ဆောက်နိုင်သူဖြစ်ပါစေ။

ချစ်သောမေမေ အေးစန္ဒာမြင့်
အမှတ်(၅၆၅)၊ ရွှေနှင်းဆီလမ်းသွယ်(၇)၊
(၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ခုံအမှတ်- ဆကရ-၁၃၇၀ဖြင့် ထူးချွန်စွာ (၆ဘာသာဂုဏ်ထူး) (ဘာသာစုံ-ဂုဏ်ထူး)ဖြင့် အောင်မြင်ခဲ့သည့် ဦးကျော်စွာ (ဆောက်လုပ်ရေး) ဒေါ်ခင်ဥမ္မာကျော်တို့၏ သမီးကြီး မဖူးပွင့်သူအတွက် မိသားစုနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

အဘွား- ဒေါ်သောင်းရီ၊ ဒေါ်သိန်းသိန်း
ဦးတင်ကိုကို-မမူမူကျော် (စင်ကာပူ)
ဦးအောင်မိုး-ဒေါ်မျိုးမျိုးကျော် (စင်ကာပူ)
ဦးနိုင်ဝင်း-ဒေါ်စိုးစိုးကျော် (စင်ကာပူ)
မောင်ဖေသက်အောင်၊ မောင်ခန့်သူ

အထူးကျေးဇူးတင်လွှာ

၂၀၁၃/၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဦးထွန်းမြင့်ရီ (စစ်မှုထမ်းငြိမ်း)-ဒေါ်အေးအေးစိုး (အလက-၃)၊ မ/ဒဂုံ၏ သမီးဖြစ်သူ မအေးမဥ္ဇူသင်း၊ ခုံအမှတ် (ဆဒမ-၅၁၁)ဖြင့် ထူးချွန်စွာ ဘာသာစုံ ဂုဏ်ထူးများဖြင့် အောင်မြင်အောင် သင်ကြားပြသ လမ်းညွှန်ပေးခဲ့သော သူငယ်တန်းမှ အဌမတန်းအထိ အလက(၃) ဒဂုံမြို့သစ်မြောက်ပိုင်းမှ ကျောင်းအုပ်ဆရာမကြီး၊ ကျောင်းအုပ်ဆရာကြီးများနှင့် ဆရာ၊ ဆရာမများအားလည်းကောင်း၊ နဝမတန်းမှ ဒသမတန်းအထိ သင်ကြားပြသလမ်း ညွှန်ပေးခဲ့သော အထက (၃)၊ ဒဂုံမြို့သစ်မြောက်ပိုင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ/ဆရာမများအားလည်းကောင်း အထူးပင်ကျေးဇူးတင် ရှိပါကြောင်း။

ဦးထွန်းမြင့်ရီ-ဒေါ်အေးအေးစိုး
အလက(၃)၊ မြောက်ဒဂုံ

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃)၊ မြေကွက်အမှတ်(၄၀၃) အကျယ်အဝန်း(ပေ၈၀×ပေ၆၀)ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် မြေကွက် အမှတ်(၄၀၄) အကျယ်အဝန်း (ပေ၈၀×ပေ၆၀)ရှိ နှစ်(၆၀) ဂရန်မြေကွက်(၂) ကွက်နှင့် ယင်းမြေကွက်(၂)ကွက်နှင့် ပတ်သက် ဆက်နွယ် သည့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်သူ ဦးဝင်းနိုင်(ALN-005638) [၁၂/သဃက(နိုင်) ၁၆၀၆၅၆]နှင့် ဒေါ်အေးသန်း (ALN-059986) [၁၂/သဃက(နိုင်) ၁၃၆၅၉၉]တို့ ထံမှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးလှမြင့် [၅/မရန (နိုင်)၁၄၀၁၉၉]ထံမှကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ် တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မွန်မွန်ချို(LL.B) (စဥ်-၂၃၂၉၉)
အထက်တန်းရှေ့နေ
အမှတ်(၃၃၁)၊ ဗိုလ်အောင်ကျော်လမ်း၊ ပထမထပ်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နေ ဦးခင်မောင်လွင်-ဒေါ်ကျင်ကျင်အေးတို့၏သား ကျွန်တော် **မောင်စည်သူ**နှင့် ဦးမင်းဆွေ-ဒေါ်ညိုညိုမြင့်တို့၏သမီး ကျွန်မ **မရှင်းသူအောင်** တို့သည် ၆-၆-၂၀၁၄ရက်၌ အလုံမြို့နယ်တရားရုံး၏ ဒုတိယမြို့နယ်တရားသူကြီး ဦးအောင်ကိုထွေးရှေ့မှောက်တွင် တရားဝင်လက်မှတ်ရေးထိုး လက်ထပ်ပြီးစီးပါကြောင်း။

မောင်စည်သူ-မရှင်းသူအောင်

စက်ရုံ၊ ဂိုဒေါင် ငှားမည်

တောင်ဒဂုံ/စက်မှုဇုန် (၂)
ဖုန်း-၀၁-၅၇၈၈၂၆၊
၀၉-၃၀၃၃၇၉၄၄

ငှားမည်

ကမာရွတ်မြို့နယ်၊ အောင်မြေသာစည် လုံးချင်းအိမ်ရာအတွင်း ပေ ၇၀ ပတ်လည်ခြံအကျယ်တွင် ပေ(၃၀×၄၀) ၂ ထပ်တိုက် (3MBR, 5 A.C,Ph) ငှားမည်။

ဖုန်း-၀၉ ၇၃၂၂၀၆၃၅



အမည်ပြောင်း

အထက(၄) လှိုင်သာယာ ပဥ္စမတန်း (A)မှ အဖ ဦးတင့်ဆွေ၏ သမီး မစုစုထွေးအား ယနေ့မှစ၍ မနန်းကေခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မနန်းကေခိုင်

မြေကွက်ဝယ်လိုသည်

ဒဂုံမြို့သစ်
အရှေ့ပိုင်း၊ တောင်ပိုင်း
ဆိပ်ကမ်း

09 31589922
09 31268183

[illegible]

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၄ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၉

ဦးပြည့်ဖြိုးဇော် အမှတ်-၅၆အေ၊ ငွေလမင်းရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း၊ (၇)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။	နှင့်	ဒေါ်မြင့် အမှတ်(၁၆၆)၊ ပင်းယ(၁၀)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ (ယခုနေရပ်လိပ်စာမသိ)
တရားလို		**တရားပြိုင်**

အမှတ်(၁၆၆)၊ ပင်းယ(၁၀)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ ဒေါ်မြင့်(ယခုနေရပ်လိပ်စာမသိ)အား သိစေရမည်။

သင့်အပေါ်၌ ဦးပြည့်ဖြိုးဇော်က နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် ဆက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ်၊ ဇွန်လ ၁၆ရက်၊ (၁၃၇၆ခုနှစ်၊ နယုန်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ်၊ ဇွန်လ ၂ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်၏ လက်မှတ်ရေးထိုးပေးလိုက်သည်။

မြင့်ထွေး
မြို့နယ်တရားသူကြီး၊ တောင်ဥက္ကလာပမြို့နယ်တရားရုံး

OTS(81)

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်)
ဝါဆိုသင်္ကန်းကပ်လှူပွဲ

ဓနုဖြူမြို့နယ်အသင်း(ရန်ကုန်)၏ (၁၆)ကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ရန်ကုန်မြို့၊ အမှတ်-၄၆၈(အေ/စီ၃)အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်ရှိ အသင်းတိုက်တွင် ၂၉-၆-၂၀၁၄ (တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ကျင်းပပြုလုပ်မည် ဖြစ်ပါသည်။

သင်္ကန်းတစ်စုံလျှင်(၅၀၀၀ိ/-)ကျပ်ဖြင့် လှူဒါန်းလိုသောအသင်းသူ၊ အသင်းသားများသည် ဥက္ကဋ္ဌဦးကျော်ရီ ဖုန်း ၀၁-၅၄၁၈၂၃၊ ဒုတိယဥက္ကဋ္ဌဦးကျော်သူ ဖုန်း ၀၁-၂၂၃၆၃၃၊ ဒုတိယဥက္ကဋ္ဌဦးမြင့်ဆွေ ဖုန်း ၀၉-၇၃၁၈၉၉၄၆၊ ဒုတိယဥက္ကဋ္ဌဦးလှဝင်း ဖုန်း ၀၉-၄၃၀၃၀၈၈၃၊ အတွင်းရေးမှူးဦးမြင့်သိန်း ဖုန်း ၀၉-၅၁၀၆၇၆၄၊ တွဲဖက်အတွင်းရေးမှူးဦးစိုးဝင်း ဖုန်း ၀၉-၅၁၂၀၇၆၄တို့နှင့် နီးစပ်ရာ နယ်မြေအမှုဆောင်များထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၃)၊ မြေကွက်အမှတ်(၁၈၈/၂)၊ မြေကွက်တည်နေရာအမှတ်(၁၈၈/၂)၊ ယင်းမာလမ်း၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးငွေမောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးငွေမောင်၊ (ဇနီး) ဒေါ်အုန်းတင်၊ (သား) ဦးထွန်းထွန်းငြိမ်းတို့အသီးသီး ကွယ်လွန်သဖြင့် ဒေါ်အေးအေးနိုင်[၁၂/ဥကတ(နိုင်)၁၀၅၃၃၀]၊ ဦးသိန်းသန်း[၁၂/ဥကတ(နိုင်)၁၀၄၃၈၀]၊ ဦးတိုးတိုးနိုင်[၁၂/ဥကတ(နိုင်)၁၀၆၄၈၅]၊ ဒေါ်မိုးသူဇာဝင်း[၁၀/သထန(နိုင်)၀၆၁၄၃၅]တို့က သားသမီးနှင့် ချွေးမတို့ တော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဗုဒ္ဓံ ဓမ္မံ သံဃံ
“စေတနာ ဒံပေါက်” အော်ဒါလုပ်ငန်း

မြန်မာ့အရသာစစ်စစ်ကိုမှ စားချင်သူများ၊ အလှူဒါနပြုချင်သူများအတွက် မြန်မာကိုယ်တိုင်ချက်တဲ့ မြန်မာအကြိုက်အနံ့အရသာမပြင်း၊ မအီတဲ့ဒံပေါက်၊ ထောပတ်ထမင်း၊ မြန်မာထမင်းဟင်းများကို အထူးအော်ဒါလက်ခံဆောင်ရွက်ပေးပါသည်။ ကျန်းမာရေးနှင့်ညီညွတ်သော အကောင်းဆုံးအသန့်ဆုံးပစ္စည်းအမယ်များကိုသာ အသုံးပြုပြီး စိတ်စေတနာ ထက်သန်စွာဖြင့် ချက်ပြုတ်ဆောက်ရွက်ပေးပါမည်။ အကျိုးအမြတ်တစ်ခုတည်းအတွက် မဟုတ်ဘဲ ဝါသနာအရ လုပ်ကိုင်တဲ့အတွက်ကြောင့် အရသာကို တစ်ကြိမ်တစ်ခါမြည်းစမ်းကြည့်ဖို့ ဖိတ်ခေါ်အပ်ပါသည်။

(ပွဲ)၁၀၀နှင့်အထက်မှာယူပါက အိမ်တိုင်ရာရောက်ပို့ဆောင်ပေးပါသည်။

မှာယူလိုပါက

၀၉-၂၅၄၀၁၇၉၂၃၊ ၀၉-၄၉၂၂၃၆၉၉၊ ၀၁-၂၂၀၉၇၄၊ ၀၉-၅၀၃၄၅၈၁

ဖခင်အမည်မှန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ အမှတ်(၁) အထက်တန်းကျောင်း ဒသမတန်း(A)မှ မထက်ဇာဇာအောင်၏ဖခင်အမည်မှန်မှာ [၁၂/လသယ(နိုင်)၀၂၄၉၂၀] ကိုင်ဆောင်ထားသူ ဦးစိုးကြည်(ခ)ဦးကျင်သိန်းဖြစ်ပါသည်။

ဦးစိုးကြည်(ခ)ဦးကျင်သိန်း
[၁၂/လသယ(နိုင်)၀၂၄၉၂၀]

Aiming For Success
Myanmar Noble College
BTEC HND

- HND Engineering
  - Construction & the Built Environment (Civil)
  - Electrical & Electronics
  - Mechanical
- HND Business
- HND Computing & System Development (IT)

IGCSE (or) GCE'O' Level ... Foundation ... LCCI Level(3) ... Year 1 ...

Edexcel ... Syllabus ... External Verifier ... 1st Batch ... HND Certificate ...

Myanmar Noble College ... HND Certificate ... Bachelor Degree ... UK ... University of Portsmouth, University of the West of England (Bristol), Singapore ... PSB Academy, MDIS ... Shelton College ...

Myanmar Noble College
No.(106), Hninsi Street (Upper), Ahlone Township, Yangon, Myanmar. Ph-01-220476, 09-73163975
www.myanmarnoblecollege.com

ရန်ကုန်တက္ကသိုလ်(လှိုင်နယ်မြေ)၊ ဓာတုဗေဒအထူးပြု ၁၉၈၂-၈၃(ပထမနှစ်)၊ ၁၉၈၃-၈၄(ဒုတိယနှစ်) မြတ်ဆရာပူဇော်ပွဲ

၆-၇-၂၀၁၄ရက်(တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ပညာသင်ကြားပေးသော (major,minor)ချစ်ဆရာ၊ ဆရာမများနှင့် ချစ်သူငယ်ချင်းများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

Account No.0761220012032(ကမ္ဘောဇဘဏ်၊ ကြည့်မြင်တိုင်)

မအေးအေးစန်း(၀၉၇၃၁၄၄၂၀၁)၊ ကိုငွေမြင့် (၀၉၅၁၀၃၅၈၉)၊ မတင့်တင့်ဝေ(၀၉၇၃၁၅၈၇၆၃)၊ ကိုလှအောင်(၀၉၂၀၃၂၄၃၂)၊ ကိုနေလင်း(၀၉၅၀၀၉၃၅၃)၊ ကိုမျိုးထွဋ်ဝင်း(၀၉-၄၅၁၂၄၅၀၉၃)၊ ကိုသိန်းတန်(၀၉၄၉၂၃၉၇၄၈)၊ ကိုနိုင်စိုး(၀၉၄၂၀၁၄၀၆၇၇)၊ ကိုအေးမြင့်(၀၉၇၃၀၆၂၄၃၁)၊ မသန်းသန်းအေး(၀၉၇၃၁၁၈၀၃၀)

GLO Ice Cream & Greek Yoghurt

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး/မြောက်၊ မြေကွက်အမှတ်(၂၆၀/က)၊ မြေကွက်တည်နေရာအမှတ်(၂၆၀/က)၊ တပင်ရွှေထီးလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးမောင်ဝင်း(ISN-၃၁၇၅၅၃) အမည်ပေါက်နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဦးမောင်ဝင်း(ဖခင်)နှင့် ဒေါ်တင်ကြိုင်(မိခင်)တို့ ကွယ်လွန်သဖြင့် ဒေါ်မြစန်း [၁၂/သဃက(နိုင်)၁၀၁၄၀၆]က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၅၆၁၊ မြေကွက်တည်နေရာအမှတ်-၅၆၁၊ အလင်းရောင်(၁)လမ်း၊ ကြည်စုရပ်ကွက်၊ ဒေါပုံမြို့နယ်၊ [ဦးလှရွှေ ၁၂/ဒပန(နိုင်)၀၃၄၁၂၆] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးလှရွှေ(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်ခင်ကြည်[၁၂/ဒပန(နိုင်)၀၃၄၁၂၄]မှသေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည့်ပြီးလျှံသတင်းကို အလွယ်တကူ ဝယ်ယူရရှိနိုင်သော နေရာများ

စေတ်မီစက်သစ်ကြီးများဖြင့်ရိုက်နှိပ်ထားသောသတင်းများမှအပဆိုင်မှကျော်း/ကျောင်းမှဆိုင်သို့ပြန်သောသတင်းများမရှိပါ။

ဝမ်းမြောက်ဂုဏ်ယူခြင်း

ဒေါက်တာလှဟန် + ဒေါ်လွင်လွင်မာ B.A (Eng) တို့၏ သမီးဖြစ်သူ **မသင်းသင်းဟန်** သည်

၂၀၁၃ - ၂၀၁၄ ပညာသင်နှစ်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို

ခုံအမှတ် ဆစခ - ၁၉၅ (အထက (၂) စမ်းချောင်း) မှ ဘာသာစုံဂုဏ်ထူးဖြင့်

ထူးချွန်စွာ အောင်မြင်ကြောင်း သိရှိရသည့်အတွက် လိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

Be Po၊ ကိုနေဝင်း၊ Dr. ခင်မောင်သိန်း၊ Dr. နိုင်အောင်ဝင်း၊
Dr. နိုင်ထွန်းသွင်၊ Dr. မောင်မောင်ချို၊ Dr. ထင်အောင်

တေဇညီအစ်ကိုများဂေါက်သီးရိုက်ပြိုင်ပွဲဖိတ်ကြားခြင်း

တေဇညီအစ်ကိုများ၏ (၂၇)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် လာရောက်ယှဉ်ပြိုင်နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

နေရာ-တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)

ရက်စွဲ/အချိန်-၂၂-၆-၂၀၁၄ရက်(တနင်္ဂနွေနေ့)၆း၀၀နာရီ

(ဂေါက်သီးမကစားကြသော်လည်း တက်ရောက်ချီးမြှင့်နိုင်ရေး လေးစားစွာဖိတ်ကြားအပ်ပါသည်။)

ပြိုင်ပွဲကျင်းပရေးကော်မတီ

21 AD BILLBOARD ADVERTISING

☎ 01 377093 ☎ 373036၊ 09 73043672၊ 09 73200189

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၂၈၄)၊ မြေကွက်တည်နေရာအမှတ် ၂၈၄၊ သီရိ(၁)လမ်းတောင်၊ (၅)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးဘချို)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးဘချို(ဖခင်)နှင့် ဒေါ်သိန်းတင်(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးဟန်သိန်း[၁၂/သကတ(နိုင်)၀၁၄၂၆၃]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/တောင်)၊ မြေကွက်အမှတ်(၅၄၅/ခ)၊ မြေကွက်တည်နေရာအမှတ်(၅၄၅/ခ)၊ ကျောင်းလမ်း၊ (၄/တောင်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးမြင့်သိန်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးမြင့်သိန်း(ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသော ဇနီးဖြစ်သူဒေါ်မြသန်း[၁၄/ဖပန(နိုင်)၀၃၄၅၇၃]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၂၅၄၅၄/၁၃)ရသူ ဒေါ်ခင်သန်းစု [၁၂/ဗတထ(နိုင်)၀၁၅၁၂၂]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/တောင်)၊ မြေကွက်အမှတ်(၉၄၁/က)၊ မြေကွက်တည်နေရာအမှတ်(၉၄၁/က)၊ မာန်ပြေ(၄)လမ်းအနောက်၊ ၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ကြည်အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ကြည်(မိခင်)နှင့် ဦးသောင်းဖေ(ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ကျင်ကျင်မော် [၁၂/သကတ(နိုင်)၀၃၈၅၂၈]ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၅၈၅၄/၂၀၁၄)ရသူ ဦးကျော်စွာထက်[၁၂/သကတ(နိုင်)၁၂၅၆၂၇]မှသေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဆရာကိုယ်တိုင်သင်သည့် အိမ်ဖြစ်မြန်မာသင်တန်း
ကြည်စိုး

SMART
Korea EPS -TOPIK
EPS - TOPIK

ဒေါ်မာ

အမြန်ပြန်လာပါ

ဦးကြောင်နီ-ဒေါ်ခင်ဝ တို့၏သား မောင်ကျော်သူ [၉/ကပတ(နိုင်)၁၉၃၆၁၇] မိဘများစိတ်ပူ၍ အမြန်ဆုံးဆက်သွယ်ပါရန်။

Ph:09-259030183,
09-250166502,
09-33258882

ကျေးဇူးဆပ်ပါမည်

မှတ်ပုံတင်၊ ယာဉ်မောင်းလိုင်စင်နှင့် အရေးကြီးကတ်ပြားများပါသည့် ပိုက်ဆံအိတ်တစ်လုံးကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အမြန်ဆုံးဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ကိုကျော်လင်းနိုင်
[၁၂/ဥကတ(နိုင်)၁၂၇၅၅၀]
၀၉-၄၄၈၀၁၂၄၉၄၊ ၀၉-၅၁၂၆၈၁၃

မြေငှားပါမစ်မူရင်းများပြန်လည်အပ်နှံရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အဆင့်မြင့်အိမ်ရာစီမံကိန်းအရ ပြောင်းရွှေ့နေရာချထားသော အောက်ပါမြေငှား ပါမစ်မူရင်းများသည် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးလျက်ရှိပါသည်။ ကြေညာသည့်နေ့မှ(၁၅)ရက်အတွင်း ပါမစ်မူရင်းလက်ဝယ်ရှိသူများ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ လာရောက်အပ်နှံရန်နှင့် အပ်နှံခြင်းမရှိပါက ပါမစ်မူရင်းကိုပယ်ဖျက်ပြီး ပိုင်ရှင်များသို့ မိတ္တူအသစ် ထပ်မံထုတ်ပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စဉ်	ပိုင်ရှင်အမည်	မှတ်ပုံတင်အမှတ်	မြို့နယ်	မြေတိုင်းရပ်ကွက်	မြေကွက်အမှတ်
၁။	ဦးထွန်းအေး	ISN-၅၁၂၇၇၇	တောင်ဒဂုံ	၁၀၄	၇၁၃

ရပ်ကွက်အုပ်ချုပ်ရေးမှူး
အမှတ်(၅)ရပ်ကွက်၊ လှိုင်မြို့နယ်

ကံ့ကော်ရွှေပြည်

ပညာအောင်မြေရိပ်သာ

၈တန်း၊ ၉တန်း၊ ၁၀တန်း (ဇွန်လ) တွင် တန်းခွဲသစ် ဖွင့်လှစ်မည်

ဂုဏ်ယူဝမ်းမြောက်ခြင်း

(၂၀၁၃-၂၀၁၄)ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအား ဂုဏ်ထူးများဖြင့်လည်းကောင်း၊ ရိုးရိုးအောင်မြင်၍လည်းကောင်း၊ မိမိတို့၏ သား၊ သမီးများကို အောင်မြင်အောင် ပြုစုပျိုးထောင်ပေးကြသော တေဇ(၁၉)သက်ဆိုင်ရာမိသားစုဝင်များအားလုံးအား လှိုက်လှဲဝမ်းမြောက်စွာ ဂုဏ်ပြုအပ်ပါသည်။

တေဇ(၁၉)
မိသားစုဝင်များ

ဂုဏ်ယူဝမ်းမြောက်ခြင်း

Actor Star ဘောလုံးအသင်းမှ အမာခံအားကစားသမားဖြစ်သူ ဒါရိုက်တာဝင်းထွန်းထွန်းနှင့်ဇနီး မသစ်သစ်မြင့်ဆိုင်တို့၏ သမီးကြီး **မမမိုးစက်ပွင့်**(အ. ထ. က-၂-လသာ)သည် ၂၀၁၃-၂၀၁၄ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၅-ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ကြောင်း သိရှိရ၍ မိသားစုနှင့်ထပ်တူဂုဏ်ယူဝမ်းမြောက်ပါသည်။

သရုပ်ဆောင် မိုးယံဇွန်
(Actor Star)

သာဓုအနုမောဒနာခေါ် ဆိုနိုင်ပါကြောင်း

ကွယ်လွန်သူ ဒေါက်တာ ဒေါ်ခိုင်စိုးမြင့် (၃)နှစ်ပြည့်အား ရည်စူး၍ ဦးသန်းထိုက်၊ သား မောင်ကောင်းထိုက်ဦး-မခိုင်စုပိုင်၊ မောင်ရဲမာန် မိသားစုမှ ၁၄-၆-၂၀၁၄ရက် (စနေနေ့)တွင် ဇီဝိတဒါနသံဃာဆေးရုံကြီးရှိ သံဃာတော်များနှင့် သီလရှင်များအတွက် ဆွမ်းတစ်နေ့စာ ၃၀၀၀၀၀ိ/-အား လှူဒါန်းမှုအတွက် မိသားစုနှင့်ဆွေမျိုးမိတ်သင်္ဂဟများ သာဓုအနုမောဒနာခေါ် ဆိုနိုင်ပါကြောင်း။



အများသိစေရန်

ဦးမင်းတေဇညွန့်တင်[၁၂/ရကန(နိုင်)၀၅၂၆၃၅]ကိုင်ဆောင်သူနှင့် ဒေါ်ထားထားဇော်[၁၂/ရကန(နိုင်)၀၅၂၁၁၀]ကိုင်ဆောင်သူတို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီးနောက် ၂၁-၅-၂၀၁၄ရက်တွင် နှစ်ဦးသဘောတူ ပစ္စည်းခွဲဝေရေး၊ ပေးကမ်းစွန့်လွှတ်ခြင်းစာချုပ်အား အပြီးသတ်ချုပ်ဆိုပြီး မြန်မာ့ဓလေ့ထုံးတမ်းဥပဒေပါ ပြဋ္ဌာန်းချက်များအရ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းအား ပြီးမြောက်စေပြီ ဖြစ်ပါသည်။

ကျွန်တော်ဦးမင်းတေဇညွန့်တင် အနေဖြင့် ၂-၁-၂၀၁၄ရက်မှစ၍ မိမိကိုယ်ပိုင် အရင်းအနှီးဖြင့် MN Associates Intellectual Property Law Firm အား တည်ထောင်ထားပြီး ကျွန်တော်ဦးမင်းတေဇညွန့်တင်နှင့် ဒေါ်ထားထားဇော်တို့အကြား လူမှုရေး၊ စီးပွားရေးကိစ္စရပ်များ ပတ်သက်စပ်ဆိုင်ခြင်း မရှိတော့ကြောင်း အသိပေးကြေညာအပ်ပါသည်။

Min Tay Za Nyunt Tin
Managing Partner
MN Associates
Intellectual Property Law Firm

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ကျောက်မဲမြို့နေ ဦးမောင်တုန်း + ဒေါ်နန်းခင်မြသိန်း(အားမာန်ဟိန်းမိသားစု)တို့၏ သမီးဦး မကေသွယ်နိုင်၊ ခုံအမှတ်(မနတ-၇၇၆)သည် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၏ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် မြောက်ဘာသာဂုဏ်ထူး(ဘာသာစုံဂုဏ်ထူး)ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့်အတွက် အထူး ဂုဏ်ယူဝမ်းမြောက်မိပါသည်။

နောင်တွင်လည်း အောင်မြင်မှုများစွာဖြင့် ဘဝကို လျှောက်လှမ်းနိုင်ပြီး အမျိုး ဘာသာ သာသနာအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သူ ဖြစ်ပါစေ။

ဘိုးဘိုး ဦးထိုက်ကြွ + ဘွားဘွား ဒေါ်ရွှေရင်
ဦးဦး နှင့် ဒေါ်ဒေါ်များ

[illegible]

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ် (၅) ရပ်ကွက်၊ သိဂီ(၄)လမ်းတောင်၊ အမှတ်(၁၉၆) နေ နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၁၂/သကတ(နိုင်)၀၁၈၀၅၈]ကိုင်ဆောင်သော ဒေါ်တင်ကြည် (အဘဦးညွန့်)က အများသိစေရန် ကြေညာအပ်သည်မှာ-

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ လူနေရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၁၉၆)ဟုခေါ်တွင်သည့် အနံ (၂၀)ပေ၊ အလျား (၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ဆောက်ထားသော ရန်ကုနမြို့၊ သာကေတ မြို့နယ်၊ (၅) ရပ်ကွက်၊ သိဂီ(၄)လမ်းတောင်၊ အမှတ်(၁၉၆) ဟုခေါ်တွင်သော နေအိမ်တို့မှာ ဒေါ်တင်ကြည် အမည်ပေါက် ပိုင်ဆိုင်သော မြေနှင့်အိမ်ဖြစ်ပါသည်။

ဒေါ်တင်ကြည်သိရှိသဘောတူခြင်းမရှိဘဲ ဒေါ်တင်ကြည် အမည်ပေါက်နှင့် ပိုင်ဆိုင်သော မြေနှင့်အိမ်အား အခြားမည်သူမဆို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အာမခံထားခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲမှုလုံးဝမပြုလုပ်ရန်နှင့် အကယ်၍ ဆောင်ရွက်ခဲ့ပါက ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တင်ကြည်
[၁၂/သကတ(နိုင်)၀၁၈၀၅၈]

VICTORIA UNIVERSITY COLLEGE

HND

(1) Engineering (Civil/ Mechanical/ Electrical & Electronic Engineering)
(2) Business
(3) Hospital and Tourism Management
(4) Computing
(5) Health & Social Care

Victoria University College

Wolverhampton (UK)

DOZO

FASHION DESIGN TECHNICAL SCHOOL

FACE to FACE

EPS-TOPIK

မြေကွက်များ ဝယ်လိုသည်

(ဒဂုံတောင်နှင့် ဒဂုံဆိပ်ကမ်းမြို့နယ်)

ဖုန်း-၇၃၀၈၉၇၃၇၊ ၄၂၅၂၈၉၀၀၄၊
၄၉၃၃၉၃၅၄၊ ၄၂၅၂၈၉၀၀၃

ACCA, LCCI, MYOB, AutoCount

JUNE

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊(၂)ရပ်ကွက်၊ ကန်လေးစုလမ်း၊ အမှတ်(၃၅)အိမ်ခြံမြေ၏ ပိုင်ရှင်များဖြစ်သူ ဦးတိုးလှိုင်[၁၂/မရက(နိုင်)၀၂၀၃၂၄]၊ ဦးသန်းဝင်း[၁၂/မရက(နိုင်)၀၂၇၄၅၁]၊ ဦးမြင့်သိန်းအောင်[၁၄/ဇလန(နိုင်)၀၀၆၉၀]တို့ထံမှ ဒေါ်မြင့်မြင့်သန်း[၁၁/ ကဖန(နိုင်)၀၀၂၆၅၀]၊ ဦးအောင်ကိုဝင်း[၆/ကတန(နိုင်)၀၄၀၂၈၈]၊ ဦးဝင်းသူနိုင်[၆/ကတန(နိုင်)၀၆၄၁၄၀]တို့က ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ပြီးဖြစ်ရာ၊ အဆိုပါမြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်မာလာ(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)
တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။
ဖုန်း-၀၉-၅၁၈၁၈၂၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၈) ရပ်ကွက်၊ ဘောဂလမ်းသွယ်(၂)၊ အမှတ်(၉၄)၊ (၂)ခန်းတွဲ(၃½)တိုက်၏ (၄)ဒါဘာအောက်ထပ်၊ (ယာ) ပေ(၁၅×၅၀)ရှိ ရေ၊ မီးအစုံ (Air-Con) တစ်လုံး အပါအဝင် အကျိုးခံစားခွင့်များကို ပိုင်ရှင်ဖြစ်သူ ဦးဇော်ဝင်း[၁၂/သဃက(နိုင်)၀၀၃၀၈၄] ထံမှ ငွေအပြေအကျေပေးချေဝယ်ယူခဲ့ပြီး လက်ရောက်ရရှိခဲ့ပါသည်။

တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုကြပါလျှင် ဤကြော်ငြာစာပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ကြပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးအောင်(စဉ်-၆၉၁၄) B.A, R.L D.B.L (တရားလွှတ်တော်ရှေ့နေ)
အမှတ်-၁၆၀၊ ငုဝါလမ်း၊ ဌာနာရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၀၀၂၆၀၇

၃၁-၅-၂၀၁၄ရက် ကြေးမုံသတင်းစာပါ ဒေါ်သင်းသင်းကြူ၏ ညွှန်ကြားချက်အရ အထက်တန်းရှေ့နေ ဦးဝင်းငွေ၏ ပြန်လည်ကြေညာခြင်းအား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မှော်ဘီမြို့၊ အမှတ်(၂) ရပ်ကွက်၊ နတ်စင်လမ်း၊ အမှတ်(၇၃၈)နေ ဒေါ်လှကြည်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မှော်ဘီမြို့၊ တိုးချဲ့(၂)ရပ်ကွက်၊ မြေကွက်အမှတ် (V-1) ၊ ဧရိယာပေ(၄၀×၆၀) မြေကွက်မှာ ဒေါ်သင်းသင်းကြူ၏ ခင်ပွန်းဟောင်း ဦးထွန်းသိန်း အမည်ပေါက်၍ ၁၉၉၄ခုနှစ်က ဒေါ်သင်းသင်းကြူ နောက်အိမ်ထောင်ပြုသွားသည့်အတွက် ဦးထွန်းသိန်းနှင့် ကွဲခဲ့ကြစဉ်က ယောက္ခမဖြစ်သူ ဒေါ်လှကြည်အား ကျန်ရစ်သည့် (၄/၅/၈) နှစ်အရွယ် သားသမီး(၃)ဦး အရွယ်ရောက်လာပါက လွှဲပြောင်းပေးရန် မှော်ဘီမြို့နယ် စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ အထူးကိုယ်စားလှယ် လွှဲအပ်ရာတွင် ထိုအတိုင်း ဖော်ပြလွှဲအပ်ခဲ့ရာ ဒေါ်လှကြည်က အရွယ်မရောက်သေးသည့် မြေးများ၏ နောင်ရေးကို မျှော်တွေး၍ မိမိငွေကြေးနှင့် ပထမအိမ်တစ်လုံးအပြင် ငှားစားစေရန် ရည်ရွယ်၍ နောက်ထပ်အိမ်တစ်လုံး ဆောက်လုပ်ပြီး ကြည့်ရှုစောင့်ရှောက်စေခဲ့သည့်အတွက် ဥပဒေအရ ဒေါ်လှကြည်သည် စီမံခန့်ခွဲပိုင်ခွင့် အပြည့်ရှိပါသည်။

ဒေါ်သင်းသင်းကြူအား ဦးထွန်းသိန်းက ပေးအပ်ခြင်းမရှိပါ။ နေပြည်တော်၌ ဦးထွန်းသိန်း သက်ရှိထင်ရှားရှိနေပါ၍ မည်သူမဆို စုံစမ်းမေးမြန်းနိုင်ပါသည်။

အဆိုပါ မြေကွက်ကိစ္စနှင့်ပတ်သက်၍ ဒေါ်သင်းသင်းကြူက မိခင်ရင်း ဒေါ်လှကြည်အား ကိုယ်ထိလက်ရောက်စော်ကားခြင်း၊ ရိုင်းပျစွာ ဆဲရေးတိုင်းထွာခြင်းများကြောင့် ဒေါ်လှကြည်အနေနှင့် လုံးဝသည်းခံနိုင်မှု မရှိတော့သည့်အတွက် ယနေ့မှစ၍ သမီးအရင်းအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်သူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်လှကြည်	**မှော်ဘီ- ဦးမြင့်ဆွေ(LL.B, DBL, DIL)**
[၁၂/မဘန(နိုင်)၀၂၆၇၇၉]	**တရားလွှတ်တော်ရှေ့နေ၊ (စဉ်-၇၇၆၁)**
	ရုံး-၇၂၀/ခ၊ ရုံးပေါင်းစုံလမ်း၊ မြို့နယ်တရားရုံးရှေ့၊ မှော်ဘီမြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂-တိုးချဲ့)၊ မြေကွက်အမှတ်(၁၅၅)၊ ယခုအခေါ်အမှတ်(၁၅၅)၊ ချမ်းမြေ့သာယာ(၁)လမ်း၊ ပေ(၄၀×၆၀)၊ ဧရိယာ(၀. ၀၅၅) ဧကရှိ နှစ်(၆၀)မြေငှားဂရန် အမည်ပေါက် ဒေါ်ဆန်းဆွေလွင် [၁၂/လကန(နိုင်)၀၀၀၄၃၁]၊ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၃၂၅၉/၂၀၁၁)ရရှိထားသူ ဦးမြင့်ဆွေ [၉/မနမ(နိုင်)၀၂၇၄၁၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူမည်သူမဆို ခိုင်လုံသော အထောက်အထားဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ထိုနေ့ရက်ထက် ကျော်လွန်ပါက အပြီးအပိုင် အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်လွင်မာထွန်း(LL.B) အထက်တန်းရှေ့နေ (စဉ်-၄၁၁၈၅)
၂၇/ဘီ၊ ပ-ထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၅)ရပ်ကွက်၊ လှည်းတန်းလမ်း၊ အမှတ်-၇၂(၅)လွှာ ဟုခေါ်တွင်သော တိုက်ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်ပြုလုပ်ကြမည်ဖြစ်ပါ၍ မည်သူမဆိုကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်နေ ကျွန်ုပ်၏မိတ်ဆွေတစ်ဦး၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

၁။ ကျွန်ုပ်မိတ်ဆွေနှင့် ဦးကျော်မြင့်(ခ)လောချူဟွီး[၎င်း၏စာချုပ်စာတမ်းမှတ်ပုံတင် အထွေထွေကိုယ်စားလှယ်စာရသူ ဒေါ်မြတ်ဆုဟန်(ခ)မိုးမြင့်သူ]တို့၏ နှစ်ဖက်ညှိနှိုင်းချက်အရ အထက်ခေါင်းစီးပါတိုက်ခန်းနှင့် ယင်း၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်ပြုလုပ်ကြမည်ဖြစ်ပါသည်။

၂။ ဝယ်ယူမည့်သူ ကျွန်ုပ်မိတ်ဆွေက ရောင်းချမည့်သူ ဦးကျော်မြင့်(ခ)လောချူဟွီး၏စာချုပ်စာတမ်းမှတ်ပုံတင် အထွေထွေကိုယ်စားလှယ်စာရရှိသူထံမှ ထိုသို့အရောင်းအဝယ်ပြုလုပ်ရာတွင် တိကျသောရောင်းဝယ်ရန် သဘောတူညီမှုများကို ရရှိထားပြီးဖြစ်ပါသည်။

၃။ သို့သော် နှစ်ဖက်သံသယကင်းရှင်းစေရန်အလို့ငှာ ဖော်ပြပါတိုက်ခန်းအရောင်းအဝယ်ကိစ္စအပေါ် ကန့်ကွက်မည့်သူရှိ-မရှိ သိလိုသဖြင့် ဤအများသိစေရန် ကြော်ငြာစာကို ကြေညာရခြင်းဖြစ်ပေရာ ကန့်ကွက်လိုသူများသည် ဤကြော်ငြာစာပါရှိလာသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်ပိုင်ခွင့်ရှိသော စာရွက်စာတမ်း၊ အထောက်အထားများပြသလျက် ကန့်ကွက်သူကိုယ်တိုင် ကျွန်ုပ်ထံသို့ အချိန်မရွေးကြွရောက်ကန့်ကွက်နိုင်ပါကြောင်း လေးစားစွာဖြင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိုးမြင့် B.Sc(Geol).;H.G.P.;R.L; D.B.L.;D.M.L.;D.I.L.;
D.A.Psy.;WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၉၉)
ရုံး-အမှတ်-၇၇(ပထမထပ်)၊ ၃၈လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၉၅၈၂၄၊ ၀၉-၅၀၇၉၄၈၆၊ ၀၉-၄၉၇၄၄၃၃၂

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့တွင် အောက်ပါအဆောက်အအုံတည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်းမြန်မာနိုင်ငံသားပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က)	လက်ထောက်ညွှန်ကြားရေးမှူးနေအိမ် ပေ(၄၃. ၃၇×၁၂)	(၁)လုံး
(ခ)	ဦးစီးအရာရှိနေအိမ် ပေ(၄၀×၃၅×၁၂)	(၁)လုံး
(ဂ)	(၂)ခန်းတွဲဝန်ထမ်းနေအိမ် ပေ(၄၅×၃၀×၁၀)	(၃)လုံး
(ဃ)	(၆)ခန်းတွဲဝန်ထမ်းနေအိမ်(၂)ထပ် ပေ(၁၂၆×၃၅. ၆×၁၂)	(၁)လုံး

၂။ အဆိုပါလုပ်ငန်းများအတွက် ပြည်တွင်းနိုင်ငံသားကုမ္ပဏီလုပ်ငန်းရှင်များသည် အဆိုပြုလွှာများကို (၁၃-၆-၂၀၁၄)ရက်မှစတင်၍ ဝယ်ယူနိုင်ပြီး(၃-၇-၂၀၁၄)ရက် နောက်ဆုံးထား၍ ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျိုင်းတုံမြို့သို့ ရုံးချိန်အတွင်း ပေးပို့တင်သွင်းရန် ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်ခွင့်၊ ကုမ္ပဏီ Profile ကိုပါ တင်ကြရမည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါလိပ်စာနှင့်ဖုန်းနံပါတ်များကို ဆက်သွယ်စုံစမ်းနိုင်ပါသည်။

(က) ပြည်နယ်ဒုတိယအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ကျိုင်းတုံမြို့။
ဖုန်း-၀၈၄-၂၁၆၃၁(ရုံး)

(ခ) ဦးမျိုးတင့်၊ ဦးစီးအရာရှိ၊ ပြည်နယ် ဒုထွေ/အုပ်၊ ကျိုင်းတုံမြို့။
ဖုန်း-၀၉-၄၂၀၇၀၅၃၀၆

တင်ဒါရွေးချယ်ရေးဦးစီးကော်မတီ

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

ဖခင်အမည်မှန်

အထက(၄)လှိုင်သာယာ ဒသမတန်း(၅)မှ မောင်ဝေယံဖြိုး၏ ဖခင်အမည်မှန်မှာ ဦးတင့်ဆွေ [၁၂/သခန(နိုင်)၀၇၃၅၃၇] ဖြစ်ပါသည်။ **ဦးတင့်ဆွေ**

ဖခင်အမည်မှန်

မှော်ဘီမြို့နယ်၊ မင်းရွာကျေးရွာ၊ အထက (ခွဲ) တွဲဖက် ဒသမတန်း(B)မှ မောင်ကောင်းထက်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကိုကိုမောင်ဖြစ်ပါသည်။

ကျေးဇူးဆပ်

ကျွန်မ မအေးမြငြိမ်း [၁၂/သဃက(နိုင်)၁၆၁၉၄၆]ကိုင်ဆောင်သူ ပတ်စပို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉ ၄၂၁၀၉၃၂၂၈**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

22 Fuso (Mitsubishi)
လိုင်းကား 5B/--- သိန်း (၁၅၀)
ဝန်းကျင်
ဖုန်း-၀၉ ၂၅၀၃၁၂၀၄၂

အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ယခင်တိုးချောင်ကလေးကျေးရွာ၊ ကွင်းအမှတ်(၄၆၄)၊ တံတားချောင်း၊ ဦးပိုင်အမှတ်(NV) မြေ(၃) ကေသည် မူလက အခွန်ထမ်းပြေစာများဖြင့် ဦးစံမောင်+ ၁၈ မူလမြေပိုင်ရှင်များဖြစ်၍ ပြန်လည်ခွင့်ပြုပေးပါရန် လျှောက်ထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မည်သူတစ်ဦးတစ်ယောက်မှ ဤမြေကွက်အတွင်းသို့ "ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် သက်ဆိုင်ရာ မြေစာရင်းဌာနကဖြစ်စေ၊ တရားရုံးကဖြစ်စေ" ဆုံးဖြတ်ချက် တစ်စုံတစ်ရာ မချသေးမီ "မည်သည့်နည်းနှင့်မှ ကျူးကျော်ဝင်ရောက်လုပ်ဆောင်ခြင်းမပြုပါရန်" သတိပေး ကြေညာအပ်ပါသည်။ ဖောက်ဖျက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ကုန်ကျစရိတ်များကိုလည်း ချိုးဖောက်သူတို့ဘက်က ကျခံရမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်လက်လက်လင်း (စဉ်-၂၉၄၃၅)
ဦးအောင်ဉာဏ်မင်း (စဉ်-၂၉၈၉၁)
ဒေါ်အေးသဲခိုင် (စဉ်-၄၁၃၅၄)
(အထက်တန်းရှေ့နေများ)
"ဝင်းထက်"စီးပွားရေးနှင့် ဥပဒေလမ်းညွှန်လုပ်ငန်း
အမှတ်(၁၀၁)၊ ပထမထပ်၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်တော်ဦးထင်လင်း[၉/မရတ(နိုင်)၀၀၁၉၈၃]သည် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ မြေကွက်အမှတ်(၄၇၈) ခေမာသီရိလမ်း၊ ခြောက်လွှာဘီ အနံပေ(၁၃. ၅×အလျား ၅၀)အကျယ်ရှိ တိုက်ခန်းအား ဦးမောင်မောင်အေး[၈/တတက(နိုင်)၀၉၂၅၃၉]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများကို ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်၍စာချုပ်ပြုလုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးထင်လင်း ဖုန်း-၀၉-၂၀၀၁၈၅၅





[illegible]

YOHAN WASEDA JAPANESE Language School (Yangon)

[illegible]

TOKYO [illegible]

09-73033883

ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ ကပြူအထက၊ တက္ကသိုလ်ဝင်တန်းမှ မောင်ရဲဝင်းနိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်[၉/ကပတ (နိုင်)၀၇၄၇၂၈]ဖြစ်ပါသည်။

ဦးမျိုးသိန်းနိုင်

FIA, Dip IFR, ACCA

Accountancy Training Centre

ရွှေပြည်သာ ခြံရောင်းမည်

60' x 60' VIP

လမ်းမတန်းထောင့်ကွက်

သိန်း-1200

Ph:01-246086

“အိမ်ဝယ်မည်”

ပေ(၂၀×၆၀)သိန်း ၃၀၀ ခန့်

အင်းစိန်-မင်္ဂလာဒုံအတွင်း

ဖုန်း-၀၉-၈၆၃၃၂၅၇၊

ဆိုင်-၀၁-၆၄၄၀၄၈

01-8500355

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄/တောင်)၊ မြေကွက်အမှတ်(၈၈၉)၊ မြေကွက်တည်နေရာအမှတ်(၈၈၉)၊ အောင်သစ္စာ(၁)လမ်း၊ (၄/တောင်)ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးကျော်ရှင်း အမည်ပေါက် နှစ်(၆၀) ဂရန်မြေအား အမည်ပေါက် ဦးကျော်ရှင်း (ယောက္ခထီး) ဒေါ်ဆွေဆွေနွဲ့(ယောက္ခမ)နှင့် ဇနီးဖြစ်သူ ဒေါ်ခင်သီတာအေးတို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသော သမက်နှင့်ခင်ပွန်းတော်စပ်သူ ဦးဘထွန်း[၁/ဗမန(နိုင်)၀၀၆၃၆၁]မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၆/အနောက်၊ မြေကွက်အမှတ်-၂၃/က၊ မြေကွက်တည်နေရာအမှတ်-၂၃/က၊ မြင်တော်သာလမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ် (၁။ဦးထွန်းရီ၊ ၂။ ဒေါ်အုန်းကြွေ)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးထွန်းရီ(ခင်ပွန်း)ကွယ်လွန်သဖြင့် ဂရန်အမည်ပေါက် (ဇနီး)ဒေါ်အုန်းကြွေ[၁၂/သကတ(နိုင်)၁၀၂၀၆၇]မှ သေစာရင်း၊ ဂရန်၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၄)၊ မြေကွက်အမှတ်-၈၅၉/က၊ မြေကွက်တည်နေရာအမှတ်(၈၅၉/က)၊ ဇာဂလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်တင်ဥ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်တင်ဥ (ခင်ပွန်း)ဦးကျော်မြင့် ကွယ်လွန်သဖြင့် ဦးကျော်ညွန့်[၁၂/ဥကတ(နိုင်)၀၄၂၉၈၁]၊ ဒေါ်စန်းစန်းဦး[၉/ရမသ(နိုင်)၀၁၀၀၇၂]၊ ဦးညွန့်အောင်[၁၂/ဥကတ(နိုင်)၀၄၃၁၂၇]၊ ဦးကျော်တင့်[၁၂/ဥကတ(နိုင်)၀၄၃၅၀၉]တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြေကွက်ဝယ်လိုသည်

ရွှေပြည်သာစက်မှုဇုန်ရှိ

စေကွက်ဝယ်လိုသည်။

ဖုန်း-၀၉-၃၁၄၈၀၈၀၇

ဝယ်လိုသည်

ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ

မြေကွက်များ ဝယ်လိုသည်။

ဖုန်း-၀၉-၅၀၀၂၄၄၀

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၁၀၅)ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊ မြေကွက်အမှတ်(၁၂၈၃/က)၊ အလျားပေ(၆၀) × အနံပေ(၂၀) (ဦးအောင်ကိုဦး အမည်ပေါက်) အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးသက်[၁၄/မအန(နိုင်)၁၁၈၈၇၇]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးကတိစာချုပ်ကို ချုပ်ဆို၍ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ယင်းမြေကွက်နှင့်စပ်လျဉ်းပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ (မည်သူမဆို)ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ဤကြော်ငြာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ-**

ဦးတင်မြိုင်(စဉ်-၄၈၁၂) တရားလွှတ်တော်ရှေ့နေ

E-12၊ ၅၀၊ ဘဏ်လမ်း၊ ပ-ထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၄၉၃၁၀၄၂၃၊ ၀၉-၄၂၀၀၄၆၃၈၃